မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ ဝါဆိုလဆန်း ၃ ရက်၊ ၂၀၀၆ ခုနှစ်၊ ဇွန် ၂၇ ရက်၊ အင်္ဂါနေ့၊ အတွဲ (၄၅)၊ အမှတ် (၂၆၇)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မား ရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်း အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်လျက်ရှိ နိုင်ငံတကာအကူအညီ အထောက်အပံ့မရရှိခဲ့သော်လည်း ကိုယ့်အားကိုယ်ကိုးပြီး ကြိုးပမ်းဆောင်ရွက်နေ မူးယစ်ဆေးဝါးပပျောက်ရေး ပထမ(၅)နှစ်စီမံကိန်း ရည်မှန်းချက်များအတိုင်း အကောင်အထည်ဖော်နိုင် ဘိန်းစိုက်ပျိုးထုတ်လုပ်မှု ကျဆင်းရေး အောင်မြင်စွာဆောင်ရွက်ခဲ့ကြောင်း နိုင်ငံတကာသို့ ခိုင်ခိုင်မာမာပြသနိုင်ခဲ့

ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ အကြိမ် (၂၀)မြောက် မီးရှို့ဖျက်ဆီးသည့်အခမ်းအနားကျင်းပ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့က ကြီးမှူးကျင်းပသော ဖမ်းဆီးရမိမူးယစ်ဆေးဝါးများ အကြိမ် (၂၀)မြောက် မီးရှို့ဖျက်ဆီးသည့် အခမ်းအနားသို့ တက်ရောက်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ရန်ကုန် ဇွန် ၂၆

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ကို ဂုဏ်ပြုသော အားဖြင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့က ကြီးမှူးကျင်းပသော ဖမ်းဆီးရမိမူးယစ်ဆေးဝါးများ၊ အကြိမ် (၂၀) မြောက် မီးရှို့ဖျက်ဆီးသည့် အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ဟံသာဝတီလမ်းနှင့် ကျွန်းတောလမ်းထောင့်ရှိ မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက်ဝင်းအတွင်းရှိ မီးရှို့ဆောင်၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်ချီးမြှင့်သည်။

တက်ရောက်

အဆိုပါအခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးနှင့် အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့ **စာမျက်နှာ ၈ ကော်လံ ၁** ■

ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ အကြိမ်(၂၀) မြောက် မီးရှို့ဖျက်ဆီးစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း ဆောင်းပါးအညွှန်း

❒ နယ်ချဲ့ကို ဆန့်ကျင်တိုက်ခိုက်ပြီး မြန်မာ့လွတ်လပ်ရေး ပြန်ယူခဲ့သည့် မြန်မာလူငယ်ကျောင်းသားများ၏ သမိုင်းအစဉ်အလာကောင်းနှင့် ယနေ့ ဧဧ မျိုးဆက်ကျောင်းသားလူငယ်အမည်ခံပြီး တကယ့်အမှန်အားဖြင့် နယ်ချဲ့လက်ပါးစေ အမျိုးသားသစ္စာဖောက် ပြည်တွင်း ပုဆိန်ရိုးဘဝ ဆီနှင့်ရေကဲ့သို့ ကွာခြားလှပေသည်။

ရဲခေါင်ကျော်၏ ဧဧမျိုးဆက်ဆိုသူများ၏ သမိုင်းအမှန် ဆောင်းပါး (စာ ၁၀-၁၁)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

အယ်ဒီတာ အာဘော်

(၂၀၀၆ ခုနှစ်၊ ဇွန်လ ၂၇ ရက်)

ကျန်းမာရေးကဏ္ဍ တိုးတက်မြင့်မားရေး အာဆီယံနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မည်

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် ရှစ်ကြိမ်မြောက် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ကျန်းမာရေးဝန်ကြီးများ အစည်းအဝေးကို ဇွန်လ ၂၁ရက်နှင့် ၂၂ရက်တွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပခဲ့သည်။

ယင်းအစည်းအဝေး၌ အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် အရေးပေါ် ကျန်းမာရေးပြဿနာများနှင့် အသစ်ပေါ်ထွက်လာသော ရောဂါများကာကွယ်နှိမ်နင်းရာတွင် စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ကြရန်နှင့် အပြည်ပြည်ဆိုင်ရာ ကျန်းမာရေး စည်းမျဉ်းစည်းကမ်းများ၊ ကျန်းမာရေးစောင့်ရှောက်မှုများ ပူးတွဲဆောင်ရွက်ရန် လိုအပ်သည့် ကုန်သွယ်ရေး၊ လုံခြုံရေးဆိုင်ရာကိစ္စများ၊ သဘာဝဘေးအန္တရာယ်များ ကျရောက်ခဲ့သည့် အတွေ့အကြုံများနှင့် သင်ခန်းစာများ၊ အာဆီယံနိုင်ငံများ စည်းလုံးညီညွတ်စွာဆောင်ရွက်နိုင်ခဲ့မှုများကို အလေးထား ဆွေးနွေးခဲ့ကြသည်။

ဒုတိယအကြိမ် အာဆီယံ+၃နိုင်ငံများ ကျန်းမာရေးဝန်ကြီးများ အစည်းအဝေးတွင် HIV/AIDS အပါအဝင် ကူးစက်ရောဂါများ တားဆီးကာကွယ်ရေး လုပ်ငန်းများ၊ ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်များ အရည်အသွေးမြှင့်တင်ခြင်း လုပ်ငန်းများ၊ လူတန်းစားမရွေး ကျန်းမာရေးစောင့်ရှောက်မှု ခံယူနိုင်ရေး စီမံဆောင်ရွက်ရန် ကိစ္စများ၊ တိုင်းရင်းဆေးပညာ၊ ကျန်းမာရေးနှင့် အာဟာရမြှင့်တင်ရေးလုပ်ငန်းများကို ဆွေးနွေးခဲ့ကြသည်။

ပထမအကြိမ် အာဆီယံ+တရုတ်နိုင်ငံ ကျန်းမာရေးဝန်ကြီးများ အစည်းအဝေးတွင်လည်း အာဆီယံ+တရုတ်နိုင်ငံ ပြည်သူ့ကျန်းမာရေး ရန်ပုံငွေထူထောင်ရေး၊ အာဆီယံ+၃နိုင်ငံ EID အစီအစဉ်၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပူးပေါင်းပါဝင်ရေး၊ အာဆီယံနိုင်ငံများအနေဖြင့် အပြည်ပြည်ဆိုင်ရာ ကျန်းမာရေးလုပ်ငန်းများ၌ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ တိုင်းရင်းဆေးပညာနှင့် ပတ်သက်သည့် အတွေ့အကြုံများ ဖလှယ်ကြရေးတို့ကို ဆွေးနွေးဆုံးဖြတ်ခဲ့ကြသည်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ခုခံအားကျဆင်းမှုရောဂါ၊ ငှက်ဖျားရောဂါနှင့် တီဘီရောဂါစသည့် ရောဂါကြီးသုံးမျိုး တားဆီးကာကွယ် တိုက်ဖျက်နိုင်ရေးအတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများ၊ နီးနွယ်ဆက်စပ်နေသော ဝန်ကြီးဌာနများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

နိုင်ငံသူ၊ နိုင်ငံသားများအပေါ် ကျရောက်လာမည့် ကျန်းမာရေးပြဿနာများ၊ အသစ်ပေါ်ထွက်လာသော ရောဂါများနှင့် ကူးစက်ရောဂါများ တားဆီးကာကွယ်ရေးတွင် မြန်မာနိုင်ငံက တက်ကြွစွာ ကြိုးပမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၏ ကျန်းမာရေးကဏ္ဍ တိုးတက်မြင့်မားရေး ကြိုးပမ်းမှုများတွင် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရတနာပုံအနုပညာခန်းမဖွင့်ပွဲ အထိမ်းအမှတ် ဂန္ထဝင်နှင့်လက်ရာမွန်ပန်းချီပြပွဲ ဖွင့်ပွဲကျင်းပ

ရန်ကုန် ဇွန် ၂၆

မန္တလေးအသင်း(ရန်ကုန်) ရတနာပုံအနုပညာခန်းမဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် ဂန္ထဝင်နှင့်လက်ရာမွန်အမည်ရှိ ပန်းချီပြပွဲ ဖွင့်ပွဲအခမ်းအနားကို ဇွန် ၂၅ ရက် နံနက် ၉နာရီခွဲက ပန်းဘဲတန်းမြို့နယ် ကုန်သည်လမ်းနှင့်လမ်း ၃၀ ထောင့် အမှတ် (၆၂၈/၆၃၂)ပထမထပ်ရှိ မန္တလေးအသင်း၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ မင်္ဂလာအချိန် နံနက် ၉ နာရီခွဲတွင် အမှတ်(၄)စစ်ဒေသမှူး ဒုတိယဗိုလ်မှူးကြီး ခင်မောင်ထွန်း၊ မန္တလေးအသင်း ဂုဏ်ထူးဆောင်နာယက ဦးကျော်ညွန့်၊ အသင်းဥက္ကဋ္ဌ ဦးမြသောင်းတို့က ဖဲကြိုးဖြတ်၍ ရတနာပုံအနုပညာခန်းမကို ဖွင့်လှစ်ပေးခဲ့သည်။ **(အပေါ်ပုံ)**

လှည့်လည်ကြည့်ရှု

ထို့နောက် ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ခင်းကျင်းပြသထားသည့်ဂန္ထဝင်နှင့် လက်ရာမွန်ပန်းချီပြပွဲကို ဧည့်သည်တော်များက လှည့်လည်ကြည့်ရှုကြသည်။

ပန်းချီကားဝယ်ယူ

ဂန္ထဝင်နှင့် လက်ရာမွန်ပန်းချီပြပွဲကို ၂၀၀၆ ခုနှစ် ဇွန် ၂၅ ရက်မှ ဇူလိုင် ၈ရက်ထိ နေစဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီထိ ပြသမည်ဖြစ်ပြီး စိတ်ပါဝင်စားသူများ မည်သူမဆိုအခမဲ့လာရောက်ကြည့်ရှုနိုင်သည်။ ပြပွဲတွင် ဂန္ထဝင်မြောက်ပန်းချီကား ၂၉ ကားအပါအဝင် ပန်းချီကား ၂၆၄ ကားတို့ကို ပြသထားပြီး ပြပွဲဖွင့်ပွဲပထမနေ့တွင် ပန်းချီကား ခုနစ်ကားကို ပြပွဲလာအနုပညာ မြတ်နိုးသူများက ဝယ်ယူကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၂၇-၆-၂၀၀၆ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ လက်စွမ်းပြပဟန်ဂီတသံ
၄:၁၅ ၄။ အလွမ်းတေးပန်းချီချစ်သူဆီ
၄:၃၅ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၅၅ ၆။ မျိုးချစ်တပ်မတော်
၅:၂၅ ၇။ ပညာခေတ်
၅:၄၀ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၀။ နိုင်ငံတကာသတင်း
၆:၂၀ ၁၁။ မိုးလေဝသသတင်း
၆:၃၀ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀ ၁၃။ လျှပ်တစ်ပြက်
၇:၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မေတ္တာသည်သာ"** (အပိုင်း-၂၉)
၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၇။ ကျန်းမာသုတ
၁၈။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၁၉။ FIFA WORLD CUP GERMANY 2006 ဘောလုံးပွဲ Brazil Vs Ghana (Live)

၂၈-၆-၂၀၀၆ (နံနက်ပိုင်း)

၀၁:၃၀ ၁။ FIFA WORLD CUP GERMANY 2006 ဘောလုံးပွဲ Spain Vs France (Live)

ဗဟန်း မဟာဝိသုဒ္ဓါရုံရွှေကျောင်းတိုက်သစ် ဝါဆိုသင်္ကန်းကပ်လှူပွဲကျင်းပ

ရန်ကုန် ဇွန် ၂၆

တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက ယောဆရာတော် စီမံအုပ်ချုပ်တော်မူလျက်ရှိသော ဗဟန်း မဟာဝိသုဒ္ဓါရုံရွှေကျောင်းတိုက်သစ်၌ ဝါဆိုဝါကပ်တော်မူကြမည့် စာချ၊ စာသင်သံဃာတော် ၁၉၀နှင့် ပင့်သံဃာဆရာတော်များအား (၃၈) ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် ပထမပြန်စာမေးပွဲ၌ ရန်ကုန်တိုင်းအထူးအောင် အရှင်ဇဝနာလင်္ကာရ၊ အရှင်အာလောကာလင်္ကာရ၊ ရှင်ပညာဝံသ၊ ရှင်ရေဝတ၊ သာမဏေကျော်ဘွဲ့ရ ရှင်သုခိန္ဒြိယာလင်္ကာရ၊ ရှင်ဇာဂရာလင်္ကာရ၊ ရှင်တေဇောဘာသာလင်္ကာရတို့နှင့် ကျောင်းတိုက် ပရိယတ္တိသဒ္ဓမ္မဟိတစာမေးပွဲအောင် စာအောင်သံဃာတော်များ ချီးကျူးပူဇော်ပွဲကို အဆိုပါကျောင်းတိုက်၌ ဝါဆိုလပြည့်နေ့(ဇူလိုင် ၉ရက်)တနင်္ဂနွေနေ့ နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

အမှတ်(၂၇) ၁၈ လမ်း လသာမြို့နယ်နေ ဒေါ်မြရှိန်နှင့် သားသမီးတစ်စုက ဒေါ်မြရှိန်၏ (၈၄)နှစ်ပြည့်မွေးနေ့အလှူအဖြစ် ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ ဆေးပဒေသာပင် ကျပ်နှစ်သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့အတွင်းရေးမှူး ဦးမောင်မောင်လက်ခံယူစဉ်။

(က-ပ)

ရွှေပြည်ဟိန်း ကုသိုလ်ဖြစ်ဆေးခန်းအတွက် ငွေလှူဒါန်း

ရန်ကုန် ဇွန် ၂၆

ရန်ကင်း ပြည်သာယာ(တာမွေလေး၊ သံလမ်းအနီး) ရွှေပြည်ဟိန်းကျောင်း၌ ဖွင့်လှစ်ထားသောကုသိုလ်ဖြစ် ဆေးခန်းတိုးချဲ့ဆောင်နှင့် ဆေးအတွက် အလုံမြို့နယ် ဗဟိုလမ်း ဦးအေးမူ-ဒေါ်သင်းသင်း (ဒုတိယစာရင်းစစ်ချုပ်)၊ သားကိုဖြိုးဝင်းသန့်၊ သမီးဒေါက်တာ ချောရူပါအေးမိသားစုက ငွေကျပ်တစ်သိန်းနှစ်သောင်း၊ ဗဟန်းမြို့နယ် ဆရာစံလမ်း မိခင်ကြီး ဒေါက်တာဒေါ်စောလှိုင်အားရည်စူး၍ (ပန်းပြည့်စုံပုံနှိပ်တိုက်)မိသားစုက ငွေကျပ်ငါးသောင်း၊ တာမွေမြို့နယ် ရွှေညောင်ပင် အထူးကုဆေးခန်း ဦးစိန်ဝင်း-ဒေါ်မြင့်မြင့်သန်း မိသားစုက ငွေကျပ်ငါးသောင်းကို လှူဒါန်းကြသည်။ တိုးချဲ့ဆောင်နှင့်ဆေးအတွက် ရွှေပြည်ဟိန်းကျောင်း ဖုန်း-၅၄၁၄၉၃သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းနှင့် ဇနီးတို့ ထိုင်းနိုင်ငံ ထိုင်းဘုရင့်ရေတပ်ဦးစီးချုပ် Commander in Chief Royal Thai Navy Admiral Satirapan Keyanon နှင့် ဇနီးတို့အား ဧရာဝတီရေတပ်စခန်းဌာနချုပ် ဧည့်ရိပ်သာမြက်ခင်းပြင်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံစဉ်။ (သတင်းစဉ်)

❐ *ကျောဖုံးမှ*

ထိုင်းနိုင်ငံ ထိုင်းဘုရင့်ရေတပ် ဦးစီးချုပ်တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူရန် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ ဂုဏ်ပြုခံ ခန်းမဆောင်အလေးပြုခံစင်မြင့်သို့ သွားရောက်ကြပြီး ဂုဏ်ပြုတပ်ဖွဲ့၏အလေးပြုခြင်းကို ခံယူကြသည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းနှင့် ဧည့်သည်တော် ထိုင်းဘုရင့်ရေတပ်ဦးစီးချုပ်တို့သည် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြသည်။ တော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Suphot Dhirakasalနှင့် စစ်သံမှူး Colonel, Prissapa Suvanatatတို့တက်ရောက်ကြသည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်(ရေ)ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းနှင့် ထိုင်းနိုင်ငံ ထိုင်းဘုရင့်ရေတပ်ဦးစီးချုပ်တို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး စုပေါင်း၍မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ ဦးစီးချုပ်ရုံး(ရေ)မှ ဗိုလ်ချုပ်ဥက္ကဋ္ဌ်ထွန်းနှင့် တပ်မတော်(ရေ)မှ အရာရှိကြီးများက ကြိုဆိုကြသည်။

ရှင်းလင်းပြောကြား

ထို့နောက် ရေတပ်လေ့ကျင့်ရေးဌာနချုပ် သီရိမဟာဇေယျကျော်ထင်ခန်းမ၌ ဗိုလ်ချုပ်ဥက္ကဋ္ဌ်ထွန်းက နှုတ်ခွန်းဆက်စကား ပြောကြားပြီး ရေတပ်လေ့ကျင့်ရေးဌာနချုပ်၏ သမိုင်းကြောင်းနှင့် သင်ကြားမှုဆိုင်ရာများကို ဗီဒီယိုဆလိုက်ဖြင့် ရှင်းလင်းပြောကြားသည်။

ထိုင်းနိုင်ငံ ထိုင်းဘုရင့်ရေတပ်ဦးစီးချုပ် Commander in Chief Royal Thai Navy Admiral Satirapan Keyanon ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ ရေတပ်လေ့ကျင့်ရေးဌာနချုပ်၌ ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

ယင်းနောက် ဧည့်သည်တော်ထိုင်းဘုရင့် ရေတပ်ဦးစီးချုပ်နှင့်ဇနီးနှင့် အဖွဲ့ဝင်များသည် တပ်မတော်ဧည့်ဂေဟာသို့ မော်တော်ယာဉ်များဖြင့် ထွက်ခွာကြသည်။

လက်ခံတွေ့ဆုံ

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်(ရေ)ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းသည် နံနက်၁၀နာရီ၄၅မိနစ်တွင်ထိုင်းနိုင်ငံ ထိုင်းဘုရင့်ရေတပ်ဦးစီးချုပ် Admiral Satirapan Keyanonနှင့် အဖွဲ့ဝင်များအား ရန်ကုန်မြို့ ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်းရှိ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် ဧည့်ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် ကာကွယ်ရေးဦးစီးချုပ်(ရေ)ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းနှင့်အတူ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ထိုင်းနိုင်ငံ ထိုင်းဘုရင့်ရေတပ်ဦးစီးချုပ်နှင့် အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံ

ယင်းနောက် ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့်ရေတပ်ဦးစီးချုပ် Admiral Satirapan Keyanon နှင့်အဖွဲ့ဝင်များသည် ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ သူရဲကောင်းစစ်သည် ဗိမာန်သို့သွားရောက်၍ သူရဲကောင်းစစ်သည်ဗိမာန်၌ ဂုဏ်ပြုပန်းခြင်းချအလေးပြုကာ သူရဲကောင်းစစ်သည်ဗိမာန်အတွင်းလှည့်လည် ကြည့်ရှုလေ့လာသည်။

ဆက်လက်၍ထိုင်းနိုင်ငံထိုင်းဘုရင့်ရေတပ်ဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် တာဝန်ရှိသူများလိုက်ပါလျက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်း နန်းသီတာဆိပ်ကမ်းမှ တပ်မတော်ရေယာဉ်ဖြင့် ရေတပ်လေ့ကျင့်ရေးဌာနချုပ်သို့ရောက်ရှိကြရာ ကာကွယ်ရေး

ယင်းနောက် ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့်ရေတပ်ဦးစီးချုပ်သည် ရေတပ်လေ့ကျင့်ရေးဌာနချုပ်အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြပြီး ချစ်ကြည်ရေး အထိမ်းအမှတ်အဖြစ် ရေတပ်လေ့ကျင့်ရေးဌာနချုပ်၌ ကံ့ကော်ပင်ကို စိုက်ပျိုးပေးသည်။

အမှတ်တရလက်ဆောင်ပေး

ဆက်လက်၍ ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့်ရေတပ်ဦးစီးချုပ်နှင့် ရေတပ်လေ့ကျင့်ရေးဌာနချုပ်မှ ဗိုလ်မှူးကြီးတင်ဦးတို့သည် ရေတပ်လေ့ကျင့်ရေးဌာနချုပ် အရာရှိရိပ်သာ၌ အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ကြသည်။

၉ ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲ

ရန်ကုန် ဇွန် ၂၆

ရန်ကုန်မြို့ ပင်ရွှေညောင်လမ်း တာမွေလေးရပ်ကွက် တာမွေမြို့နယ်ရှိ အောင်မြေဗောဓိဓမ္မရိပ်သာ အလိုတော်ပြည့် ကျောင်းတိုက်၌ ပုရိမဝါကပ်တော်မူကြသော ဆရာတော်၊ စာသင်သား သံဃာတော် အပါး၁၂၀တို့အား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို (၁၃၆၈ခု ဝါဆိုလဆန်း ၈ရက်) ဇူလိုင်၂ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ပင့်ဖိတ်ထားသော ဆရာတော်၊သံဃာတော်များတို့အား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းမည်ဖြစ်ရာ ရပ်ဝေးရပ်နီးရှိတပည့်ဒါယကာ၊ ဒါယိကာမများအား အလိုတော်ပြည့် ကျောင်းတိုက် ဂေါပကအဖွဲ့မှ အသိပေး ဖိတ်ကြားထားကြောင်း သိရသည်။ **(က–ပ)**

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့

စတုတ္ထအကြိမ် ညီလာခံ ၂၀၀၆ ခုနှစ်

ဇူလိုင်လ (၁)ရက်မှ (၂)ရက်

ပြည်ထောင်စုခန်းမ၊ ကျိုက္ကဆံကွင်း

ရန်ကုန်မြို့

ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းအား ထိုင်းနိုင်ငံ ထိုင်းဘုရင့်ရေတပ်ဦးစီးချုပ် Commander in Chief Royal Thai Navy Admiral Satirapan Keyanon နှင့် အဖွဲ့ဝင်များ ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်ဧည့်ရိပ်သာ၌ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ညပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ် (ရေ)ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းနှင့်ဇနီးတို့သည် ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့်ရေတပ်ဦးစီးချုပ်နှင့် ဇနီးတို့ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ဧရာဝတီရေတပ်စခန်းဌာနချုပ် ဧည့်ရိပ်သာမြက်ခင်းပြင်၌ ဂုဏ်ပြုညစာ စားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

တက်ရောက်

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းနှင့် ဇနီး ဒေါ်အေးအေး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေး၊ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် လှဌေးဝင်းနှင့် ဇနီး၊ တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ ဇနီးများ တက်ရောက်ကြပြီး ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့်ရေတပ် ဦးစီးချုပ်နှင့်ဇနီးနှင့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီးနှင့် စစ်သံမှူးတို့ တက်ရောက်ကြသည်။

ညစာ မသုံးဆောင်မီနှင့် ညစာသုံးဆောင်နေစဉ်အတွင်း တပ်မတော်(ရေ) ခေတ်ပေါ်တေးဂီတအဖွဲ့နှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန ကဇာတ်အဖွဲ့တို့မှ တေးဂီတများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၇–၆–၂၀၀၆ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ စာပေပညာရှင်များနှင့်တွေ့ဆုံဆွေးနွေးခြင်း(ဆရာဦးသိန်းလွင်)
၇း၂၀ တေးဂီတအစီအစဉ်
၇း၂၅ ကလေးတို့အတွက်လက်ဆောင်(၃)
၇း၄၀ ပြည်တွင်းသတင်းအကျဉ်း
၇း၅၀ ဆံကေသာအလှပြုပြင်နည်း ပညာဒါန
၈း၀၀ တေးဂီတအစီအစဉ်
၈း၀၅ Sunday Talk (ဦးမျိုးမြတ်သူ၊ ဒေါက်တာဇော်သန်း)
၈း၅၀ တေးဂီတအစီအစဉ်
၈း၅၅ သဘာဝကပေးသောအရောင်များ
၉း၁၀ နိုင်ငံတကာသတင်းအကျဉ်း
၉း၁၅ တေးဂီတအစီအစဉ်
၉း၂၀ အသည်းခြောက်ရောဂါ လက္ခဏာများ
၉း၄၀ တေးဂီတအစီအစဉ်
၉း၄၅ မိုးလေဝသခန့်မှန်းချက်
၉း၅၀ အောင်မြင်ပျော်ရွှင်ဇနီးမောင်နှံဘဝတွင် (R ဇာနည်၊ ဝမ်း)
၁၀း၁၀ အကအစီအစဉ်
၁၀း၂၅ တေးဂီတအစီအစဉ်
၁၀း၃၀ ပြည်တွင်းသတင်းအကျဉ်း
၁၀း၄၀ Music Gallery (1)
၁၁း၀၀ တေးဂီတအစီအစဉ်
၁၁း၀၅ Dozo Designer သင်တန်းဆင်းပွဲ
၁၁း၂၀ တေးဂီတအစီအစဉ်
၁၁း၂၅ နိုင်ငံတကာအနုပညာရေးရာ
၁၁း၄၅ တေးဂီတအစီအစဉ်
၁၁း၅၀ နိုင်ငံတကာသတင်းအကျဉ်း
၁၁း၅၅ တေးဂီတအစီအစဉ်
၁၂း၀၀ MRTV -4 အပိတ် Logo

အထက်ပါ ငါးနာရီစာအစီအစဉ်များကို ည ၂၃း၀၀ နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

ဆေးတက္ကသိုလ်(၁)ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲအခမ်းအနား ကျင်းပမည်

ရန်ကုန် ဇွန် ၂၆

ဆေးတက္ကသိုလ်(၁)ရန်ကုန် (၁၉၇၆–၈၂)ခုနှစ် ကျောင်းသား၊ ကျောင်းသူဟောင်းများသည် ဘွဲ့ရရှိခြင်း (၂၅)နှစ်မြောက်အထိမ်းအမှတ်အဖြစ် ဆရာကြီး၊ ဆရာမကြီးများအား ၂၀၀၇ ခုနှစ် ဇန်နဝါရီ၆ ရက် (စနေနေ့)တွင် ပထမအကြိမ် ပူဇော်ကန်တော့ကြမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများသည် ဒေါက်တာကျော်ဝင်း ဖုန်း–၅၁၀၂၁၄၊ ၅၁၀၂၁၇၊ ဒေါက်တာမိုးမြမြ ဖုန်း–၅၀၃၅၁၆၊ ၅၀၄၈၀၄၊ ဒေါက်တာအေးအေးသန်း ဖုန်း–၇၂၅၄၀၁၊ ဒေါက်တာဥမ္မာခိုင် ဖုန်း–၅၀၀၀၅၇၊ ဒေါက်တာဒေါ်လီမောင်မောင် ဖုန်း–၀၉–၅၁၄၈၀၆၄၊ ဒေါက်တာလှလှခိုင် ဖုန်း–၀၉–၅၀၀၆၀၃၂ တို့သို့ ဆက်သွယ်၍ စာရင်းပေးပို့လှူဒါန်းပါဝင်နိုင်ရန် နှိုးဆော်ထားကြောင်း သိရသည်။ **(က–ပ)**

ရှန်ဟိုင်းလေကြောင်းလိုင်းမှ လေယာဉ်တစ်စင်းအား တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ရှန်ဟိုင်းနှင့်ထိုင်းလေကြောင်းလိုင်းများ ခရီးသွားလာရေး ဆိုင်ရာစာချုပ်ချုပ်ဆို

ဗန်ကောက် ဇွန် ၂၆

ထိုင်းလေကြောင်းလိုင်းနှင့် ရှန်ဟိုင်းလေကြောင်းလိုင်းတို့သည် ထိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံအကြား ခရီးသွားလာမှု အဆင်ပြေချောမွေ့စေရန်အတွက် နားလည်မှုစာချွန်လွှာတစ်ရပ်ကို လက်မှတ်ရေးထိုးလိုက်ကြောင်း ထိုင်းအမှုဆောင် အရာရှိများက ဇွန် ၂၃ရက်၌ ပြောကြားသည်။

ယင်းသဘောတူညီချက်အရ လေကြောင်းလိုင်းနှစ်ခုအကြား ပျံသန်းမှု ကွန်ရက်ကို တိုးချဲ့နိုင်လိမ့်မည်ဖြစ်ကြောင်း၊ ယင်းလေကြောင်းလိုင်းနှစ်ခုမှ ခရီးသွားများ ကမ္ဘာ့မည်သည့် လေဆိပ်နှင့်မဆို ဆက်သွယ်သွားလာနိုင်တော့မည်ဖြစ်ကြောင်း ထိုင်းလေကြောင်းဥက္ကဋ္ဌ ဗက်စင်းကစ်တီကားလ်က ပြောကြားသည်။

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ဆင်းသက်

ယင်းသဘောတူညီချက်အရ ထိုင်းနှင့် ရှန်ဟိုင်း လေကြောင်းတို့သည် နှစ်နိုင်ငံအကြား လေကြောင်းပျံသန်းမှု ခရီးစဉ်များ အပြန်အလှန် ထောက်ကူပေးလိမ့်မည်ဖြစ်ကြောင်း၊ ထိုင်းလေကြောင်းက တရုတ်ပြည်တွင်းလေဆိပ်များ၌ ဆင်းသက်နိုင်မည်ဖြစ်သကဲ့သို့ ရှန်ဟိုင်းလေကြောင်းကလည်း ထိုင်းပြည်တွင်းလေဆိပ်များ၌ ဆင်းသက်ခွင့်ရှိမည်ဖြစ်ကြောင်း သိရသည်။

ပျံသန်းပြေးဆွဲ

ထိုင်းလေကြောင်းသည် လောလောဆယ်တွင် ပေကျင်း၊ ရှန်ဟိုင်း၊ ကွမ်ကျိုး၊ ချန်ဒူး၊ ရှာမင်နှင့် ကူမင်းမြို့များသို့ ပျံသန်းပြေးဆွဲလျက်ရှိသည်။ ရှန်ဟိုင်းလေကြောင်းကို ၁၉၈၅ခုနှစ်က တည်ထောင်ခဲ့ပြီး မကြာသေးမီက ရှန်ဟိုင်းမှ ထိုင်းနိုင်ငံ ဖူးကက် အပန်းဖြေစခန်းသို့ ပျံသန်းပြေးဆွဲနိုင်ခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

ငြိမ်းချမ်းမှုတည်ဆောက်ရေးကော်မရှင်ကို ပံ့ပိုးပေးရန်ကိုဖီအာနန်တိုက်တွန်းပြောကြား

ကုလသမဂ္ဂ ဇွန် ၂၅

နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် ကုလသမဂ္ဂ၏ အသစ်ဖွဲ့စည်းလိုက်သော ငြိမ်းချမ်းမှုတည်ဆောက်ရေးကော်မရှင်၏လုပ်ငန်းများကို ပံ့ပိုးကူညီကြရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်က ဇွန်၂၂ရက်တွင် တိုက်တွန်းပြောကြားလိုက်သည်။

အကျပ်အတည်းဖြစ်နေသော နိုင်ငံများအား ပိုမိုအားပြည့်နိုင်ရေး၊ ပိုမိုညီနှိုင်းဆောင်ရွက်နိုင်ရေးနှင့်အနီးကပ် ပံ့ပိုးနိုင်ရေးများအတွက် အသစ်ဖွဲ့စည်းလိုက်သည့် ယင်းကော် မရှင်က ရည်ရွယ်ထားကြောင်း ကော်မရှင်၏ ပထမဆုံးအစည်းအဝေးတွင် မစ္စတာအာနန်က ပြောကြားသည်။

မည်သို့ပင်ဖြစ်စေ လူအများ သေကျေပျက်စီးခဲ့သည့်ပဋိပက္ခဖြစ်ခဲ့သော နိုင်ငံများရှိ ပြည်တွင်းစစ်ပြီးဆုံးခဲ့ပြီးနောက် ငါးနှစ်အတွင်း ငြိမ်းချမ်းရေးသဘောတူညီမှု ပြိုကွဲပျက်စီးခဲ့မှုကို လက်မခံနိုင်ဖွယ်တွေ့ရှိနေရကြောင်း ၎င်းကထောက်ပြခဲ့သည်။

ကောက်ချက်ချ

ယင်းသို့ ပြီးဆုံးခဲ့သောပဋိပက္ခအနေအထားများအပေါ် လောလောဆယ်တွင် နိုင်ငံတကာ၏ တုံ့ပြန်မှုများမှာ အားနည်းမှုအချို့ရှိနေသေးကြောင်း၎င်းကကောက်ချက်ချပြသည်။

နှောင့်နှေးနေခြင်းဖြစ်

ပထမအချက်မှာ ငွေကြေးပြတ်လတ်မှုဖြစ်ကြောင်း၊ ဒုတိယအချက်မှာ နိုင်ငံတကာ ညှိနှိုင်းဆောင်ရွက်မှု အားနည်းနေခြင်းဖြစ်ပြီး တတိယအချက်မှာ နိုင်ငံတကာ တပ်ဖွဲ့များ အမြန်ဆုံးထွက်ခွာရေးအတွက် နှောင့်နှေးနေခြင်းဖြစ်ကြောင်း ၎င်းကပြောကြားသည်။

အဆိုပါ စိမ်ခေါ်မှုအားလုံးသည် ငြိမ်းချမ်းမှုတည်ဆောက်ရေးကော်မရှင်၏ လုပ်ပိုင်ခွင့်များကို တိုက်ရိုက်သက်ရောက်မှုရှိစေသည့်နည်းတူ ငြိမ်းချမ်းမှုတည်ဆောက်ရေးပံ့ပိုးမှုရုံးနှင့် ငွေကြေးရပ်တည်မှု ပုံဖော်ရာတွင်ပါ ထိခိုက်လာခဲ့ကြောင်း အတွင်းရေးမှူးချုပ်က ပြောကြားသည်။

အမ်အမ်အေ၊ဆင်ဟွာ

တရုတ်နိုင်ငံ ပေကျင်းမြို့တွင် ကျင်းပသည့် လေးကြိမ်မြောက် ပေကျင်းအိုလံပစ်အနုပညာလက်ရာပွဲတော်၌ ထုလုပ် ပြသထားသော ပန်းပုရုပ်တုများကို ဇွန် ၂၃ ရက်က တွေ့ရစဉ်။(ဓာတ်ပုံ-အင်တာနက်)

စက်ပိုင်းဆိုင်ရာ ချွတ်ယွင်းမှုကြောင့် မလေးရှားတိုက်လေယာဉ် အရေးပေါ်ဆင်းသက်ခဲ့ရ

ကွာလာလမ်ပူ ဇွန် ၂၅

တော်ဝင် မလေးရှားလေတပ် (အာအမ်အေအက်ဖ်)မှ ဟော့ဂျက်တိုက်လေယာဉ် တစ်စင်းသည် စက်ပိုင်းဆိုင်ရာ ချွတ်ယွင်းမှုကြောင့် ပန်ဟန်း ပြည်နယ်၌ အရေးပေါ်ဆင်းသက်ခဲ့ရကြောင်း လေတပ်မှ တာဝန်ရှိသူများက ဇွန်၂၃ရက်က ပြောကြားသည်။

ဆင်းသက်

လေယာဉ်ပေါ်ပါ နှစ်ဦးစလုံး ဒဏ်ရာရရှိခဲ့ကြောင်း သို့သော် ဒဏ်ရာမပြင်းထန်ကြောင်း သိရသည်။ ယင်းတိုက်လေယာဉ်သည်လေ့ကျင့်ပျံသန်းမှုပြုလုပ်နေစဉ် နံနက်၁၀နာရီ၄၅ မိနစ်ခန့်က ပန်ဟန်းပြည်နယ်၏ မြို့တော်ကူအန်တန်သို့ အရေးပေါ်ဆင်းသက်ခဲ့ရခြင်းဖြစ်သည်။

စက်ချွတ်ယွင်း

လေယာဉ်မှူး တန်ဟူဟော့နှင့် သင်တန်းသားလေယာဉ်မှူးဒါမိုဟာမက်တို့သည် လေယာဉ်စက်ပိုင်းဆိုင်ရာ ချွတ်ယွင်းမှုကြောင့် ဖြစ်ရသည်ဟု ယုံကြည်ကြောင်း အာအမ်အေအက်ဖ်အဖွဲ့မှ အရာရှိဖြစ်သူလာတစ်က ပြောကြားသည်။

ယင်းဖြစ်ပွားမှုအား စုံစမ်းစစ်ဆေးရန်အတွက် စုံစမ်းရေးအဖွဲ့ကို ယင်းလေတပ်မှ ဖွဲ့စည်းခဲ့သည်။

ကုသမှုခံယူ

လေယာဉ်မှူး နှစ်ဦးစလုံးသည် ကူအန်တန်ရှိဆေးရုံတွင် ဆေးဝါးကုသမှု ခံယူနေကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ

ကမ္ဘာတစ်လွှား ထူးထူး ခြားခြား

ကြက်တူရွေးဘောလုံးပြိုင်ပွဲ

ကြက်တူရွေးများ ဘောလုံးပြိုင်ပွဲ ကျင်းပနေစဉ်။ (အောက်ပုံ)

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တောင်ပိုင်းရှိ အပန်းဖြေဥယျာဉ်တစ်ခုတွင် အပန်းဖြေလာသူများ စိတ်ပျော်ရွှင် လန်းဆန်းစေရန် တိရစ္ဆာန်များ ဘောလုံးပြိုင်ပွဲများကို ကျင်းပပေးခဲ့သည်။ ပုံတွင် ကြက်တူရွေးနှစ်ကောင် ဘောလုံး ယှဉ်လုနေခြင်းဖြစ်သည်။ **(အင်တာနက်)**



ကမ္ဘာ့အကြီးဆုံးဖရဲသီး

ကမ္ဘာ့အကြီးဆုံးဖရဲသီးတစ်လုံးကို တွေ့ရစဉ်။ (အပေါ်ပုံ)

အင်္ဂလန်နိုင်ငံ ဟုပ်မြို့တွင် တောင်သူတစ်ဦး စိုက်ပျိုးထားသော ဖရဲသီးတစ်လုံးမှာ အလေးချိန်၂၆၈ဒသမ ၈ ပေါင်ရှိကြောင်း ယခင်က ကမ္ဘာ့အကြီးဆုံးဖရဲသီးမှာ အလေးချိန်၂၆၂ဒသမ ၆ ပေါင်ရှိရာ ယခုဖရဲသီးမှာ ကမ္ဘာ့အကြီးဆုံးဖရဲသီးဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းများ နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်မှ အောင်မြင်မည်ကို သဘောပေါက် ယုံကြည် ဒေသတွင်း၊ ဒေသခွဲတွင်း အိမ်နီးချင်းနိုင်ငံများနှင့် နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုး ဆောင်ရွက်လျက်ရှိ သုံးစွဲမှုပပျောက်ရေးကဏ္ဍအောင်မြင်ရေး ပြည်သူများအား အသိပညာပေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင် စာပေ၊ ဂီတ၊ ပန်းချီ၊ ကာတွန်းပြိုင်ပွဲများက မူးယစ်၏ဆိုးကျိုးများကို ပြည်သူအတွင်း စိမ့်ဝင်ပျံ့နှံ့ သိရှိလာနိုင်

ရန်ကုန် ဇွန် ၂၆

မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့က ကြီးမှူးကျင်းပသည့် ၂၀၀၆ခုနှစ် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနားကို ယနေ့နံနက် ၉ နာရီ၁၅ မိနစ်တွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ဟံသာဝတီလမ်းနှင့် ကျွန်းတောလမ်းထောင့်ရှိ မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက်၏ အုပ်ချုပ်မှုရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်မောင်ဦး တက်ရောက်၍ အမှာစကားပြောကြားသည်။ (အောက်ပုံ)

အဆိုပါ အခမ်းအနားသို့ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီး ကာကွယ်ရေး ဗဟိုအဖွဲ့ အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ဗိုလ်မှူးချုပ်ခင်ရီနှင့်ဗဟိုအဖွဲ့ဝင်များ၊ လုပ်ငန်းအဖွဲ့ဝင်များ၊ ကုလသမဂ္ဂမူးယစ် ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး (UNODC) ဌာနေ ကိုယ်စားလှယ်၊ AHRN (မြန်မာ)ညှိနှိုင်းရေးမှူး၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ ၂၀၀၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အခမ်းအနားကျင်းပရေးကော်မတီဝင်များ၊ ပြည်တွင်း ပြည်ပ သတင်းစာဆရာများ၊ ဆုရွေးချယ်ရေးအကဲဖြတ် အဖွဲ့ဝင်များ၊ ဆုရရှိကြသူများနှင့် ၎င်းတို့၏ မိဘများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ကျင်းပမည်

ရှေးဦးစွာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးက အမှာစကားပြောကြားရာ၌ ယနေ့သည် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့်တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေး အထိမ်းအမှတ်နေ့ဖြစ်ကြောင်း၊ မူးယစ်ဆေးဝါး ပြဿနာသည် နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး အနေဖြင့် ရင်ဆိုင်ဖြေရှင်းနေရသည့် ပြဿနာမျိုးမဟုတ်ဘဲ ကမ္ဘာ့ နိုင်ငံတိုင်းနှင့်သက်ဆိုင်ပြီး လူသားတစ်ရပ်လုံးနှင့် အကျုံးဝင် ရင်ဆိုင်နေရသော ပြဿနာပင်ဖြစ်ကြောင်း၊ မူးယစ်ဆေးဝါးအန္တရာယ်သည် ဖွံ့ဖြိုးပြီးနိုင်ငံ၊ ဖွံ့ဖြိုးဆဲနိုင်ငံနှင့်မဖွံ့ဖြိုးသေးသည့် နိုင်ငံအားလုံးကို ခြောက်လှန့်နေကြောင်း၊ မူးယစ်ဆေးဝါးပြဿနာသည် လူသားများ၏ပြဿနာဖြစ်ကြောင်း၊ထို့ကြောင့်လည်း ကမ္ဘာ့ပြဿနာ မူးယစ်ဆေး တစ်ကမ္ဘာလုံးက တိုက်ဖျက်ပေးဆိုသည့်အတိုင်း မိမိတို့ အနေဖြင့် ဤအထိမ်းအမှတ်နေ့ ရောက်တိုင်း မူးယစ်ဆေးဝါး၏ ဆိုးကျိုး ပြဿနာကို လူထုအတွင်း ထိုးဖောက်သိမြင်ပြီး ရှောင်ရှားနိုင်အောင် လူထုလှုပ်ရှားမှု အသွင်ဖြင့် ရန်ကုန်မြို့တွင်သာမကဘဲ သက်ဆိုင်ရာပြည်နယ်နှင့်တိုင်းအလိုက် တက်တက်ကြွကြွ လှုပ်ရှားလာခဲ့သည်မှာ ယခုနှစ်ပါဆိုလျှင် ၁၉နှစ်ရှိပြီဖြစ်ကြောင်း၊ ကမ္ဘာ့နိုင်ငံ အားလုံးတွင်လည်း အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အခမ်းအနားကို ကျင်းပကြမည်ဖြစ်ကြောင်း။

အဓိပ္ပာယ်ဖော်ညွှန်း

ယခုနှစ်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့၏ ဦးတည်ချက်မှာ **"မူးယစ်ဒုက္ခ မပေါ့ဆနှင့်"** "Drugs are not child's play" ဆောင်ပုဒ်ပင်ဖြစ်ကြောင်း၊ ထိုဆောင်ပုဒ်၏ အဓိကဦးတည်ချက်မှာ လူငယ်များ သာမက မည်သူမဆို အဆုံးမသတ်နိုင်သည့် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး ကွင်းဆက်ဆိုးကျိုးများကိုဖြစ်ပေါ်လာစေနိုင်သည့် မူးယစ်ဆေးဝါးများကို စမ်းသပ်သုံးစွဲခြင်းသော်မှ မပြုမိပါနှင့် သုံးစွဲမိပါက စွဲလမ်းသွားပြီး အတောမသတ်နိုင်သည့် ဘေးဒုက္ခအဖုံဖုံနှင့် တွေ့ကြုံခံစားရလိမ့်မည်။ ထို့ကြောင့် မူးယစ်ဆေးဝါး၏ ဆိုးကျိုးဒုက္ခကို မပေါ့ဆသင့်၊ မပေါ့ဆပါနှင့်၊ ပေါ့ဆသုံးစွဲမိပါက ဒုက္ခအဖုံဖုံ၊ ဆိုးကျိုးအစုံစုံနှင့် တွေ့ရမည်ဆိုသည့် အဓိပ္ပာယ်ကို ဖော်ညွှန်းလိုက်ခြင်းပင် ဖြစ်ကြောင်း။

(၉)ကြိမ်မြောက်

မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် အထူးသဖြင့် ဘိန်းဖြူကို အကြောတွင်း ထိုးသွင်းခြင်းကြောင့် HIV/AIDS စသည့် ကြောက်စရာကောင်းလှသည့် ရောဂါဆိုးကြောင့် လူငယ်များ အသေဆိုးဖြင့် သေဆုံးကြရမည်ကို တက်ရောက်လာကြသည့် ပုဂ္ဂိုလ်များအသိပင်ဖြစ်ကြောင်း၊ ATSစသည့် စိတ်ကြွရူးသွပ်ဆေးဝါးများ သုံးစွဲ၍လည်း စိတ်ကယောင်ချောက်ချားဖြစ်ပြီး ဘာမှမလုပ်မကိုင်နိုင်ကြ သည်များလည်း တွေ့ကြရမည် ဖြစ်ကြောင်း၊ ထို့ကြောင့် ကောင်းကျိုးမပေး မူးယစ်ဆေးဆိုသည့်အတိုင်းကောင်းကျိုးမပေးသည့် မူးယစ်ဆေးဝါးကို သုံးစွဲမှုပပျောက်ရေးဆိုသည့် နည်းဗျူဟာအရ ပြည်သူလူထုအတွင်း အသိပညာပေးသည့် ပြပွဲများ၊ ပြိုင်ပွဲများကို အလေးထားပြီး ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ ထိုပြပွဲ ပြိုင်ပွဲများ အနက် လူထုအတွင်းကို ထိုးဖောက်စည်းရုံးရာတွင် အအောင် မြင်ဆုံးဖြစ်သည့် စာပေ၊ ဂီတ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာစသော အနုပညာရပ် နယ်ပယ်ကနေပြီး ကျယ်ကျယ်ပြန့်ပြန့် စည်းရုံးသိမ်းသွင်းသည့် အနေဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာနှင့် ဖိတ်ခေါ်ပြိုင်ပွဲများ ကျင်းပခဲ့သည်မှာ ယနေ့ဆိုလျှင် (၉)ကြိမ်မြောက် ရှိပြီဖြစ်ကြောင်း။

ဆုချီးမြှင့်

ယနေ့အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနားတွင် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဝတ္ထု၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ/ပိုစတာနှင့် ဓာတ်ပုံပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆုရသူများကိုလည်း ဆုချီးမြှင့်မည်ဖြစ်ကြောင်း။

ဆုချီးမြှင့်

ကျန်သည့် အထူးဆုများကိုမူ သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းအသီးသီးက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့က ယခုကဲ့သို့ အခမ်းအနားများဖြင့် တစ်ပြိုင်နက်ကျင်းပပြီး ဆုချီးမြှင့်ကြမည် ဖြစ်ကြောင်း။

ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲများတွင် အသက် ၁၀နှစ်အောက်၊ ၁၀နှစ်မှ ၁၅နှစ်အောက်၊ ၁၅နှစ်မှ ၂၀ အောက်နှင့် အသက် ၂၀အထက်ဆို၍ အသက်အုပ်စုအလိုက် အတန်းလေးတန်းခွဲပြီး ယှဉ်ပြိုင်စေခဲ့ကြောင်း၊ ထိုကဲ့သို့ ယှဉ်ပြိုင်စေခဲ့ရာတွင် အသက် ၁၀နှစ်မှ ၁၅နှစ်တန်းက လူငယ်များ အရေအတွက်များများ ပါဝင်ယှဉ်ပြိုင်သည်ကို တွေ့ရကြောင်း၊ ထို့ကြောင့်လည်း လူငယ်များ မူးယစ်ဆေးဝါး အန္တရာယ်နှင့် ပတ်သက်ပြီး အသိပညာရှိလာသည်နှင့်အမျှ တန်ဖိုးရှိလှသည့် လူ့ဘဝကို မူးယစ်ဆေးဝါးအန္တရာယ်မှ ကင်းဝေးပြီး မူးယစ်ဆေးဝါး၏ ဒုက္ခအဖုံဖုံနှင့် မတွေ့ကြုံ မခံစားရဘဲ နိုင်ငံ့တာဝန်ကို ထမ်းဆောင်နိုင်မည့် အလားအလာကောင်းများ ရရှိနိုင်ကြမည်ဟု မျှော်လင့်ရကြောင်း။

ဆောင်ရွက်ချက်

ယခုကဲ့သို့ နေ့ထူးနေ့မြတ်တွင် အခွင့်အခါကြုံ၍ မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးပပျောက်ရေးဆိုင်ရာ ဆောင်ရွက်ချက် အချို့ကိုလည်း အကျဉ်းချုံးတင်ပြလိုကြောင်း။

မိမိတို့နိုင်ငံသည် ကိုလိုနီနယ်ချဲ့ အမွေဆိုးဖြစ်သည့် ဘိန်း၊ ဘိန်းနှင့် ဆက်နွယ်သော ဘိန်းဖြူ၏ အန္တရာယ်ကိုတိုက်ဖျက်နေစဉ်တွင်ပင် စိတ်ကြွရူးသွပ်ဆေး၏ အန္တရာယ်ဝင်ရောက်လာပြန်ကြောင်း။

အားလုံးသိရှိကြပြီးသည့်အတိုင်းပင် နယ်ချဲ့တို့အနေဖြင့် ၁၈၈၅ ခုနှစ်နောက်ပိုင်းတွင် သံလွင်မြစ်အရှေ့ဘက်ကမ်း ရှမ်းတောင်တန်းနှင့် ကချင်တောင်တန်းများတွင် ဘိန်းကို တရားဝင်စိုက်ပျိုးစေခဲ့ပြီး ဘိန်းသယ်ယူရောင်းချခြင်းကို လုပ်စေခဲ့ကြောင်း။

ဆေးကုသခံယူ

မိမိတို့နိုင်ငံလွတ်လပ်ရေးရပြီးသည့် နောက်ပိုင်း နယ်ချဲ့အစိုးရ ဖွင့်လှစ်ခဲ့သည့် ဘိန်းခန်းများ ပပျောက်ရေးကို ဆောင်ရွက်ခဲ့ရကြောင်း၊ ၁၉၄၈ခုနှစ် လွတ်လပ်ရေး ရစမှာပင် ဘိန်းစားပပျောက်ရေး၊ ဘိန်းခန်းဖျက်သိမ်းရေး ငါးနှစ်စီမံကိန်းကိုရေးဆွဲဆောင်ရွက်ခဲ့သကဲ့သို့ ၁၉၅၅ခုနှစ်ဘိန်းစား၊ ဘိန်းရှူသူများ မှတ်ပုံမတင်မနေရ ဥပဒေကို ပြဋ္ဌာန်းပြီး ဘိန်းဖြတ်ဆေးခန်းများတွင် ဘိန်းဖြတ်သည်အထိ ဆေးကုသခံယူစေခဲ့ကြောင်း။

၁၉၆၅ခုနှစ်အောက်တိုဘာ ၁ ရက်တွင် ရှမ်းပြည်နယ်တွင်ရှိသည့် လက်ကျန်ဘိန်းခန်းများကိုပိတ်ပင်ခဲ့ပြီး ဘိန်းရောင်းဝယ်မှုကိုလုံးဝတားမြစ်ခဲ့ကြောင်း၊ သို့သော်လည်း ဘိန်းထက် ပိုပြီး အာနိသင်မြင့်သည့် ဘိန်းဖြူ နံပါတ်(၄) ဝင်ရောက်ခဲ့ပြီး မြို့ကြီး ပြကြီးများက လူငယ်များသုံးစွဲသည်အထိပျံ့နှံ့လာခဲ့သည့်အတွက်မူးယစ်ဆေးဝါးအန္တရာယ်ကို အမျိုးသားရေးအသွင်ဖြင့် တားဆီးနိုင်ရန် ရည်ရွယ်ပြီး ၁၉၇၄ခုနှစ် မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးများဥပဒေကိုပြဋ္ဌာန်းကာ ထိရောက်သည့် တားဆီးအရေးယူမှုများကို လုပ်ခဲ့ကြောင်း၊ ယင်းထက်ပိုပြီး ထိရောက်ဟန့်တားမှုများနှင့်ပြစ်ဒဏ်များချမှတ်နိုင်စေရန်အတွက် ၁၉၉၃ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါး များဥပဒေကို ထုတ်ပြန်ခဲ့ပြီး ပိုမိုထိရောက်သော တားဆီးကာကွယ်မှုများ ပြုလုပ်ခဲ့ကြောင်း။

ပေါင်းစပ်ညှိနှိုင်း

၁၉၈၉ ခုနှစ် အောက်တိုဘာ ၉ ရက်တွင် မူးယစ်ဗဟိုအဖွဲ့ကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး မဟာဗျူဟာ နှစ်ရပ်နှင့် နည်းဗျူဟာသုံးရပ်ချမှတ်ကာ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးကို ဟန်ချက်ညီညီ ဆောင်ရွက်ခဲ့ကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်ခဲ့သည့် နေရာတွင်လည်း အများသိကြပြီးသည့်အတိုင်း တားဆီးနှိမ်နင်းရေးလုပ်ငန်း သက်သက်သာမကဘဲ ထုတ်လုပ်မှုလျှော့ချရေး၊ သုံးစွဲမှုလျှော့ချရေးလုပ်ငန်းများကိုလည်း သက်ဆိုင်ရာ လုပ်ငန်းအဖွဲ့များအလိုက် ပေါင်းစပ်ညှိနှိုင်းပြီး ဆောင်ရွက်ခဲ့ကြကြောင်း။

လက်ခံကျင့်သုံး

မိမိတို့နိုင်ငံနှင့် ဆီလျော်သည့် မဟာဗျူဟာ၊ နည်းဗျူဟာများနှင့် (၁၅)နှစ်စီမံကိန်း၊ပန်းတိုင်သစ်စီမံကိန်းများ ချမှတ်ရေးဆွဲပြီး တရားမဝင်ဘိန်းစိုက်ပျိုးမှုနှင့် ဘိန်းဖြူထုတ်လုပ်သယ်ဆောင်ရောင်းဝယ် သုံးစွဲမှုများကို အလေးထားတိုက်ဖျက်ရာတွင် ဘိန်းနှင့် ဘိန်းဖြူထုတ်လုပ်မှု သိသိသာသာလျော့နည်းကျဆင်းခဲ့ကြောင်း၊ ထိုသို့ကျဆင်းသည်ဆိုသည်ကိုလည်း ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး UNODC က ထုတ်ပြန်သည့် World Drug Report ၌ ဖော်ပြထားကြောင်း၊ ဘိန်းထုတ်လုပ်မှုထက် ဘိန်းစိုက်ပျိုးမှု ကျဆင်းသည်ဟု အစီရင်ခံစာတွင် ဖော်ပြထားကြောင်း၊ အလားတူ အမေရိကန်ပြည်ထောင်စု၏ ၂၀၀၅ ခုနှစ် US Government Drug Stratesy Report အရလည်း ထုတ်လုပ်မှု ကျဆင်းသည်ဆိုသည်ကို ဖော်ပြထားကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် သတ်မှတ် ဆောင်ရွက်ခဲ့သည့် မူးယစ်ဆေးဝါး ပပျောက်ရေးလုပ်ငန်းသည် ကုလသမဂ္ဂ မူးယစ်ဆေးဝါးဆိုင်ရာ အထူးညီလာခံက ဆုံးဖြတ်ထားသည့် ရည်မှန်းချက်ပန်းတိုင်ကို ပြန်လည် ဖြည့်ဆည်းပေးသကဲ့သို့ ဆုံးဖြတ်ချက် မူဘောင်များကိုလည်း မြန်မာနိုင်ငံက လက်ခံ ကျင့်သုံးနေသည် ဆိုသည်မှာ သိသာထင်ရှားကြောင်း။

မိမိတစ်နိုင်ငံတည်း ဆောင်ရွက်နေရုံဖြင့်အောင်မြင်မှုမရနိုင်ဘဲ မြန်မာနိုင်ငံအနေဖြင့်မူးယစ်ဆေးဝါးပပျောက်ရေးဆိုင်ရာလုပ်ငန်းများကို နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်မှသာအောင်မြင်နိုင်မည်ဆိုသည်ကို မိမိတို့အနေဖြင့် လက်ခံ သဘောပေါက် ယုံကြည်သည့်အတွက် ဒေသတွင်း၊ ဒေသခွဲတွင်း၊ အိမ်နီးချင်းနိုင်ငံများနှင့် နားလည်မှုစာချွန်လွှာ MoU များ လက်မှတ်ရေးထိုး ဆောင်ရွက်လျက်ရှိကြောင်း။

လွှဲပြောင်းပေးခဲ့

မိမိတို့ မြန်မာနိုင်ငံ အနေဖြင့် ၁၉၈၈ခုနှစ် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများတရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးကွန်ဗင်းရှင်းကို လက်မှတ်ရေးထိုးရာတွင် ကွန်ဗင်းရှင်း၏ အပိုဒ် ၆ပါ ပြည်ပသို့ တရားခံလွှဲပြောင်းပေးရေးကို ခြွင်းချက်ပြုလက်မှတ်ရေးထိုးခဲ့သော်လည်း မူးယစ်ဆေးဝါးဆိုင်ရာ မှုခင်းများနှင့် ပတ်သက်၍ တရားခံလွှဲပြောင်းရေးကို ပြစ်မှုတစ်ခုချင်းအလိုက် စဉ်းစားဆုံးဖြတ်ပြီး မူးယစ်ဆေးဝါးမှု ကျူးလွန်သည့် တရားခံများကို ထိုင်းနိုင်ငံနှင့် လေးကြိမ်၊ တရုတ်နိုင်ငံနှင့် ၁၇ကြိမ်တွင် စုစုပေါင်း တရားခံ ၆၅ယောက်ကို လွှဲပြောင်းပေးခဲ့ပြီးဖြစ်ကြောင်း။

တားဆီးနှိမ်နင်းရေး အနေဖြင့်လည်း တပ်မတော်၊မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အကောက်ခွန် စသည့်တားဆီးနှိမ်နင်းရေးအဖွဲ့များက အိမ်နီးချင်း ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံများက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အဖွဲ့များနှင့် သတင်းများအပြန်အလှန်ဖလှယ်ခဲ့ကြသည့်အတွက် မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်သည့် အဖွဲ့များကို တိုးမြှင့်ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ကြောင်း၊ ထိုသို့ ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများကို ဤအခမ်းအနားမကျင်းပမီ အချိန်အတွင်းတွင်ပင် အခုတက်ရောက်လာကြသည့် ဧည့်သည်တော်ကြီးများမျက်မှောက်တွင် အကြိမ် (၂၀)မြောက်အဖြစ် မီးရှို့ဖျက်ဆီးခဲ့ပြီး

စာမျက် ၁၂ ကော်လံ ၁ သို့

ကျောက်စိမ်းဥယျာဉ်ကြီးတစ်ခုအလားထင်မှတ်ဖွယ်ရာ မြန်မာ့ကျောက်မျက်အထူးရောင်းချပွဲမြင်ကွင်း

ရန်ကုန် ဇွန် ၂၆

မြန်မာ့မြေသည် ကျောက်သံပတ္တမြားအလျှံပယ်ထွက်ရှိရာ မြေဖြစ်သည်။ မြန်မာ့မြေမှ ထွက်ရှိသမျှ ကျောက်သံပတ္တမြားတို့သည် ကမ္ဘာ့ကျောက်မျက်ဈေးကွက်၌ အဆင့်အတန်းမီသဖြင့် မျက်နှာပန်းလှလျက်ရှိသည်။ ထိုသို့ ကမ္ဘာ့အဆင့်အတန်းမီသည့် ကျောက်မျက်များကို နိုင်ငံတကာမှ ကျောက်မျက်ရတနာ ကုန်သည်များက နှစ်နှစ်ခြိုက်ခြိုက် မက်မက်မောမော ဝယ်ယူလျက်ရှိကြသည်။

တွေ့ဆုံ

မြန်မာ့ကျောက်မျက်များကို ပြည်တွင်း ပြည်ပရတနာကုန်သည်များ ဝယ်ယူ၊ ရောင်းချရာတွင် ပိုမိုအဆင်ပြေရန်အတွက် ကျောက်မျက်ရတနာ အထူးရောင်းချပွဲကို ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ အဆောက်အအုံဝင်းအတွင်းကျင်းပရာသို့ မြန်မာ့အလင်း သတင်းအဖွဲ့ သွားရောက်၍ တာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းခဲ့သည်။

ပြည်ပကုန်သည်

အကျယ်အဝန်း ၁၀ ဧကကျော်သော မြန်မာကွန်ဗင်းရှင်းစင်တာဝင်းအတွင်း ခင်းကျင်းပြသထားသည့် ကျောက်စိမ်းတုံးများမှာ မြေပြင်အနှံ့တွင် အတုံးအရုံး၊ အစုအပုံလိုက်ရှိနေသည်မှာ တစ်မျှော်တစ်ခေါ်တွေ့ရသည်။ ပြည်ပမှ လာရောက်သော ရတနာကုန်သည်များနှင့် ပတ်သက်၍ မေးမြန်းရာ **"ပြည်ပကရတနာကုန်သည် ၁၄၀၀ ကျော်နဲ့ ပြည်တွင်းရတနာကုန်သည် ၈၈၆ ဦး ရောက်ရှိနေပြီး ကျောက်စိမ်းအတွဲများကို ကြည့်ရှုလျက်ရှိကာ ဝယ်ယူနေကြပြီဖြစ်ပါတယ်"** ဟု ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေက မြန်မာ့အလင်းသို့ ရှင်းပြသည်။

ဆက်လက်၍ ကျောက်မျက်များ ရောင်းချရမှုနှင့် ပတ်သက်၍ ဦးသိန်းဆွေက **"နိုင်ငံတော်က အများကြီး ပံ့ပိုးပေးထားတဲ့အတွက် ပြည်တွင်းပြည်ပ ကျောက်မျက်ရတနာကုန်သည်တွေက ကျောက်မျက်ပြပွဲအပေါ် ယုံကြည်မှုအရမ်းများလာတယ်။ ပြည်ပကျောက်မျက်ကုန်သည်တွေ တိုက်ရိုက်လာဝယ်ကြတဲ့အတွက် ဈေးကောင်းလဲ ရကြတယ်။ အရင်က ကျောက်မျက်ရောင်းချပွဲတွေကို ခုနစ်ရက်တစ်ပတ်သာကျင်းပခဲ့ပေမယ့် အခု သီတင်းနှစ်ပတ် လောက် အချိန်ပေးပြီး ပြသရောင်းချနေပါတယ်"** ဟုလည်း ဆက်လက် ပြောကြားသည်။

ကျောက်စိမ်းအတွဲအား တွေ့ရစဉ်။ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ပိုအောင်မြင်

ကျောက်စိမ်းဥယျာဉ်ကြီးတစ်ခုကဲ့သို့ ခင်းကျင်းပြသထားသော မြန်မာကွန်ဗင်းရှင်းစင်တာဝင်းအတွင်း၌ အထူးကျောက်မျက်ရောင်းချပွဲနှင့် ပတ်သက်၍ အလုပ်များနေသော မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီအတွင်းရေးမှူးနှင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးဖြစ်သူ ဦးသိန်းဆွေအား ကျောက်မျက်ပြပွဲကျင်းပရမှုနှင့် ပတ်သက်၍ မေးမြန်းရာ **"ကျောက်မျက်ရတနာရောင်းချရေးပွဲတွေက တစ်ပွဲထက်တစ်ပွဲ ပိုအောင်မြင်လာတယ်။ ပြည်တွင်း ကျောက်မျက်ရတနာကုန်သည်များ ကျောက်တွေ ပိုပြီးခင်းကျင်းပြသနိုင်အောင်၊ ပြည်ပကလာရောက်ဝယ်ယူတဲ့ ကုန်သည်တွေ ပိုပြီးစိတ်ချမ်းသာစွာ ဝယ်ယူလို့ရအောင် နေရာပိုကျယ်ဝန်းတဲ့ မြန်မာကွန်ဗင်းရှင်းစင်တာ အဆောက်အအုံဝင်းအတွင်းမှာ ခင်းကျင်းပြသရောင်းချခြင်းဖြစ်ပါတယ်"** ဟု ပထမဦးစွာ ပြောကြားသည်။

"ဝယ်ယူပြီး ကျောက်မျက်တွေကို ပြည်တွင်း၊ ပြည်ပကုန်သည်တွေဆီကို အဆင်ပြေစွာ ရောက်ရှိရေး ဆောင်ရွက်ပေးလျက်ရှိ"

ကျောက်မျက်အထူးရောင်းချပွဲ၏ ကြိုဆိုရေးနှင့် ရောင်းချတင်ပို့ရေးတာဝန်ခံ ဦးမောင်မောင်သိန်း။

ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ပထမဆုံး

ထို့နောက် အထူးကျောက်မျက်ရောင်းချပွဲ ကျောက်စိမ်းဆပ်ကော်မတီ အတွင်းရေးမှူး ဦးဇော်ဝင်းနိုင်အား ရောင်းချလျက်ရှိသည့် ကျောက်စိမ်းများနှင့်ပတ်သက်၍မေးမြန်းရာ **"ဒီရောင်းချပွဲမှာ ကျောက်စိမ်းတန်ချိန် ၇၆၀၀ ကျော် ခင်းကျင်းပြသထားပြီး ကျောက်စိမ်းအတွဲပေါင်း ၃၂၀၀ ကျော်ရှိကြောင်း၊ ယခုခင်းကျင်းပြသသည့် ကျောက်စိမ်းတန်ချိန်ပမာဏသည် အများဆုံးဖြစ်ကြောင်း၊ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ပထမဆုံးအကြိမ် ပြသခြင်းဖြစ်ကြောင်း"** မြန်မာ့အလင်းသို့ ရှင်းပြသည်။

"ကျောက်မျက်အထူးရောင်းချပွဲမှာ ကျောက်စိမ်းတန်ချိန် ၇၆၀၀ ကျော်ကို ခင်းကျင်းပြသရောင်းချလျက်ရှိ"

အထူးကျောက်မျက်ရောင်းချပွဲ ကျောက်စိမ်းဆပ်ကော်မတီအတွင်းရေးမှူး ဦးဇော်ဝင်းနိုင်။

ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ကျောက်မျက်ရောင်းချမှုစနစ်နှင့်ပတ်သက်၍လည်း ဦးဇော်ဝင်းနိုင်က **"တင်ဒါစနစ်နဲ့ ဈေးပြိုင်စနစ်ဟူ၍ ခွဲပြီး ရောင်းချနေကြောင်း၊ တင်ဒါစနစ်ဖြင့် ကျောက်စိမ်းတွဲ ၂၈၆၂ တွဲ ရောင်းချမှာဖြစ်ပြီး ဈေးပြိုင်စနစ်ဖြင့် ကျောက်စိမ်းအတွဲ ၃၅၆ တွဲ ရောင်းချမှာဖြစ်ကြောင်း၊ တင်ဒါစနစ်နဲ့ ရောင်းချမည့်ရက်မှာ ဇွန် ၂၄ ရက်မှ ၂၇ ရက်အထိဖြစ်ပြီး ဈေးပြိုင်စနစ်ဖြင့်ရောင်းချမည့်ရက်မှာ ဇွန် ၂၈ ရက်မှ ဇူလိုင် ၄ ရက်အထိဖြစ်ကြောင်း"** မြန်မာ့အလင်းသို့ ပြောကြားသည်။

ထို့ပြင် ယခုကျောက်မျက်အထူးရောင်းချပွဲကို မြန်မာနိုင်ငံ ကျောက်မျက်ရတနာကုန်သည်များအသင်း ဖြစ်မြောက်ရေးကော်မတီနှင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းတို့ ပူးပေါင်းပြီး ပထမဆုံးအကြိမ်အဖြစ် ခင်းကျင်းပြသ ရောင်းချခြင်းဖြစ်ကြောင်း သိရသည်။

ကျောက်စိမ်း ကျောက်မျက် အထူးရောင်းချပွဲကို ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ အဆောက်အအုံဝင်းအတွင်း ကျောက်စိမ်းဥယျာဉ်ကြီးတစ်ခုကဲ့သို့ ဤသို့ တွေ့ရသည်။

ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ အတွင်းရေးမှူးနှင့် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေ။

ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

တွေ့ဆုံမေးမြန်းသူ-မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

တင်ပို့ပေး

ထို့နောက် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းမှ ဒုတိယညွှန်ကြားရေးမှူးနှင့် ယခုကျောက်မျက်အထူးရောင်းချပွဲ၏ ကြိုဆိုရေးနှင့်ရောင်းချတင်ပို့ရေး တာဝန်ခံဦးမောင်မောင်သိန်းအား ရောင်းချပြီး ကျောက်မျက်များနှင့် ပတ်သက်၍မေးမြန်းရာ **"ပြပွဲမှာ ရောင်းချပြီး ကျောက်မျက်များကို ကုန်သည်တွေက ငွေချေပြီးရင် ကြီးမားတဲ့ ကျောက်မျက်တွေကို သင်္ဘောနဲ့ ပြည်ပကို တင်ပို့ပေးကြောင်း၊ သေးငယ်တဲ့ ကျောက်မျက်ရတနာ ပစ္စည်းများကို လေကြောင်းမှတစ်ဆင့် တင်ပို့ပေးကြောင်း၊ ပြည်တွင်းမှ ဝယ်ယူသူရတနာကုန်သည်များကို ကျောက်မျက်များ အလွယ်တကူထုတ်ယူနိုင်ရေး အဆင်ပြေအောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း"** ရှင်းပြသည်။

ထို့အပြင် ပြည်တွင်းပြည်ပ ရတနာကုန်သည်များ ကျောက်မျက်ရောင်းချပွဲအတွင်း တင်ဒါစနစ်ဖြင့် ဝယ်ယူမှုနှင့် ဈေးပြိုင်စနစ်ဖြင့် ဝယ်ယူမှုများကို အဆင်ပြေချောမွေ့စေရန်၊ ကျောက်မျက်များလေ့လာကြည့်ရှုမှု လွတ်လွတ်လပ်လပ်ရှိစေရန်လည်း စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်ကို တွေ့ရသည်။

မြန်မာ့တွင်းထွက်ကျောက်စိမ်းများကို မြန်မာကွန်ဗင်းရှင်းစင်တာ အဆောက်အအုံပတ်လည်တွင် အပြည့်အလျှံခင်းကျင်းပြသထားရာ ကျောက်စိမ်းဥယျာဉ်ကြီးတစ်ခုအတွင်းသို့ ရောက်ရှိနေသကဲ့သို့ဖြစ်နေပြီး ပျားပန်းခပ်မျှများပြားလှသော ပြည်တွင်းပြည်ပကျောက်မျက်ကုန်သည်များဖြင့် စည်ကားသိုက်မြိုက်လျက်ရှိနေပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

"နိုင်ငံတော်က အများကြီး ပံ့ပိုးပေးထားတဲ့အတွက် ပြည်တွင်းပြည်ပ ကျောက်မျက်ရတနာကုန်သည်တွေက ကျောက်မျက်ပြပွဲအပေါ် ယုံကြည်မှု အရမ်းများလာတယ်။ ပြည်ပကျောက်မျက်ကုန်သည်တွေ တိုက်ရိုက်လာဝယ်ကြတဲ့အတွက် ဈေးကောင်းလဲရကြတယ်။ အရင်က ကျောက်မျက်ရောင်းချပွဲတွေကို ခုနစ်ရက်တစ်ပတ်သာကျင်းပခဲ့ပေမယ့် အခု သီတင်းနှစ်ပတ်လောက် အချိန်ပေးပြီး ပြသရောင်းချနေပါတယ်"

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် လုပ်ငန်းအဖွဲ့ခေါင်းဆောင်များ ဝိသာခါသီလရှင်ပညာရေးစာသင်ကျောင်းသို့ ဝတ်စုံများ၊ စာရေးကိရိယာများလှူဒါန်း

ရန်ကုန် ဇွန် ၂၆

၂၀၀၆ ခုနှစ် ဇူလိုင် ၃ ရက်တွင်ကျရောက်မည့် **"မြန်မာအမျိုးသမီးများနေ့"** ကို ဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့်ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်တင်တင်နွဲ့၊ ဒုတိယအဖွဲ့ခေါင်းဆောင် ဒေါ်ခင်မျိုးမြင့်၊ အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်ငွေးငွေး၊ လူမှောင်ခိုနှင့်လူကုန်ကူးမှုတားဆီးကာကွယ်ရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်ခင်မစိုး၊ ပြုစုပျိုးထောင်ရေးနှင့်ပြန်လည်နေရာချထားရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်ကြည်ကြည်မြနှင့် လုပ်ငန်းအဖွဲ့ဝင်များသည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်း တောင်ပိုင်းခရိုင် ဒဂုံဆိပ်ကမ်းမြို့နယ် ၈၁ ရပ်ကွက်ရှိ ဝိသာခါသီလရှင်ပညာရေးစာသင်ကျောင်းသို့ သွားရောက်၍ အဆိုပါကျောင်းတွင် ပညာသင်ကြားလျက်ရှိသည့် တိုင်းရင်းသားကလေးငယ် ၁၁၀ တို့အတွက် ငွေကျပ် ၂၄၂၀၀၀ တန်ဖိုးရှိ သီလရှင်ဝတ်စုံများ၊ ကျောင်းဝတ်စုံများ၊ စာအုပ်နှင့် စာရေးကိရိယာများ၊ ငွေသားအလှူ ငွေကျပ် ၂၅၅၀၀၀ စုစုပေါင်းငွေကျပ် ၄၉၇၀၀၀ ကို ပေးအပ်လှူဒါန်းရာ သီလရှင်ဆရာကြီး ဒေါ်ဇေယျာနန္ဒီက လက်ခံသည်။

ဆက်လက်၍ ဝိသာခါသီလရှင် ပညာရေးစာသင်ကျောင်းမှ ကျောင်းသူလေးများအား အဖွဲ့ခေါင်းဆောင် ဒေါ်တင်တင်နွဲ့က မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်း သိကောင်းစရာများနှင့် အာဟာရပြည့်ဝရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေးဆိုင်ရာ အသိပညာပေးဟောပြောကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

၂၀၀၆ ခုနှစ် ဇူလိုင် ၃ ရက်တွင်ကျရောက်မည့် "မြန်မာအမျိုးသမီးများနေ့" ကို ဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့်ပြုစုပျိုးထောင်ရေးလုပ်ငန်း အဖွဲ့ခေါင်းဆောင် ဒေါ်တင်တင်နွဲ့နှင့် အဖွဲ့ဝင်များ ဒဂုံဆိပ်ကမ်းမြို့နယ် ဝိသာခါ သီလရှင်ပညာရေးစာသင်ကျောင်းတွင် ပညာသင်ကြားလျက်ရှိသည့် တိုင်းရင်းသားကလေးငယ် ၁၁၀ တို့အတွက် သီလရှင်ဝတ်စုံများ၊ ကျောင်း ဝတ်စုံများ၊ စာရေးကိရိယာများနှင့် အလှူငွေများကို သီလရှင်ဆရာကြီး ဒေါ်ဇေယျာနန္ဒီထံ ပေးအပ်လှူဒါန်းစဉ်။ (လူမှုဝန်ထမ်း)

☆ *ကျောဖုံးမှ*

ကျန်ရှိသော ကျောက်စိမ်းအတွဲများကို ဇွန် ၂၇ ရက်တွင် တင်ဒါစနစ်ဖြင့် ဆက်လက်ရောင်းချသွားမည်ဖြစ်သည်။

ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအထူးရောင်းချပွဲသို့ ဇွန် ၂၀ ရက်မှ ယနေ့ညနေ ၄ နာရီအထိ ပြည်ပနိုင်ငံ ကိုးနိုင်ငံ၊ ကုမ္ပဏီ ၃၉၁ ခုမှ ရတနာကုန်သည် ၁၄၅၃ ဦးနှင့် ပြည်တွင်းကုမ္ပဏီ ၃၈၁ ခုမှ နိုင်ငံသား ရတနာကုန်သည် ၈၉၇ ဦး စုစုပေါင်းပြည်တွင်းပြည်ပ ရတနာကုန်သည် ၂၃၅၀ ရောက်ရှိနေကြသည်။

ကျောက်စိမ်းအတွဲများကို တင်ဒါစနစ်၊ဈေးပြိုင်စနစ်တို့ဖြင့် ဇူလိုင် ၄ ရက်အထိ ဆက်လက် ရောင်းချသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

ကျွန်းကူးသစ်သားတံတား ပြုပြင်မှုလုပ်ငန်းဆောင်ရွက်

ရန်ကုန် ဇွန် ၂၆

တောင်ငူမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၆–၂၀၀၇ (ဘဏ္ဍာရေး)နှစ်အတွက် ဆောင်ရွက်မှုလုပ်ငန်းဖြစ်သော ကန်တော်ကြီး စံပယ်ကျွန်းနှင့် ငှက်ပျောကျွန်းတို့အား ဆက်သွယ်သော ကျွန်းကူးသစ်သားတံတား ပြုပြင်လုပ်ငန်းများအား အငယ်တန်းအင်ဂျင်နီယာ(၂) ဦးအောင်သူဝင်းနှင့် အဖွဲ့က ဆောင်ရွက်ပြီးကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

မြန်မာ့ရုပ်မြင်သံကြား

၂၇–၆–၂၀၀၆ရက် (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ ကျေးဇူးရှင်မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၀ ၅။ ကဗျာပန်းဥယျာဉ်
- ၈:၀၀ ၆။ အတီးပြိုင်ပွဲ
- ၈:၁၀ ၇။ နှောင်းခေတ်တေးပဒေသာ
- ၈:၂၅ ၈။ မင်းလှရေလှောင်တမံ
- ၈:၃၀ ၉။ International News
- ၈:၄၅ ၁၀။ Let's Go

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ English for Everyday Use
- ၁၆:၄၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ်(ရူပဗေဒ၊ ဓာတုဗေဒ၊ သင်္ချာအထူးပြုများ) [ရူပဗေဒ]
- ၁၇:၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၁၇:၁၅ ၆။ ခံစားနားဆင်တေးဓာတ်ဝင်
- ၁၇:၂၅ ၇။ **"အဲဒီမှာစတွေ့တာပဲ"** မင်းအုပ်စိုး၊ ငှက်ပျောကြော်၊ မြတ်ကေသီအောင်၊ နှင်းဝတ်ရည်သောင်း (ဒါရိုက်တာ–မင်းအုပ်စိုး)
- ၁၇:၃၅ ၈။ ဆိုကြမယ် ပျော်ကြမယ်
- ၁၈:၀၀ ၉။ ညနေခင်းသတင်း
- ၁၈:၃၀ ၁၀။ မိုးလေဝသအခြေအနေ
- ၁၈:၃၅ ၁၁။ ကြေးမုံရိပ်သွင်တေးနှယဉ်
- ၁၈:၅၅ ၁၂။ ဘက်စုံတိုးတက် တို့ကျေးလက် (မိုင်းသောက်စံပြကျေးရွာ)
- ၁၉:၀၅ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ဇူလိုင်နံနက်ခင်း"** (အပိုင်း–၄)
- ၂၀:၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်သူ့အိပ်မက်လှလှ"** (အပိုင်း–၆)
- ၁၈။ နောက်တစ်နေ့အစီအစဉ်
- ၁၉။ အစီအစဉ်ပြီး၏။

မြန်မာအမျိုးသမီးများနေ့

၂၀၀၆ ခုနှစ်၊ ဇူလိုင်လ (၃)ရက်

MYANMAR WOMEN'S DAY

3rd JULY 2006

ကိုးမိုင်မဟာစည်သာသနာ့ရိပ်သာ ဝါဆိုသင်္ကန်းဆက်ကပ်မည်

ရန်ကုန် ဇွန် ၂၆

ကိုးမိုင်မဟာစည်သာသနာ့ရိပ်သာ၌ ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့နှင့် ဝါဆိုသင်္ကန်းလှူဒါန်းပူဇော်ပွဲကို ၁၃၆၈ ခုနှစ် ဝါဆိုလပြည့်နေ့ (ဇူလိုင် ၉ ရက်) တနင်္ဂနွေနေ့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ထိုင်းနိုင်ငံ ထိုင်းဘုရင့်ရေတပ်ဦးစီးချုပ်၏ဇနီး မြန်မာ့ကျောက်မျက်ရတနာပြတိုက်လေ့လာ

ရန်ကုန် ဇွန် ၂၆

ရန်ကုန်မြို့၌ ရောက်ရှိနေသော ထိုင်းနိုင်ငံ ထိုင်းဘုရင့်ရေတပ်ဦးစီးချုပ် Commander in Chief Royal Thai Navy Admiral Satirapan Keyanon ၏ဇနီး Mrs. Pornpen Keyanon နှင့်အဖွဲ့သည် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာပြတိုက်သို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ကြည့်ရှုလေ့လာ

ထို့နောက် ထိုင်းဘုရင့်ရေတပ်ဦးစီးချုပ်၏ ဇနီးနှင့်အဖွဲ့သည် မြန်မာ့ကျောက်မျက်ရတနာပြတိုက်အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြရာ မြန်မာ့ကျောက်မျက်ရတနာပြတိုက် ပြတိုက်မှူး မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းလတ်နှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။ **(သတင်းစဉ်)**

● *ကျောဖုံးမှ*

မြန်မာ့လက်ရွေးစင်ဘောလုံးသမား ထွန်းထွန်းဝင်း

- **ဘရာဇီးနဲ့ဂါနာပွဲမှာ ဘရာဇီးဂိုးပြတ်နိုင်မယ်ထင်တယ်။ ဘရာဇီးကစားတာ ညက်ပါတယ်။ ဂါနာတို့မြန်ပေမယ့် ဘရာဇီးက ကောင်းကောင်းထိန်းနိုင်ပါတယ်။ ဘရာဇီးတို့က ဂါနာထက် ဂိုးသွင်းသေချာတယ်။ ဘရာဇီး အနိုင်ရမယ့်ပွဲပါ။**
- **စပိန်နဲ့ ပြင်သစ်ပွဲကတော့ စပိန်ကစားပုံအရမ်းကောင်းတယ်။ မြန်တယ်။ တိုက်စစ်မှူးတွေ ဂိုးသွင်းစွမ်းရည်ရှိတယ်။ ပြင်သစ်ကစားပုံဒီနှစ် အများကြီး ကျဆင်းသွားတယ်။ စပိန်တိုက်စစ်မှူးတွေကို ပြင်သစ်ခံစစ်မှူးတွေက ဟန့်တားဖို့ခက်မယ်။ စပိန်နိုင်ဖို့ များမယ်ထင်တယ်။** (မြန်မာ့အလင်း)

ချစ်တဲ့သူငယ်လေ

အိုင်ချင်း

ချစ်တဲ့သူငယ်လေ
သူငယ်ချင်းကောင်း၊ ယောက်မတို့လေ။
ယနေ့ချိန်ခါ၊ ပြည်မြန်မာဝယ်
စည်သာ ခြိမ့်သဲ၊ အောင်လံဝဲ
အောင်ပွဲ တွေက စုံလှတယ်။
တံတားကြီးတွေ၊ ပွားစီးဝေ
တို့မြေအောက်ထက်၊ လက်ချင်းယှက်
ထွက်ကုန် သီးနှံ၊ ဖလှယ်ရန်
မြန်ဆန် ချောမွေ့ လှပါတယ်။
ဈေးကွက် စီးပွား၊ အလေးထား
ဖောက်ကား ရောင်းဝယ်၊ ဒို့ကုန်သွယ်
ပြည်နယ် ပြည်မ၊ မကျန်ရ
အလှပန်းတွေ ဝေတော့တယ်။
ကျားမ မခွဲ၊ တန်းတူပဲ
ယှဉ်တွဲ တူပြိုင်၊ လုပ်အားဆိုင်
နိုင်ငံ ဖွံ့ဖြိုးနေတော့တယ်။
အမျိုးသမီးဂုဏ်ရည်၊ စွမ်းဆောင်တည်
ပြည်ထောင်စုအတွက်၊ လက်ချင်းယှက်
၃ရက် ဇူလိုင် ခိုင်တော့တယ်။
မယ်တို့နှင့်အတူ၊ လက်တွဲကူ
ပြည်သူကိုချစ်၊ တိုင်းပြည်ချစ်က
အုတ်မြစ် ခိုင်မာ၊ ပြည်မြန်မာဝယ်
ကြည်သာခွင့်လမ်း၊ ပေးဆက်ကမ်းမည်
ချစ်ပန်း ဖြူဖြူ ကြူလှည့်ပါ။
မယ်တို့နှင့်အတူ၊ မကူညီလို
ငြိုငြင် သဘော၊ ဘုဘောက်ပြော
မမောပန်းနိုင်၊ ဘေးမှာ ထိုင်လျှင်
နိုင်ငံချစ်ရာ မရောက်ပါ။
အလိုလေ့ အိုင်...
နိုင်ငံချစ်သော၊ ပျိုဖြူချောတို့
သဘောတူမျှ၊ လှမ်းခဲ့ပါ့ကွယ်
မြန်မာ့အရေး၊ မြန်မာလိုတွေးလို့
အရိုးလေးကို မမျှော်၊ ဒွေးတော်ကိုမလွမ်း
အမေကို အမေမှန်း သိသိရယ်နှင့်
ပြည့်အကျိုးကို သယ်ပိုးကြမယ့်
မြန်မာအမျိုးသမီးထု ခိုင်ခိုင်မြဲ
လက်တွဲစို့လေ...။ ။

(၂၀၀၆ ခုနှစ် ဇူလိုင် ၃ရက် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆို ဂုဏ်ပြုလျက်–)

မသီရိ(ရန်ကင်း)

ရင်းရင်းနှီးနှီး နှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့က ကြီးမှူးကျင်းပသော ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ အကြိမ်(၂၀)မြောက် မီးရှို့ဖျက်ဆီးသည့် အခမ်းအနားသို့ တက်ရောက်လာကြသော စစ်သံမှူးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။
(သတင်းစဉ်)

■ **ရှေ့ဖုံးမှ**

နာယက ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး H.E Mme. Phoebe A. Gomez နှင့် ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ စစ်သံမှူးများနာယက ကမ္ဘောဒီးယားနိုင်ငံစစ်သံမှူး Col. Ngi Vanmdim နှင့် စစ်သံမှူးများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဝင်များ၊ လုပ်ငန်းအဖွဲ့များမှ အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ ရဲအရာရှိကြီးများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ပြည်တွင်းပြည်ပသတင်းစာဆရာများ၊ ၂၀၀၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဝတ္ထုတို၊ ကဗျာ၊ ဆောင်းပါး၊ တေးသီချင်း၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပိုစတာ၊ ကွန်ပျူတာပန်းချီနှင့် ဓာတ်ပုံ ပြိုင်ပွဲများတွင် ဆုရရှိကြသူများ၊ ဖိတ်ကြားထားသူများ၊ ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့ဝင်များနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

နှစ်စဉ်ကျင်းပ

ရှေးဦးစွာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီက ဖမ်းဆီးရမိမူးယစ်ဆေးဝါးများ အကြိမ်(၂၀)မြောက် မီးရှို့ဖျက်ဆီးသည့်အခမ်းအနားနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာတွင် ယနေ့ ကျရောက်သည့် ဇွန်၂၆ရက်တွင် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားများကို နိုင်ငံတကာ၌ နှစ်စဉ်ကျင်းပလျက်ရှိသကဲ့သို့ မြန်မာနိုင်ငံအနေဖြင့်လည်း အထိမ်းအမှတ် အခမ်းအနားများကို နှစ်စဉ်ကျင်းပလျက်ရှိပါကြောင်း။

ယနေ့ကျင်းပသည့် အခမ်းအနားသည် ကမ္ဘာ့လူသားမျိုးနွယ်အားလုံးကို လူညွှန့်တုံးစေမည့် မူးယစ်ဆေးဝါးများကို မီးရှို့ဖျက်ဆီးသည့် အခမ်းအနားဖြစ်၍ မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းကို အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့်ခံယူပြီး အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ဆိုသည်ကို ဧည့်သည်တော်ကြီးများ ထင်ထင်ရှားရှားတွေ့ မြင်ရမည်ဖြစ်ပါကြောင်း။

တန်းတူဆောင်ရွက်

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ကမ္ဘာ့နိုင်ငံအသီးသီးက လူထုလှုပ်ရှားမှုများ ဆောင်ရွက်နေချိန်တွင် မြန်မာနိုင်ငံအနေဖြင့်လည်း အခြားနိုင်ငံများ တန်းတူ ဆောင်ရွက်နေသည်ဆိုသည်ကို အခွင့်အခါကြုံကြိုက်စဉ်တွင် တင်ပြလိုပါကြောင်း။

ယခုကဲ့သို့ ထူးခြားသည့်နေ့ရက် အထိမ်းအမှတ်အခမ်းအနားကို မြန်မာနိုင်ငံက ဂုဏ်ပြုသည့်အနေဖြင့် မြန်မာနိုင်ငံအတွင်း မူးယစ်ဆေးဝါးပပျောက်ရေးဆောင်ရွက်ချက်တစ်ရပ်ဖြစ်သည့် ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးပွဲကို ယနေ့တွင် နှစ်စဉ်ကျင်းပပါကြောင်း၊ ယခုကဲ့သို့ ဖမ်းဆီးရမိမူးယစ်ဆေးဝါးများကို ၁၉၉၀ပြည့်နှစ်ကစပြီး ရန်ကုန်မြို့၌ မီးရှို့ဖျက်ဆီးခဲ့သည်မှာ ယနေ့ဆိုလျှင် အကြိမ်(၂၀)မြောက် ဖြစ်ပါကြောင်း၊ ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများနှင့် ဓာတုပစ္စည်းများ၊ ဘိန်းမျိုးစေ့များကို ရန်ကုန်မြို့၌သာမက နယ်စပ်ဒေသများနှင့် အခြားမြို့များ၌လည်း မီးရှို့ဖျက်ဆီးခဲ့သည်မှာ (၃၉)ကြိမ် ရှိပြီဖြစ်ပါကြောင်း။

(၁၉)ကြိမ်မြောက် ဖမ်းဆီးရမိမူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးပြီး နောက်ပိုင်းကာလတွင် နယ်စပ်ဒေသများ၌ မူးယစ်ဆေးဝါးများကို သုံးကြိမ် မီးရှို့ဖျက်ဆီးခဲ့ပါကြောင်း၊ ၂၀၀၅ခုနှစ် အောက်တိုဘာ ၂၂ရက် တစ်ရက်တည်းတွင် ကချင်ပြည်နယ်၊ လိုင်ဇာမြို့နှင့် လွယ်ဂျယ်မြို့ နှစ်နေရာတွင် ဖျက်ဆီးသည့်အပြင် ၂၀၀၆ခုနှစ် ဧပြီ ၂၆ရက်တွင်လည်း ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ မီးရှို့ဖျက်ဆီးမှုပြုလုပ်ခဲ့ပါကြောင်း။

အကောင်အထည်ဖော်နိုင်

မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးပပျောက်ရေးအတွက် တားဆီးနှိမ်နင်းရေး ကဏ္ဍများသာမက စိုက်ပျိုးထုတ်လုပ်မှုလျှော့ချပပျောက်သွားစေရန် ၁၅နှစ်စီမံကိန်းကို ၁၉၉၉-၂၀၀၀ခုနှစ်က စတင်ဆောင်ရွက်ခဲ့သည်မှာ ယခုဆိုလျှင် ပထမငါးနှစ် ကာလကုန်လွန်ခဲ့၍ ဒုတိယငါးနှစ်တာကာလ၏ ဒုတိယနှစ်ကို ရောက်ရှိနေပြီဖြစ်ပါကြောင်း၊ ပထမငါးနှစ်ကာ လအတွင်း လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုများ၊ ဘိန်းစိုက်ပျိုးထုတ်လုပ်မှု လျော့နည်းကျဆင်းလာမှုများအပေါ် သုံးသပ်ကြည့်မည်ဆိုပါက မူးယစ်ဆေးဝါးပပျောက်ရေး ၁၅နှစ် စီမံကိန်း၏ ပထမငါးနှစ်စီမံကိန်း ရည်မှန်းချက်များအတိုင်း အကောင်အထည်ဖော်နိုင်ခဲ့ကြောင်းကို သုံးသပ်တွေ့ရှိရပါကြောင်း။

နိုင်ငံတော်အစိုးရ၏ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ဖွံ့ဖြိုးရေးဒေသ ၂၄ခုစီမံကိန်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ် စီမံကိန်းများတွင် နယ်စပ်ဒေသတိုင်းရင်းသား ပြည်သူများတက်ကြွစွာပူးပေါင်းဆောင်ရွက်မှုကြောင့် မူးယစ်ဆေးဝါးပပျောက်ရေး ၁၅နှစ်စီမံကိန်းရည်မှန်းချက်များအတိုင်း အကောင်အထည်ဖော်နိုင်ခဲ့သဖြင့် တိုင်းရင်းသားပြည်သူများ၏ လူနေမှုဘဝတိုးတက်မြင့်မားလာခဲ့ပါကြောင်း။

ပထမငါးနှစ်ကာလအတွင်း ရရှိခဲ့သည့် အောင်မြင်မှုများ၊ တွေ့ကြုံရသည့် အခက်အခဲများအပေါ် အခြေခံပြီး ဒုတိယငါးနှစ်တွင် အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်သွားရန် စီမံထားရှိပါကြောင်း၊ ဒုတိယငါးနှစ် စီမံကိန်းအောင်မြင်ရေးကိုလည်း မူလလုပ်ငန်းတာဝန်ကြီးများဖြစ်သည့် ထုတ်လုပ်မှုပပျောက်ရေး၊ သုံးစွဲမှုပပျောက်ရေး၊ တားဆီးနှိမ်နင်းရေး၊ ပြည်သူလူထုပူးပေါင်းပါဝင်ရေး၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ရေးစသည့်လုပ်ငန်းစဉ်တို့ကိုလည်း ၁၅နှစ်စီမံကိန်း ရည်မှန်းချက်များအတိုင်း အောင်မြင်အောင် အစွမ်းကုန်ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေး ဝါး များ အန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ အတွင်းရေးမှူးမြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီက ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများအကြိမ် (၂၀) မြောက် မီးရှို့ ဖျက် ဆီး သည့် အခမ်းအနားနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

အောင်မြင်စွာဆောင်ရွက်ခဲ့

မြန်မာနှင့်အမေရိကန် ပူးပေါင်းဆောင်ရွက်ခဲ့သည့် ဘိန်းအထွက်နှုန်းတိုင်းတာမှုအရ ၁၉၉၃ခုနှစ်မှ ၂၀၀၄ ခုနှစ်အတွင်း ဘိန်းစိုက်ပျိုးမှု ၈ရာခိုင်နှုန်းကျဆင်းခဲ့ပြီး ဘိန်းထုတ်လုပ်မှုမှာ ၈၉ရာခိုင်နှုန်း ကျဆင်းခဲ့ပါကြောင်း၊ မြန်မာနိုင်ငံနှင့် UNODC ပူးပေါင်းဆောင်ရွက်ခဲ့သည့် ဘိန်းထွက်နှုန်းတိုင်းတာချက်များအရ ဘိန်းစိုက်ပျိုးထုတ်လုပ်မှုမှာ ၂၀၀၂ခုနှစ်မှ ၂၀၀၅ ခုနှစ်အထိ ၅၉ရာခိုင်နှုန်းကျဆင်းပြီး ဘိန်းအထွက်နှုန်းမှာ ၆၁ရာခိုင်နှုန်း ကျဆင်းခဲ့ပါကြောင်း၊ အဆိုပါရလဒ်များကို အမေရိကန်ပြည်ထောင်စုနှင့် UNODC တို့၏ World Drug Report တွင် နိုင်ငံတကာသို့ တရားဝင်ထုတ်ပြန်ကြေညာခဲ့ရာ မြန်မာနိုင်ငံ၏ ဘိန်းစိုက်ပျိုးထုတ်လုပ်မှုကျဆင်းရေးကို အောင်မြင်စွာ ဆောင်ရွက်ခဲ့ကြောင်းနှင့် နိုင်ငံတကာသို့ ခိုင်ခိုင်မာမာ ပြသနိုင်ခဲ့ပါကြောင်း။

တက်ရောက်

ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယက ဖိလစ်ပိုင် သမ္မတနိုင်ငံ သံအမတ်ကြီး H.E Mme Phoebe A.Gomez နှင့် ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ စစ်သံမှူးများ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့က ကြီးမှူးကျင်းပသော ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ အကြိမ်(၂၀) မြောက် မီးရှို့ဖျက်ဆီးသည့် အခမ်းအနားသို့ တက်ရောက်ကြစဉ်။
(သတင်းစဉ်)

မြန်မာနိုင်ငံအတွင်း ဘိန်းနှင့်ဘိန်းဖြူဖမ်းဆီးရမိမှုများကို ၁၉၈၇ ခုနှစ်မှ ယခုနှစ်အထိ နှိုင်းယှဉ်သုံးသပ်မည်ဆိုလျှင် ၁၉၈၇ခုနှစ်တွင် ဘိန်းကီလို ၇၈၀၀ ကျော် ဖမ်းဆီးရမိခဲ့ပြီး ၂၀၀၅ခုနှစ်တွင် ဘိန်း ၇၇၂ကီလိုကျော် ဖမ်းဆီးရမိခဲ့ကြောင်း၊ ၁၉၈၇ခုနှစ်တွင် ဘိန်းဖြူကီလို ၁၄၀၀ကျော်ဖမ်းဆီးရမိခဲ့ပြီး ၂၀၀၅ ခုနှစ်တွင် ဘိန်းဖြူ ၈၁၁ကီလို ကျော်ဖမ်းဆီးရမိခဲ့ကြောင်း၊ ထို့အပြင် ဘိန်းနှင့် ဘိန်းဖြူများကိုလည်း နှစ်စဉ်လျော့နည်းဖမ်းဆီးရမိသည်ကို တွေ့ရှိရကြောင်း။

စိတ်ကြွရူးသွပ်ဆေးပြား

၁၉၉၆ခုနှစ်မှ စတင်ပြီး စိတ်ကြွရူးသွပ်ဆေးပြားများကို မြန်မာနိုင်ငံ၌ ဖမ်းဆီးရမိခဲ့၍ ယခုဆိုလျှင် ၁၁နှစ်အတွင်း ရောက်ရှိလာပြီဖြစ်ကြောင်း၊ စိတ်ကြွရူးသွပ်ဆေးများကို ၁၉၉၉၊ ၂၀၀၀၊ ၂၀၀၁ခုနှစ်များတွင် အများဆုံး ဖမ်းဆီးရမိခဲ့ပြီး ၂၀၀၂ခုနှစ်မှ ယခုနှစ်အထိ ဖမ်းဆီးရမိမှုကျဆင်းလာသည်ကို တွေ့ရပါကြောင်း။

စိတ်ကြွရူးသွပ်ဆေးပြားများနှင့်ပတ်သက်၍ အမျိုးအစားအသစ်များ ဖော်ထုတ်ဖမ်းဆီးရမိခဲ့၍ စိတ်ကြွရူးသွပ်ဆေးပြားများကို အထူးသတိထား အာရုံစိုက်ပြီး ဖော်ထုတ်ဖမ်းဆီးလျက်ရှိကြောင်းကို အသိပေးပြောကြားလိုပါကြောင်း၊ ထို့အပြင် ၂၀၀၁ခုနှစ်မှစတင်ပြီး စိတ်ကြွရူးသွပ်ဆေးတစ်မျိုးဖြစ်သည့် ခေါင်းခါဆေးဟုခေါ်သည့် Ecstasy ဆေးပြားများကိုလည်း ဖမ်းဆီးရမိခဲ့ကြောင်း၊ Ecstasy ဆေးပြားများကို ၂၀၀၁ခုနှစ်မှ ၂၀၀၆ခုနှစ်အထိ ၁၁ကြိမ် ဖမ်းဆီးရမိခဲ့ပြီး စုစုပေါင်းအရေအတွက် ၅၉၁၈ပြားရှိကြောင်း၊ Ecstasy ဆေးပြားများကို ဖမ်းဆီးရမိခဲ့သည့်အပြင် ၂၀၀၁ခုနှစ်မှစတင်ပြီး စိတ်ကြွရူးသွပ်ဆေး ပုံဆောင်ခဲဖြစ်သည့် အိုက်စ်များကို ဖမ်းဆီးရမိခဲ့ကြောင်း၊ ၂၀၀၁ခုနှစ်မှ ၂၀၀၆ခုနှစ်ထိ စိတ်ကြွရူးသွပ်ဆေး ပုံဆောင်ခဲ အိုက်စ်များကို ၁၂ကြိမ် ဖမ်းဆီးရမိခဲ့ပြီး စုစုပေါင်း အလေးချိန် ၁၃၁၅ဒသမ၆ ကီလိုရှိပါကြောင်း။

တားဆီးကာကွယ်

စိတ်ကြွရူးသွပ်ဆေးပြားများကို ထုတ်လုပ်ရန်အတွက် လိုအပ်သည့် ဓာတုပစ္စည်းများကိုလည်း ၂၀၀၃ခုနှစ်တွင် လစ်တာ၃၉၀၀၀ကျော်၊ ၂၀၀၄ခုနှစ်တွင် လစ်တာ ၁၇၀၀၀ကျော်၊ ၂၀၀၅ ခုနှစ်တွင် ဓာတုဆေးရည် ၁၇၈၅၉လစ်တာကျော် ဖမ်းဆီးရမိခဲ့ကြောင်း၊ စိတ်ကြွရူးသွပ်ဆေးပြားထုတ်လုပ်ရာတွင် အသုံးပြုသည့် အက်ဖီဒရင်း၊ ကေဖင်းနှင့် ဓာတုပစ္စည်းများသည် မြန်မာနိုင်ငံ၌ ထုတ်လုပ်ခြင်း မဟုတ်ကြောင်း၊ အိမ်နီးချင်းနိုင်ငံများက တရားမဝင် မှောင်ခိုသယ်ဆောင်လာခြင်းဖြစ်ကြောင်း၊ အိမ်နီးချင်းနိုင်ငံများ အနေဖြင့်လည်း ဓာတုပစ္စည်းများ တရားမဝင်လမ်းကြောင်းသို့ ရောက်ရှိမသွားအောင် တားဆီးကာကွယ်ထိန်းချုပ်ဆောင်ရွက်လျက်ရှိနေသည်ကို မိမိတို့သိရှိပါကြောင်း၊ သို့ရာတွင် မသမာသူများက နည်းမျိုးစုံသုံးပြီး မြန်မာနိုင်ငံအတွင်းကို တင်သွင်းနေပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် ဓာတုပစ္စည်းထိန်းချုပ်ရေးကို အရေးတကြီးဆောင်ရွက်နေကြောင်းကို အလေးအနက်ထား အသိပေးပြောကြားလိုပါကြောင်း။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးနှင့်ပတ်သက်၍ မြန်မာနိုင်ငံအနေဖြင့် တစ်နိုင်ငံတည်းကြိုးပမ်းဆောင်ရွက်၍ မအောင်မြင်နိုင်သည်ကို သဘောပေါက်ခံယူထားသည့်အတွက် အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်သော မျက်နှာစာကိုဖွင့်ပြီး အိမ်နီးချင်းနိုင်ငံများနှင့် နှစ်နိုင်ငံချင်း၊ သုံးနိုင်ငံနှင့် ဒေသခွဲအတွင်း နိုင်ငံများပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

နောက်ထူးခြားချက်မှာ အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ယခုနှစ်ပိုင်းများတွင် ပိုမိုတိုးမြှင့်ဆောင်ရွက်လာနိုင်သကဲ့သို့ နိုင်ငံတကာအဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ မြန်မာ-တရုတ်နှစ်နိုင်ငံ နယ်စပ်ဒေသဆက်ဆံရေးရုံးများကို ကချင်ပြည်နယ် လွယ်ဂျယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) ချင်းရွှေဟော်တို့၌ ဖွင့်လှစ်နိုင်ခဲ့ပြီး ဖြစ်သကဲ့သို့ မြန်မာ-ထိုင်းနယ်စပ်ဒေသ ဆက်ဆံရေးရုံးများကို မြဝတီ၊ တာချီလိတ်မြို့နှင့် ကော့သောင်းမြို့များ၌ ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊ မြန်မာ-လာအိုနှစ်နိုင်ငံ နယ်စပ်ဒေသ ဆက်ဆံရေးရုံးကိုလည်း တာချီလိတ်မြို့ ဝမ်ပုံ၌ဖွင့်လှစ်နိုင်ခဲ့ပါကြောင်း၊ မြန်မာနှင့် လာအိုနိုင်ငံ ပိုမို ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် တာချီလိတ်ခရိုင် ဝမ်ကျင်းတွင် နယ်စပ်ဒေသဆက်ဆံရေးရုံးများကို မကြာမီဖွင့်လှစ်တော့မည်ဖြစ်ပါကြောင်း။

လွှဲပြောင်းပေးအပ်

တရုတ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် ၂၀၀၁ခုနှစ်မှ ယနေ့အထိ အိမ်နီးချင်းတရုတ်နိုင်ငံသို့ မူးယစ်ဆေးဝါးတရားခံ ၆၁ဦးကို (၁၇)ကြိမ် လွှဲအပ်ခဲ့ပြီးဖြစ်ပါကြောင်း၊ တရုတ်နိုင်ငံကလည်း မြန်မာနိုင်ငံမှ မူးယစ်ဆေးဝါးအမှုဖြင့် အလိုရှိသည့် တရားခံနှစ်ဦးအား ၂၀၀၅ခုနှစ် ဧပြီလတွင် တစ်ကြိမ်၊ တရားခံတစ်ဦးအား ၂၀၀၆ခုနှစ် ဖေဖော်ဝါရီလတွင်တစ်ကြိမ် စုစုပေါင်း နှစ်ကြိမ်တွင် တရားခံသုံးဦးကို လွှဲပြောင်းပေးအပ်ခဲ့ပါကြောင်း။

ဒေသခွဲအတွင်း အိမ်နီးချင်းနိုင်ငံများ၏ ပေါ်လွင်ထင်ရှားသည့် ဆောင်ရွက်ချက်များ မိမိတို့နိုင်ငံ မူးယစ်ဆေးဝါးပပျောက်ရေး ကြိုးပမ်းချက်ကို တိုက်ရိုက်အထောက်အပံ့ဖြစ်

ထိုင်းနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှု အနေဖြင့် ထိုင်းနိုင်ငံသို့ ၂၀၀၄ခုနှစ်တွင် မူးယစ်ဆေးဝါးတရားခံနှစ်ဦး၊ ၂၀၀၅ခုနှစ်တွင် မူးယစ်ဆေးဝါးတရားခံတစ်ဦး စုစုပေါင်းသုံးဦးအား မြန်မာနိုင်ငံမှ လွှဲပြောင်းပေးအပ်ခဲ့ပြီး မြန်မာနိုင်ငံသို့လည်း မူးယစ်ဆေးဝါးအမှုဖြင့် အလိုရှိသည့် မြန်မာနိုင်ငံသားတစ်ဦးကို ၂၀၀၅ခုနှစ် ဇန်နဝါရီလတွင် ထိုင်းနိုင်ငံမှ လွှဲပြောင်းပေးအပ်ခဲ့ပါကြောင်း။

နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည့် အမှုအချို့ကိုလည်း ၂၀၀၆ ခုနှစ် ဧပြီ ၂၆ ရက်တွင် ကျိုင်းတုံမြို့၌ကျင်းပခဲ့သည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ သတင်းထုတ်ပြန်ရေးကော်မတီ၏ သတင်းစာရှင်းလင်းပွဲ(၄/၂၀၀၆)တွင် တင်ပြခဲ့ပြီးဖြစ်၍ ဤနေရာတွင် အကျဉ်းပင်တင်ပြမည်ဖြစ်ကြောင်း။

ပိတ်ဆို့ဖမ်းဆီး

၂၀၀၅ခုနှစ် စက်တင်ဘာလတွင် ဘိန်းဖြူအလေးချိန်စုစုပေါင်း ၄၉၆ ကီလိုရှိသည့် ဘိန်းဖြူဘလောက်တုံး ၉၉၂တုံး ဖမ်းဆီးရမိခဲ့ပြီး ထူးခြားစွာအောင်မြင်ခဲ့သည့်အတွက် ဤဖြစ်စဉ်ကို (Case 496)ဟု သတ်မှတ်ခေါ်ဝေါ်ခဲ့ပါကြောင်း၊ အမှုဖြစ်စဉ်တွင် မြန်မာ-တရုတ် နှစ်နိုင်ငံ ရဲတပ်ဖွဲ့ဝင်များသည် နယ်စပ်သတင်းများ၊ သံသယပစ်မှတ်များကို စုံစမ်းဖော်ထုတ်ပြီး လပေါင်းများစွာ အပြန်အလှန်သတင်းဖလှယ် ညှိနှိုင်းဆောင်ရွက်ခဲ့ပါကြောင်း၊ သတင်းခိုင်မာသည့်အတွက် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်နှင့် မူးယစ်အထူး ရဲတပ်ဖွဲ့တို့ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ရှမ်းပြည်နယ်(အရှေ့ပိုင်း)နောင်ချိုနှင့် မိုင်းပျင်းကြား ကားလမ်းမပေါ်တွင် စောင့်ဆိုင်းနေစဉ် ဘိန်းဖြူများ သယ်ဆောင်လာသည့် မော်တော်ယာဉ်ခုနစ်စီးကို လက်နက်ခဲယမ်းများ၊ ထိုင်းဘတ်ငွေ ၄၁သိန်း၊ မြန်မာငွေကျပ် တစ်သိန်းခွဲနှင့်အတူ လျှပ်တစ်ပြက် ပိတ်ဆို့ဖမ်းဆီးနိုင်ခဲ့ပါကြောင်း၊ ယင်းဖြစ်စဉ်တွင် ပြစ်မှုကျူးလွန်သူ တရားခံများကို ဖော်ထုတ်ဖမ်းဆီးနိုင်ပြီး ထိရောက်သည့် ပြစ်ဒဏ်များချမှတ်ခဲ့ပါကြောင်း၊ ဖမ်းဆီးရမိမူးယစ်ဆေးဝါး တစ်ခုတည်း၏ တန်ဖိုးသည် ငွေကျပ် သန်းပေါင်း၃၉၆၈၀သန်းရှိပြီး အမေရိကန်ဒေါ်လာဖြင့် ၆၂သန်းကျော်ရှိပါကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ စစ်သံမှူးများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ မူးယစ်ဆေးဝါးအာနိသင်ပါသော ဖမ်းဆီးရမိ ဆေးရည်ပုလင်းများကို ဖျက်ဆီးပေးကြစဉ်။ (သတင်းစဉ်)

ယင်းဖြစ်စဉ်တွင် အဓိကတရားခံ ဖြစ်သည့် ဘိန်းဖြူဘလောက်တုံးပိုင်ရှင် တရုတ်နိုင်ငံသား ဟန်ယုဝမ်နှင့် တပည့်ဖြစ်သူ အားစိုတို့ကို ၂၂-၉-၂၀၀၅ ရက်တွင် လာအိုနိုင်ငံ ဗီယန်ကျင်းမြို့၌ ဖမ်းဆီးရမိပြီး မြန်မာနိုင်ငံ မူးယစ်ဗဟိုမှ တရုတ်နိုင်ငံသို့ လွှဲပြောင်းပေးအပ်ခဲ့ပါကြောင်း။

နောက်ဖြစ်စဉ်တစ်ခုမှာ ၂၀၀၅ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်မှ ၂၀၀၆ ခုနှစ် မေ ၂၉ ရက်အထိ တာချီလိတ်ခရိုင်၌ ဆောင်ရွက်ခဲ့သည့် မူးယစ်ဆေးဝါး စစ်ဆင်ရေးတစ်ခုတွင် စိတ်ကြွရူးသွပ်ဆေးပြား ၁၄ ဒသမ ၉၃ သန်း၊ ဘိန်းဖြူ ၅၀ ဒသမ ၀၉၅ ကီလို၊ ဘိန်းညို ကီလို၁၀၀၀ ကျော်၊ ဘိန်းမည်း ၂၈ ကီလို၊ ဓာတုဆေးရည်များနှင့် လက်နက်မျိုးစုံ ၁၉၆ လက်၊ ကျည်မျိုးစုံ၂၈၅၂၅ တောင့်၊ လက်ပစ်ဗုံး ၄၈ လုံး၊ မော်တော်ယာဉ် ၅၇ စီး၊ တရားခံ ၃၃ ဦး ဖမ်းဆီးရမည့်ခဲ့သည့်ဖြစ်စဉ်ပင် ဖြစ်ပါကြောင်း၊ ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါး တန်ဖိုးမှာ မြန်မာငွေကျပ် ၁၂၅ ဒသမ ၄၃ ဘီလီယံဖြစ်ပြီး အမေရိကန်နိုင်ငံ၏ လက်ရှိဈေးကွက်တန်ဖိုးနှင့်ဆိုလျှင် အမေရိကန်ဒေါ်လာအားဖြင့် ၁ ဒသမ ၄ ဘီလီယံ တန်ဖိုးဖြစ်ပါကြောင်း။

ကြီးမားသောအောင်မြင်မှု

ဤဖြစ်စဉ်တွင် မူးယစ်အထူးအဖွဲ့များ၊ နယ်မြေခံရဲတပ်ဖွဲ့ဝင်များ၊ နယ်မြေခံတပ်မတော်၊ တပ်ရင်းတပ်ဖွဲ့များ၏ စည်းလုံးညီညွတ်စွာဖြင့် မူးယစ်ဗဟိုနှင့် တရုတ်နိုင်ငံ၊ NNCC၊ ထိုင်းနိုင်ငံ ONCBတို့ ဆက်စပ်ဆောင်ရွက်မှုများကြောင့် ရရှိခဲ့သည့် ကြီးမားသော အောင်မြင်မှုရလဒ်တစ်ခုလည်းဖြစ်ပါကြောင်း။

နောက်ဖြစ်စဉ်တစ်ခုမှာ ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်ခရိုင် ဝမ်ယိန်းဒေသနှင့် လွယ်ချယ်ဒေသတွင် ဘိန်းချက်လုပ်ရန် ဘိန်းစိမ်းများဝယ်ယူစုဆောင်းလျက်ရှိကြောင်းသတင်းအရ ၂၀၀၆ ခုနှစ် မေ ၃ ရက်မှ ၁၃ ရက်အထိ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့က သွားရောက်ရှင်းလင်းရာ ဘိန်းချက်စခန်းနှစ်ခုမှ ဘိန်းညိုမှုန့် ၃၄၃ ကီလို၊ ဘိန်းစိမ်း ၆၅ ဒသမ ၃၂ ကီလို၊ ဘိန်းဆီရည် ဂါလန် ၄၀၊ ဘိန်းဖျော်ရည် ဂါလန် ၁၀၀၊ အမိုနီယမ်ကလိုရိုဒ်အမှုန့် ၃၂၅ ကီလို၊ အမိုနီယမ်ကလိုရိုဒ်အတောင့် ၅၆ တောင့်၊ လိုက်ဇော ဂါလန် ၆၀၊ ဓာတုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိပြီး တရားခံ ၂၉ ဦးအား အရေးယူခဲ့မှုဖြစ်ပါကြောင်း။

လျော့နည်းလာ

တစ်ဖက်တွင်လည်း မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေး ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီချက်အရ ဗဟိုအဆင့်သာမက အောက်ခြေအဆင့်အစည်းအဝေးများ ပုံမှန်ကျင်းပပြီး သတင်းဖလှယ် ပူးပေါင်းဆောင်ရွက်မှုများ နှစ်စဉ်တိုးမြှင့်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းသို့ အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုရလဒ်များအရ နယ်စပ်ဒေသများတွင် မူးယစ်ဆေးဝါးဂိုဏ်းများနှင့် မူးယစ်ဆေးဝါးရောင်းဝယ်သူများ၏ လှုပ်ရှားမှုများ လျော့နည်းလာခဲ့သည်ကို တွေ့ရပါကြောင်း။

ဒေသခွဲအတွင်း အိမ်နီးချင်းနိုင်ငံများ၏ ပေါ်လွင်ထင်ရှားသည့် ဆောင်ရွက်ချက်များတွင်လည်း မိမိတို့နိုင်ငံ မူးယစ်ဆေးဝါးပပျောက်ရေး ကြိုးပမ်းချက်ကို တိုက်ရိုက်အထောက်အပံ့ဖြစ်စေသည့်အတွက် မိမိတို့ဘက်ကလည်း အစွမ်းကုန်တိုးမြှင့်ဆောင်ရွက်လျက်ရှိပါကြောင်း။

ကိုယ့်အားကိုယ်ကိုး

ဤနေရာတွင် ဧည့်သည်တော်များနှင့် နိုင်ငံတကာကို အသိပေးပြောကြားလိုသည်မှာ မြန်မာနိုင်ငံသည် နိုင်ငံတကာအကူအညီ အထောက်အပံ့မရရှိခဲ့သော်လည်း မူးယစ်ဆေးဝါးပပျောက်ရေးကို နိုင်ငံတော်အကြီးအကဲ၏ ချမှတ်ထားသော လမ်းညွှန်ချက်၊ မဟာဗျူဟာ၊ နည်းဗျူဟာများကို လိုက်နာကျင့်သုံးလျက် ကိုယ့်အားကိုယ်ကိုးပြီး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း။

နိဂုံးချုပ်အနေဖြင့် တင်လိုပြလိုသည်မှာ ယခုကဲ့သို့ မြန်မာနိုင်ငံ ရန်ကုန်မြို့၌ ဖမ်းဆီးရမိခဲ့သည့် မူးယစ်ဆေးဝါးများကို မီးရှို့ဖျက်ဆီးခဲ့သည့် အကြိမ်ပေါင်း (၁၉)ကြိမ်ရှိပြီဖြစ်ပါကြောင်း၊ ယနေ့ဖျက်ဆီးသည့် မူးယစ်ဆေးဝါးများအနက် အချို့ကို ဖော်ပြရမည်ဆိုလျှင် ဘိန်း၆၉၀ဒသမ၆၁၁ကီလို၊ ဘိန်းဖြူ ၁၆၉ဒသမ ၇၇၈ ကီလို၊ ဆေးခြောက် ၈၀ဒသမ၉၂၃ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၁၀၉၆၂၅ပြား၊ ၂၁၀ဒသမ၉၆ ကီလို၊ အက်ဖီဒရင်းဆေးမှုန့် ၂၄ဒသမ၀၄ကီလို၊ ICE ၁၀၁ဒသမ၇၄၉ကီလို၊ Ecstasy ၅၃၀၈ပြား၊ ဒိုင်ယာဇီပမ်ဆေးပြား ၄၄၈၆၈ ပြားနှင့် ဒိုင်ယာဇီပမ်ထိုးဆေး ၄၇၆၄ ပုလင်းတို့ ဖြစ်ပါကြောင်း။

ယနေ့ဖျက်ဆီးမည့် မူးယစ်ဆေးဝါးများ၏ တန်ဖိုးသည် အမေရိကန်နိုင်ငံ လမ်းမပေါ်က လက်လီဈေးနှုန်း အရတွက်မည်ဆိုလျှင် အမေရိကန်ဒေါ်လာ ၁၄၈ဒသမ၄ သန်းကျော်ရှိကြောင်းကို တင်ပြလိုပါကြောင်း၊ ပထမအကြိမ်မှ ယခုအကြိမ်(၂၀)အထိ မီးရှို့ဖျက်ဆီးခဲ့သော မူးယစ်ဆေးဝါးများ၏ ကာလတန်ဖိုးမှာ စုစုပေါင်း အမေရိကန်ဒေါ်လာ သန်းပေါင်း ၁၄၈၀၉ဒသမ၉ ကျော်ရှိကြောင်းလည်း တင်ပြလိုပါကြောင်း။

ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများကို မီးရှို့ခြင်းမပြုမီ လက်တွေ့စမ်းသပ် လေ့လာနိုင်ပါကြောင်းကို တစ်ဆက်တည်း ဖိတ်ခေါ်အပ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

မီးရှို့ဖျက်ဆီး

မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီး ဌာနဝန်ကြီး ဗိုလ်ချုပ်မောင်ဦးနှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော် ဆိုင်ရာ သံတမန်အဖွဲ့ နာယက ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mme Phoebe A. Gomez တို့က စက်ခလုတ်နှိပ်၍ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများကို မီးရှို့ဖျက်ဆီးပေးကြစဉ်။
(သတင်းစဉ်)

စမ်းသပ်ကြည့်ရှုစစ်ဆေး

ထို့နောက် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးမှ သံအမတ် ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ စစ်သံမှူးများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများသည် မူးယစ်ဆေးဝါး အာနိသင်ပါသော ဖမ်းဆီးရမိဆေးရည် ပုလင်းများကို သတ်မှတ်ထားသည့် နေရာတွင် ဖျက်ဆီးပေးကြပြီး ခင်းကျင်းပြသထားသော မီးရှို့ဖျက်ဆီးမည့် မူးယစ်ဆေးဝါးများကို စမ်းသပ်ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်မောင်ဦးနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့ နာယက ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mme Phoebe A.Gomez တို့က စက်ခလုတ်ကို ပြိုင်တူနှိပ်၍ ဖမ်းဆီးရမိမူးယစ်ဆေးဝါးများကို မီးရှို့ရုံအတွင်း မီးရှို့ဖျက်ဆီးပေးကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် အခမ်းအနားသို့ တက်ရောက်လာကြသည့် သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ စစ်သံမှူးများ၊ ဌာနေကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယနေ့ကျင်းပသည့် ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ အကြိမ်(၂၀)မြောက် မီးရှို့ဖျက်ဆီးပွဲအခမ်းအနားတွင် မီးရှို့ဖျက်ဆီးသည့် မူးယစ်ဆေးဝါးများမှာ ဘိန်း ၆၉၀ဒသမ ၆၁၁ ကီလိုဂရမ်၊ ဘိန်းဖြူ ၁၆၉ဒသမ ၇၇၈ ကီလိုဂရမ်၊ ဘိန်းဆီ ၁ဒသမ၃၆ ကီလိုဂရမ်၊ ဘိန်းရည် ၂၀၄ဒသမ၅၁၆ ကီလိုဂရမ်၊ ဘိန်းညိုမှုန့် ၃ဒသမ၈၈၁ ကီလိုဂရမ်၊ ဘိန်းစာမှုန့် ၁၆၆ဒသမ၁၃၃ ကီလိုဂရမ်၊ ဆေးခြောက် ၈၀ဒသမ၉၂၃ ကီလိုဂရမ်၊ အိုက်စ် ၁၀၁ဒသမ၇၄၉ ကီလိုဂရမ်၊ အက်ဖီဒရင်း ၂၄ဒသမ ၀၄၅ကီလိုဂရမ်၊ ကဖင်း ၀ဒသမ၀၀၃ ကီလိုဂရမ်၊ စိတ်ကြွရူးသွပ်ဆေးမှုန့် ၀ဒသမ၀၂၉ကီလိုဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၁၀၉၆၂၅ ပြား၊ ဒိုင်ယာဇီပမ်ဆေးပြား ၄၄၈၆၈ ပြား၊ အက်ဖီဒရင်းဆေးပြား ၅၉၅ ပြား၊ အယ်ပရာဇိုလပ်ဆေးပြား ၂၀၂၇၈ ပြား၊ ကိုဒင်းပါဆေးရည် ၂၇ဒသမ၈၇၀လစ်တာ အလုံး ၅၁၀၊ ဗြူပရီနော်ဖင်းထိုးဆေး ၁၀ လုံး၊ ဒိုင်ယာဇီပမ်ထိုးဆေး ၄၇၆၄ လုံး၊ ဒက်ထရိုပရိုဖိုင်ဖင်း ရှစ်လုံး၊ ၊ ပင်တာဇိုဆင်းထိုးဆေး ၁၁၉၈ လုံး၊ ပင်တာဇိုဆင်းဆေးပြား ၅၉၁ ပြား၊ ဖီနိုဘာ ဘီတောလ်ဆေးပြား ၁၀၈၅ ပြား၊ မော်ဖင်းထိုးဆေး ၁၇၀၉ လုံး၊ Ecstasy ၅၃၀၈ လုံးနှင့် နိုက်ထရောဇီပမ်ဆေးပြား အပြား ၆၆၀ စုစုပေါင်း ၁၆၆၀ဒသမ၅၇၅ ကီလိုဂရမ်၊ ၁ဒသမ၆၆၀၅ တန်တို့ဖြစ်သည်။

(သတင်းစဉ်)

အကြိမ်(၂၀)မြောက် မီးရှို့ဖျက်ဆီးမည့် ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများကိုတွေ့ရစဉ်။ (သတင်းစဉ်)

၈၈ မျိုးဆက်ဆိုသူများ၏ သမိုင်းအမှန်

ရဲခေါင်ကျော်

ကျောင်းသားလူငယ်များ၏ ဘဝတွင် အနာဂတ်အလားအလာကောင်းများက ဆီးကြိုနေစမြဲဖြစ်သည်။ ပညာသင်ကြသည်။ အသိပညာရှင်၊ အတတ်ပညာရှင်၊ အဆင့်မြင့်နည်းပညာရှင်များ ဖြစ်လာကြမည်။ ပညာအသိဉာဏ်နှင့် မျိုးချစ်စိတ်ပတ်ဝန်းကျင်တို့၌ ကြီးပြင်းလာရသည့် ယနေ့လူငယ်များသည် အနာဂတ်တွင် နိုင်ငံ့တာဝန်ကို ထမ်းဆောင်ကြရပေမည်။ ထို့ကြောင့် ကျောင်းသားလူငယ်များကို နိုင်ငံတော်နှင့်မိဘ၊ ဆရာတို့က စနစ်တကျ ပြုစုပျိုးထောင် နေကြခြင်းဖြစ်ပေသည်။

နယ်ချဲ့ကျူးကျော်မှုကို ခုခံတွန်းလှန်သော တိုင်းရင်းသား မျိုးချစ်များ၏သူ့ကျွန်မခံ ခုခံရေးတိုက်ပွဲများ၊ ဝိုင်အမ်ဘီအေမှသည် လွတ်လပ်ရေးရသည်အထိ ဦးဆောင်ခဲ့သော အဖွဲ့အစည်းများ၊ ရေနံမြေ အလုပ်သမားများသပိတ်၊ တောင်သူလယ်သမားအရေးတော်ပုံ၊ ကျောင်းသားလှုပ်ရှားမှုများသည် တိုင်းတစ်ပါး နယ်ချဲ့များကို ဆန့်ကျင်ဖယ်ထုတ်ကာ လွတ်လပ်ရေးရယူသည့် အမျိုးသားနိုင်ငံရေး ကြိုးပမ်းမှုသက်သက်သာ ဖြစ်သည်။

ထိုအချိန်က ပါတီ၊ ဝါဒ၊ ဂိုဏ်းဂဏ အာဏာစွဲများ ကင်းရှင်းစွာ နိုင်ငံနှင့်လူမျိုး အကျိုးစီးပွားသက်သက်ကိုသာ ရှေးရှုလုပ်ဆောင်ခဲ့သဖြင့် သန့်စင်မွန်မြတ်သော အမျိုးသားရေးကြိုးပမ်းမှုဖြစ်သည်။ လွတ်လပ်ရေးရခါနီးတွင် မြန်မာလူငယ်များအတွင်း လက်ဝဲ၊ လက်ယာအမျိုးမျိုး အယူဝါဒများ ပျံ့နှံ့ချင်းနင်းဝင်လာသည်။ သူ့ဝါဒကမှန်သည်၊ သူ့ပါတီကမှန်သည်ဟူ၍ ဖြစ်လာကြသည်။ သူ့ဝါဒသာ နိုင်ငံတွင် လွှမ်းမိုးရန် နိုင်ငံတော်အာဏာ ရယူလိုကြသည်။ အာဏာရလိုဇောဖြင့် ပြည်သူလူထုမျက်နှာမထောက်ဘဲ အချင်းချင်း အာဏာလုလာကြသည်။

ယင်းအာဏာစွဲ၊ ငါစွဲ၊ ဝါဒစွဲများကြောင့် ပြည်တွင်းသောင်းကျန်းမှုစစ်မီးဒဏ်ကို ပြည်သူများ ခါးစည်းခံကြရသည်။ အသက်ဖက်နဲ့ထုပ်ပြီး ပြေးလွှားနေခဲ့ရသည်။ အိုးအိမ်စည်းစိမ်များ ပျက်စီးပြီး အသက်များဆုံးရှုံးခဲ့ရသည်။ အနက်ရောင်၊ အညိုရောင်နယ်မြေများတွင် ပြည်သူတို့ကျီးလန့်စာစား နေထိုင်ကြရသည်။ ပြည်တွင်းသောင်းကျန်းမှုကလည်း ကာလရှည်ကြာလွန်းလှသည်။ ၁၉၄၈ခုနှစ်မှ စတင်ခဲ့ပြီး ၁၉၉၀ပြည့်ဝန်းကျင်ကျမှ တောတွင်းလက်နက်ကိုင်အဖွဲ့များ တဖွဲဖွဲ ငြိမ်းချမ်းရေးရယူခဲ့ကြသဖြင့် ယနေ့ ပြည်ထောင်စုတစ်ဝန်း သွားလိုရာဘေးကင်းစွာသွားနိုင်ကြသည်။ သို့တိုင် ကိုလိုနီဝါဒီတို့က လက်ကျန်တောတွင်း သောင်းကျန်းသူအဖွဲ့များကို ဥပဒေဘောင်အတွင်း မဝင်ရောက်အောင် နောက်မှခါးဆွဲထားနေသည်ကို မြင်တွေ့နေရသည်။

ထိုမျှမက ပြည်တွင်း၌ ဆူပူမှု၊ အကြမ်းဖက်မှု၊ ပြည်ထောင်စုမှခွဲထွက်လိုမှုများကို ဒီမိုကရေစီရေး ကြိုးပမ်းမှုဟု ကိုလိုနီဝါဒီတို့က ဆိုင်းဘုတ်လှလှတင်ပေးကာ ဒေါ်လာပုံအောပြီး ဒီမိုကရေစီပြည်ပြေးစီမံကိန်း၊ ဒီမိုကရေစီဆူပူဖျက်ဆီးမှု စီမံကိန်း၊ ဒီမိုကရေစီဗိုးခွဲ၊ မိုင်းထောင်အကြမ်းဖက်စီမံကိန်းများ အကောင်အထည်ဖော်လျက် ရှိနေသည်။

လွတ်လပ်ရေးရရှိပြီးနောက် ဂိုဏ်းဂဏကွဲ၊ ပါတီဝါဒကွဲများဂယက်၊ သောင်းကျန်းမှုဂယက်ကြောင့် မြေပေါ်တွင်လည်း ၎င်းအရိပ်မည်းကြီး ထိုးလာခဲ့သည်။ မြေပေါ်ဆူပူမှုများ တစ်ခုပြီးတစ်ခု ဖန်တီးခဲ့ကြသည်။ လက်ဝဲအုပ်စုများ ဖန်တီးသော ဆူပူမှု၊ လက်ယာအုပ်စုများဖန်တီးသော ဆူပူမှု၊ လက်ဝဲလက်ယာတို့ ယာယီလက်တွဲကာ အာဏာရအစိုးရကို တိုက်ခိုက်ရန် စုပေါင်းလက်တွဲဖန်တီးသော ဆူပူမှုများဖြစ်ပွားခဲ့သည်။ လမ်းပေါ်ထွက်ပြီး ဆူကြပူကြပြီဆိုလျှင် ဘေးမှရပ်ကြည့်ရင်းပူးပေါင်းထောက်ခံသယောင်ဖြင့် လိုက်ပါလာသော တောကြောင်များက ကားများမီးရှို့၊ လမ်းစည်းကမ်း၊ ယာဉ်စည်းကမ်း အချက်ပြမီးပွိုင့်များ ဖျက်ဆီး၊ ဈေးဆိုင်များ၊ စတိုင်းဆိုင်များဝင်လု ဖြစ်လာကြသည်။

ဝါဒစွဲ၊ အယူဝါဒကွဲ၊ ပါတီချင်းကွဲပြကာ နယ်မြေလု၊ ဗိုလ်လု၊ အာဏာလု၊ စည်းရုံးရေးစားကျက်လုကြသည်။ ဤသို့ဖြင့် လူငယ်များအတွင်း ပြည်သူ့လူငယ် (ဆိုရှယ်နီ)၊ လူငယ်တပ်ဦး(အလံနီ)၊ တပ်နီလူငယ် (ဗကပ)၊ ပြည်ထောင်စုလူငယ် (သန့်ရှင်းဖဆပလ၊ ပထစ)၊ ဆိုရှယ်လစ်လူငယ်(တည်မြဲဖဆပလ)စသည်ဖြင့် ကွဲပြားလာကြသည်။ လူငယ်ချင်းရန်ဘက်ဖြစ်လာရသည်။ ကျောင်းသားအဖွဲ့အစည်းများဖြစ်သည့် ဗကသ၊ တကသ၊ ရကသ၊ မကသတို့တွင်လည်း အပြိုင်အဆိုင်အာဏာလုကာ ခေါင်းဆောင်မှုနေရာယူလာကြသည်။ အာဏာရ အုပ်စုက တစ်နိုင်ငံလုံးမှ ကျောင်းသားသမဂ္ဂများမှတစ်ဆင့် ကျောင်းသားထုကို အသုံးချကြိုးကိုင်လာကြသည်။

၁၉၆၂ခုနှစ်တွင် တော်လှန်ရေးအစိုးရတက်လာရာ ဗကသများအဖွဲ့ချုပ်က ထောက်ခံခဲ့သည်။ ဦးသိန်းဖေမြင့်ကလည်း ကျောင်းသားအဖွဲ့အစည်းတစ်ရပ် ထူထောင်ကာ ကျောင်းသားများကိုစည်းရုံးသိမ်းသွင်းရန်ကြိုးစားခဲ့သည်။ ဒီအက်စ်အိုခေါ် ကျောင်းသားရဲခေါင်များက တော်လှန်ရေးအစိုးရကို (တည်မြဲ ဖဆပလမူဝါဒအရ)ဆန့်ကျင်နိုင်သရွေ့ ဆန့်ကျင်ခဲ့သည်။ ဗကပယူဂျီဖြစ်သည့် တပ်ဦးကျောင်းသားခေါင်းဆောင်များက ၁၉၆၂-၆၃ခုနှစ်များတွင် မြေပေါ်ဆူပူမှု အရေးအခင်းများဖန်တီးခဲ့သည်။

လွတ်လပ်ရေးမရမီ ကျောင်းသားလူငယ်တို့၏ လှုပ်ရှားမှုများသည် နယ်ချဲ့ ဆန့်ကျင်ရေး၊ အမျိုးသားလွတ်လပ်ရေးလှုပ်ရှားမှု သက်သက်အတွက် မျိုးချစ်စိတ်ဓာတ်၊ အမျိုးသားရေးအမြင်၊ မြန်မာ့ဇာတိသွေးဇာတိမာန်တို့ဖြင့် တိုက်ပွဲဝင်ခဲ့သည့် တောက်ပြောင်သော သမိုင်းကောင်းဖြစ်ခဲ့သည်။

သို့သော်...။

ဆုံးရှုံးခဲ့သော မြန်မာ့လွတ်လပ်ရေးကို သက်စွန့်ကြိုးပမ်းတိုက်ယူခဲ့သည်မှာ မြန်မာမျိုးချစ်လူငယ်များဖြစ်သကဲ့သို့ ယနေ့လွတ်လပ်ရေးနှင့် ပြည်သူ့အသက် အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ခဲ့၊ စောင့်ရှောက်ဆဲ၊ စောင့်ရှောက်လတ္တံ့မှာလည်း မျိုးချစ်မြန်မာလူငယ်များပင်ဖြစ်သည်။

သို့ရာတွင် လူငယ်များသည် ကလေးသူငယ်ဘဝ၌ အပြစ်ကင်းကြသည်။ လူငယ်ဘဝရောက်သည့်တိုင် အဖြူရောင်အောက်ခံရှိသူများဖြစ်ကြသည်။ ထိုလူငယ်များကို စေတနာမှန်ဖြင့် ဖြူစင်သော အရောင်ဘဝမှာပင် ရှိနေစေသင့်သည်။ ဝါဒ၊ ပါတီ၊ ဂိုဏ်းဂဏအရောင်များခြယ်လိုက်ပြီဆိုလျှင် လူငယ်တို့သည် စွဲထင်နေသောအရောင်ကို ချွတ်ခွာချရန် မစွမ်းသာဘဲ ဖြစ်တတ်သည်။

ပတ်ဝန်းကျင်ကြောင့်ဖြစ်စေ၊ ကျွမ်းကျင်သော နိုင်ငံရေးမှဆိုးတို့အဆွယ် ကောင်း၍ဖြစ်စေ၊ မတောက်တခေါက် နိုင်ငံရေးစာပေဖတ်မိ၍ဖြစ်စေ၊ မိမိအထင်ကြီးမိသူ၏နောက် ကောက်ကောက်ပါအောင် လိုက်မိလျှင်ဖြစ်စေ လူငယ်တို့သည် အချစ်စွဲတမျိုး၊ ဘိန်းစွဲ အရက်စွဲတမျိုး၊ နိုင်ငံရေးစွဲ ကြီးလာတတ်သည်။ အချစ်ရေးမှာသာ ဒိန်းတလိန်းနတ်ပူးသည်မဟုတ်၊ မူးယစ်ဆေး၊ နိုင်ငံရေး၊ လောင်းကစားတို့သည်လည်း စွဲမိလျှင် ဒိန်းတလိန်းပူးတတ်ပေသည်။

ကျောင်းသားလူငယ်တို့သည် အထက်ဖော်ပြပါ အကြောင်းအမျိုးမျိုးဖြင့် နိုင်ငံရေးဒိန်းတလိန်းပူးတတ်လေသည်။ လူငယ်ကို အထင်မသေးနဲ့၊ သူတို့က နိုင်ငံရေးကို ပိုပြီး နားလည်သေးတယ်ဟူသော အပြောမျိုးဖြင့် လူငယ်များကို သွေးထိုးကြ၊ သိမ်းသွင်းကြ၊ အသုံးချကြသည်။ နိုင်ငံရေးသမားဝါရင့်ဆိုသူ ပဂေးများပင် တစ်သက်တာအတွင်း နိုင်ငံရေးအယူများ၊ လက်ဝဲစွန်း၊ လက်ဝဲ၊ အလယ်အလတ်၊ လက်ယာ၊ လက်ယာစွန်းမျိုးစုံကို အကြိမ်ကြိမ်အလီလီ ကူးပြောင်းတတ်သည်။ ဤသည်မှာ ထိုနိုင်ငံရေးသမားလူကြီးများပင် ငယ်စဉ်က သိမြင်ခံယူခဲ့သည်မှာ မမှန်ဟု နောင်သိလာပြီး အယူတိမ်းကြ၊ အယူပြောင်းကြလေသည်။ ထို့ကြောင့် လူငယ်များနုစဉ်ဘဝ မှိုင်းတိုက်ခံရသော အယူဝါဒများသည် ရှင်မဟာရဋ္ဌသာရ၏ သုစိပုဘာ၊ ဝိလိသိဒါ အက္ခရာစွဲသုံး၊ ထိုရှစ်လုံးအတိုင်း သင်ရ၊ မှတ်ရ၊ မေးမြန်းလေ့လာ သုံးသပ်ဝေဖန်ပြီးမှ ဆောင်ကြသင့်သည်။

မြီးကောင်ပေါက်နှလုံးသားမျိုးဖြင့် ငယ်စဉ် စွဲမိစွဲရာစွဲသော နိုင်ငံရေးအစွဲသည် နိုင်ငံရေးမှဆိုး၏ သားကောင်ဘဝသို့သာ တွန်းပို့ခံရမည့် မနူးမနပ်အစွဲ၊ ဝေလေလေအစွဲမျိုးဖြစ်သည်။

အရေးအခင်း၊ လှုပ်ရှားမှုမျိုးစုံကို လေ့လာလျှင် ထိုသဘောတရားကို ကွင်းကွင်းကွက်ကွက်၊ ရှင်းရှင်းပြက်ပြက် မြင်တွေ့သိနိုင်ကြပေမည်။ လွတ်လပ်ရေးရရှိသည့်နောက်ပိုင်း ဆူပူမှုများတွင် လက်ဝဲက ဖန်တီးသော၊ လက်ယာက ဖန်တီးသော၊ လက်ဝဲလက်ယာပူးပေါင်းဖန်တီးသော ဆူပူမှုများပါသည်။ အစွယ်လိုသူက မိဖုရားဆိုသည့်အတိုင်း ဆူပူမှုဖြစ်စေလိုသူမှာ ပြည်ပမှ ကိုလိုနီလက်သစ်များ၊ ပြည်တွင်းမှ အာဏာငန်းဖမ်းနေသည့် ပုဆိန်ရိုးအမျိုးသား သစ္စာဖောက်များဖြစ်သည်။ အစွန်းရောက် အကြမ်းဖက် အာဏာရယူလိုသော သောင်းကျန်းသူများဖြစ်သည်။

ဗကပ(အရှေ့မြောက်တိုင်း)ဌာနချုပ် ပြိုကျသွားပြီးနောက် ဗကပက ၁၉၈၈ခုနှစ် ဆူပူမှုတွင် ဝင်ရောက်လှုပ်ရှားပုံများ၊ ဗကပဥက္ကဋ္ဌ ဗသိန်းတင်အား UG တာဝန်ခံ ရဲဘော်ထွန်း(ခေါ်)ဗိုလ်ကျင်မောင် အစီရင်ခံသည့် ဗီဒီယို တိပ်ခွေမှတ်တမ်းကို တပ်မတော်မှရရှိခဲ့သည်။ ပညာရေးနယ်ပယ်မှ ဆရာ၊ ဆရာမများအား ထိုအခွေဖွင့်ပြပြီး ရုပ်မြင်သံကြားမှလည်း ပြသခဲ့သည်။ ဗိုလ်ကျင်မောင်က ရဲဘော်ကျော်မြကို စေလွှတ်ကာဆူပူမှုဖန်တီးကြိုးကိုင်နေပုံ၊ ၎င်းနှင့် ရဲဘော်ကျော်မြ နေ့စဉ်ဆက်သွယ်ရေးစက်ဖြင့် ဆက်သွယ်ကာ ညှိနှိုင်းကွပ်ကဲပုံ၊ ပြောပြပုံများ မြင်ရ၊ ကြားရသည်။

၅-၈-၈၉ရက်နေ့တွင် ကျင်းပသော အထူးသတင်းစာရှင်းလင်းပွဲ၌ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ဗမာပြည်ကွန်မြူနစ်ပါတီ မြေအောက်လှုပ်ရှားသူများက နိုင်ငံတော်အတွင်း ဆူပူလှုပ်ရှားမှုများဖန်တီး၍ နိုင်ငံတော်အာဏာရယူနိုင်ရေး ကြိုးပမ်းမှု၊ နိုင်ငံရေးပါတီအသီးသီးတွင် စိမ့်ဝင်ထိုးဖောက်ဝင်ရောက်နေရာယူမှုများကို အထောက်အထားခိုင်ခိုင်ဖြင့် ရှင်းလင်းတင်ပြခဲ့သည်။ ယင်းရှင်းလင်းချက်များကို စာအုပ်ရိုက်နှိပ်ထုတ်ဝေခဲ့ရာ အကြိမ်ကြိမ်ထပ်မံရိုက်နှိပ်ရပြီး မြန်မာနိုင်ငံတွင် စောင်ရေအများဆုံး ထုတ်ဝေရသည့် စံချိန်သစ်တင်နိုင်ခဲ့သည်။

ယင်းစာအုပ်၏ စာမျက်နှာ(၆)တွင် ဤသို့ ဖော်ပြထားသည်။ “၁၉၈၈ခုနှစ် ဇန်နဝါရီလထဲမှာပင် ဗကပယူဂျီခေါင်းဆောင် တင်အောင်သည် ဒေါက်တာဇော်မင်း၊ ရန်ကုန်တက္ကသိုလ်မြန်မာစာနည်းပြဆရာ ဌေးသိန်းတို့နှင့် တွေ့ဆုံခဲ့သည်။ ယင်းတွေ့ဆုံဆွေးနွေးပွဲတွင် ကျောင်းသားသမဂ္ဂစိတ်ဓာတ် ပြန်လည်အသက်သွင်းရေးနှင့် သမဂ္ဂဖွဲ့စည်းရေးကြေညာချက်များ ဆက်လက်ထုတ်ဝေရန်၊ ငွေစက္ကူကိစ္စ လှုပ်ရှားမှုကဲ့သို့ ကျောင်းသားလှုပ်ရှားမှုများပေါ်ပေါက်လာပါက တစ်နေရာတည်းတွင် မဖြစ်စေရန် ဆုံးဖြတ်ခဲ့သည်”ဟူ၍ဖော်ပြထားသည်။

စာမျက်နှာ(၇)၊ (၈)တို့တွင် အောက်ပါအတိုင်းဖော်ပြထားသည်-

“၁၉၈၈ခုနှစ် မတ်လ၁၃ရက်နေ့မှာ ဖုန်းမော် သေဆုံးမှုနှင့်ပတ်သက်၍ မမျှော်လင့်သောဖြစ်ရပ် အခြေအနေများကြောင့် ဆူပူမှုဖြစ်ပွားခဲ့ကြောင်း၊ ဤအချက်မှာ ယူဂျီမြေအောက်ခေါင်းဆောင်များ၏ စောင့်မျှော်နေသည့် အချိန်အခါ အခွင့်အရေးကောင်းကို ဖြစ်ပေါ်စေသည့် အချက်ဖြစ်ပြီး ယင်းကို လက်မလွှတ်တမ်း အသုံးချရန် ရန်ကုန်စက်မှုတက္ကသိုလ်တစ်ခုတည်း လှုပ်ရှားမှု ကွက်ကွက်ကလေးတစ်ခုတည်း မဖြစ်စေဘဲ ရန်ကုန်တက္ကသိုလ်နှင့် အခြားကျောင်းများကိုပါ ပြန့်ပွားလာစေဖို့ ယူဂျီခေါင်းဆောင်များက ဆုံးဖြတ်ကာ ၎င်းတို့၏ Cell (ကလာပ်စည်း)များကို နေရာအနှံ့ဖြန့်ခွဲ လှုပ်ရှားရန် တာဝန်ပေးခဲ့ကြောင်း၊ ဤနေရာမှာ အဓိကပါဝင်လှုပ်ရှားသူများကတော့ ရန်ကုန်တက္ကသိုလ်(ပင်မ)မှ မြန်မာစာနည်းပြ ဦးဌေးသိန်း၊ ရန်ကုန်စက်မှုတက္ကသိုလ် ချည်မျှင်နှင့်အထည်ဌာနမှ နည်းပြဆရာ ဦးသီဟလတ်၊ ဦးတင်မြင့် (အင်ဂျင်နီယာ)၊ စက်မှုတက္ကသိုလ်ရှေ့ စိုက်ပျိုးရေးသုတေသနဝင်းနေ ဆရာဝန် ဒေါက်တာဇော်မင်း၊ ရန်ကုန်တက္ကသိုလ်(ပင်မ)မှ ကျောင်းသား ညိုထွန်း (ဗကသ)နှင့် ခင်မောင်ရင်(ခ)တင်အေး(ဗကသ)တို့ဖြစ်ကြောင်း။

“တစ်ချိန်တည်းမှာ ဆူပူလိုသည့် မိုးသီးဇွန်၊ မင်းကိုနိုင်၊ သက်ထွန်း (လူ့ဘောင်သစ်)နှင့် ဒေါက်တာဇော်မင်းတို့အား ထိတွေ့စည်းရုံးပြီး ဆူပူမှုဖြစ်အောင် ဖန်တီးခဲ့ကြောင်း”

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

၁၉၈၈ခုနှစ် ဆူပူမှုချုပ်ငြိမ်းသောအခါ ဆူပူမှုခေါင်းဆောင်များမှာ မိမိတို့အိမ်များမှာပင် ဟန်မပျက်နေကြကာ ကလေးများကိုခွဲတမ်းချပြီး နယ်စပ်သို့ တွန်းလွှတ်ခဲ့ကြသည်။ ၎င်းတို့အနက် ဆူပူမှုကာလ ဗကသခေါင်းဆောင် မိုးသီးဇွန်၊ အောင်ဒင်တို့ ပြည်ပခွဲတမ်းကျသွားကြသည်။ ဗကပယူဂျီ မိုးသီးဇွန်နှင့် အောင်ဒင်တို့သည် အနောက်ဆရာကြီးများ ခါးပိုက်ဆောင်ထဲသို့ ရောက်သွားခဲ့သည်။ မင်းကိုနိုင်မှာမူ ပြည်တွင်း၌ ဆက်လက် ဆူပူမှုဖန်တီးရမည့်သူဖြစ်လာခဲ့သည်။ ဗကပယူဂျီများသည် အနောက်ဒီမိုကရေစီကို လက်ခံယုံကြည်ပြီး စားကျက်ပြောင်းသွားကြခြင်းလော၊ လက်ယာအုပ်စုကို အခြေအနေအရ ဖက်တွယ်ကာ တစ်နေ့တွင် လက်ဝဲစိုးမိုးမှုရယူမည့် ထရိုဂျန်များလောဆိုသည်ကို ကာယကံရှင်များသာ ပို၍သိကြပေမည်။

စတုတ္ထအကြိမ် စာပေညီလာခံဂုဏ်ပြုငွေလှူဒါန်း

ရန်ကုန် ဇွန် ၂၆

စတုတ္ထအကြိမ် စာပေညီလာခံအား ဂုဏ်ပြုသောအားဖြင့် ပျဉ်းမနားမဂ္ဂဇင်းနှင့် အလှူငွေများ ပေးအပ်လှူဒါန်းလျက်ရှိရာ မင်္ဂလာတောင်ညွန့်မြို့နယ် စာပေနှင့်စာနယ်ဇင်းနာယက မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဘဏ္ဍာငွေရှာဖွေရေးလုပ်ငန်းကော်မတီဝင် ဦးကျော်ညွန့်(ကျော်ညွန့်ရည်)နှင့်ဇနီးဒေါ်ဝါဝါကျော်တို့ကပထမအကြိမ် အလှူငွေကျပ်သုံးသိန်းနှင့်ဒုတိယအကြိမ်အဖြစ် အလှူငွေကျပ်နှစ်သိန်းနှင့် ငွေကျပ်သုံးသိန်းတန်ဖိုးရှိဒေါက်တာရဲနိုင်၏ မျက်စိမှာအချစ်ရှိမှမြင်သည်စာအုပ် ၂၅၀နှင့်ကျပ်ငါးသိန်းတန်ဖိုးရှိပျဉ်းမနားမဂ္ဂဇင်း ၂၅၀ စုစုပေါင်း ကျပ်၁၃သိန်းဖိုးပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများကလက်ခံယူပြီး ဂုဏ်ပြုလွှာပြန်လည်ပေးအပ်ကြောင်း သတင်းရရှိသည်။ **(အောက်ပုံ) (သတင်းစဉ်)**

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

ရန်ကင်းမြို့နယ် မိုးကောင်းဆုတောင်းပြည့်စေတီတော် ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲတွင် သံဃာတော်၁၀၈ပါးတို့အား တန်ဖိုးငွေကျပ်၃၅၀၀၀၀ ရှိ ဆေးဝါးများကို ကျောက်တံတားမြို့နယ် အခန်း ၁၄၀၆ အိုလံပစ်တာဝါ ဗိုလ်အောင်ကျော်လမ်းနေ Dr. မျိုးသန့်–ဒေါ်ယုဇော်၊ သမီး ခိုင်ဇာသန့်၊ ကြည်ဇာသန့် (Zar+Zar Co.,) မိသားစုက လှူဒါန်းရာ ဂေါပကအဖွဲ့ ဒုတိယဥက္ကဋ္ဌ သီရိသုဓမ္မမဏိဇောတဓရ ဦးသန်းထွန်း၊ ဦးကိုကိုကြီးနှင့် အဖွဲ့ဝင်များက လက်ခံရယူပြီး ဂုဏ်ပြုလွှာပြန်လည်ပေးအပ်စဉ်။ (က–ပ)

စာမျက်နှာ ၁၀ ဆောင်းပါးမှအဆက်

"၂၆–၈–၈၈ရက်နေ့တွင် တင်အောင်နှင့် ဒေါက်တာဇော်မင်းတို့ ညှိနှိုင်းပြီး အထွေထွေသပိတ် ကော်မတီဖွဲ့စည်းရေး၊ ကြားဖြတ်အစိုးရဖွဲ့စည်းရေး တောင်းဆိုချက်ပါသော လှုံ့ဆော်စာကို ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂ အမည်ခံ၍ ရိုက်နှိပ်ဖြန့်ဝေစေခဲ့ကြောင်း"

"၂၈–၈–၈၈ရက်နေ့တွင် ရန်ကုန်တက္ကသိုလ် မြက်ခင်းပြင်၌ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂ(ဗကသ)ကို ဖွဲ့စည်းခဲ့ကြောင်း၊ ဗကသဥက္ကဋ္ဌမှာ မင်းကိုနိုင်၊ ဒုတိယဥက္ကဋ္ဌအဖြစ် ကိုကိုကြီး၊ အတွင်းရေးမှူးအဖြစ် မိုးသီးဇွန်တို့ဖြစ်ပြီး ဗကပယူဂျီအဖွဲ့ဝင်များဖြစ်သည့် ညိုထွန်း၊ ဒေါက်တာဇော်မင်း၏ညီ ဇော်ထွန်းနှင့်တင်အေးတို့က အဖွဲ့ဝင်များအဖြစ် ထိုးဖောက်ဆောင်ရွက်နိုင်ခဲ့ကြောင်း"

ရန်ကုန်တက္ကသိုလ်မြက်ခင်းပြင် တရားဟောစင်တွင် မင်းကိုနိုင်တို့လူစုက နိုင်ငံရေး(လက်ဝဲ)စကားလုံးမိုးမွှန်အောင်သုံးပြီး ဗကပလိုင်းကို ဖော်ဆောင်ရင်း အစိုးရကို ကလော်တုတ်သဖြင့် အောက်မှရှိးသားသော ကျောင်းသားတစ်စုက "ကျောင်းသားအရေးပဲပြောပါ၊ မဆိုင်တဲ့ နိုင်ငံရေးစကားမပြောပါနဲ့"ဟု ကန့်ကွက်ပြောကြားစဉ် ထိုကျောင်းသားတစ်စုကို ဗကပယူဂျီတစ်စုက ဝိုင်းညှပ်ကာ တက္ကသိုလ်စာကြည့်တိုက်နောက်သို့ ခေါ်သွားပြီး ဝိုင်းဝန်းထိုးကြိတ်ကြသည်။

လက်ယာသံရုံးကြီးများ၏ အကူအညီ၊ အစီအမံဖြင့် အဓိပတိ ဟောင်း ဒေါက်တာဗမော်၏သမက်၊ ဒေါ်ဥမ္မာမော်၏ခင်ပွန်း၊ ပြည်ပြေးဓာလီမော်၏ ယောက်ဖ ဦးရဲထွန်းသည် သံရုံးများမှ ပံ့ပိုးငွေဖြင့် ၁၉၈၈ခုနှစ် ဆူပူဖန်တီးရာ၌ ရှေ့တန်းမှပါဝင်ခဲ့သည်။ ၉–၉–၈၉ရက်နေ့ အထူးသတင်းစာရှင်းလင်းပွဲတွင် ရှင်းပြခဲ့သမျှကို မြန်မာနိုင်ငံအတွင်းမှ သစ္စာဖောက်ပုဆိန်ရိုးများနှင့် ပြည်ပမှ ဓားရိုးကမ်းသူတို့၏ အရှုပ်တော်ပုံ အမည်ဖြင့် စာအုပ်ထုတ်ဝေခဲ့သည်။ ယင်းစာအုပ်တွင် ရဲထွန်းနှင့်သံရုံးများ၊ ပြည်ပြေးများ၊ မြေပေါ်မှအနောက်မျှော် ပုဆိန်ရိုးများပူးပေါင်းကာ မြန်မာနိုင်ငံကို တိုင်းတစ်ပါးသား နယ်ချဲ့များလက် ထိုးအပ်ရန် ကြံစည်လှုပ်ရှားခဲ့ပုံများ ဖတ်ရှုနိုင်ကြပါသည်။

ရဲထွန်းသည် ယူဂျီအုပ်စုများဖွဲ့ပြီး ၁၉၈၉ခုနှစ် ဒီဇင်ဘာလမှစ၍ နိုင်ငံတော်ကို ပုန်ကန်ရန် ကြံစည်ခဲ့သည်။ ရဲထွန်းသည် ၎င်းစည်းရုံးသိမ်းသွင်းထားသည့် ကျောင်းသား အဖွဲ့အစည်းများကို ငွေကြေးထောက်ပံ့ရန် ပြည်ပြေးဓာလီမော်၊ တင်မြင့်ဦးတို့အား နိုင်ငံခြားအဖွဲ့အစည်းများထံမှ ထောက်ပံ့ငွေ ရှာဖွေစုဆောင်း စေခဲ့သည်။ ရဲထွန်း၏ အသုံးချခံ ကျောင်းသားများတွင် မင်းဇေယျ၊ ဇော်မျိုးအောင်တို့က ထိပ်ပိုင်းမှ ပါဝင်ကြသည်။ မြန်မာနိုင်ငံအပေါ် မလိုတမာ ပုတ်ခတ် ရေးသားနေသည့် ဘာတေးလင့်တနာက ကျောင်းသားခေါင်းဆောင် မင်းကိုနိုင်နှင့် တွေ့ဆုံမေးမြန်းရန် ရဲထွန်းကိုပင် အကူအညီတောင်းခဲ့သည်။ သံရုံးများမှ သံအရာရှိများကလည်း ကျောင်းသားခေါင်းဆောင်များကို လိုက်လံတွေ့ဆုံ သွေးထိုးပေးခဲ့သည်။

၁၉၈၈ခုနှစ် ဩဂုတ်လ ၈ရက်နေ့ထုတ် "ဒို့အရေး"နေ့စဉ်စာစောင်၌ အမေရိကန်ဆီးနိတ်လွှတ်တော်အမတ် စတီဖင်ဆိုလာ့ဇ်သည် ဩဂုတ်လ ၄ရက်နေ့တွင် မြန်မာနိုင်ငံ၏ ဆူပူမှုကို ပြည်တွင်းစစ်အထိ တိုးမြှင့်လာအောင် သွေးထိုးပေးရန် ရန်ကုန်သို့ ရောက်လာသည်။ ဩဂုတ်လ ၄ရက်နေ့ နံနက် ၈နာရီ၁၅မိနစ်တွင် ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့ဝင်သုံးဦးတို့ အမေရိကန် သံအမတ်ကြီးနေအိမ်သို့ရောက်ရှိကာ မစ္စတာဆိုလာ့ဇ်နှင့်အတူ နံနက်စာ စားရင်းဆွေးနွေးသည်။ နံနက် ၉နာရီခန့်တွင် ကျောင်းသားသမဂ္ဂခေါင်းဆောင် မင်းကိုနိုင်နှင့်တစ်ဦး ရောက်ရှိလာပြီး စတီဖင်ဆိုလာ့ဇ်နှင့် သီးသန့်ဆွေးနွေးသည်ဟု ဖော်ပြထားသည်။ ဆိုလာ့ဇ်သည် သမ္မတဒေါက်တာမောင်မောင်၊ ဦးတင်ဦး၊ ဦးအောင်ကြီး၊ ဦးနုတို့နှင့်လည်း ဆက်လက်တွေ့ဆုံသည်။

ဆူပူမှုကာလတွင် ကျောင်းသားလူငယ်များကို အားမနာတမ်း အသုံးချခဲ့ပြီး ၁၈–၉–၈၈ရက်နေ့တွင် တပ်မတော်က နိုင်ငံတာဝန်ယူလိုက်သောအခါ ကျောင်းသားလူငယ်များကို နယ်စပ်သို့ တောက်လျှောက်စေလွှတ်ကာ သောင်းကျန်းသူများလက် ထိုးအပ်ပြီး ပြည်ပြေးဓာတ်သွင်းခဲ့သူများမှာလည်း ဆူပူမှုကာလအတွင်း သူတို့ကိုယ်သူတို့ ဒီမိုကရေစီခေါင်းဆောင်ဟု ဆိုသူများပင် ဖြစ်သည်။ ကျောင်းသူ ရှစ်ဆယ်ကျော်တစ်ဖက်နိုင်ငံ ပြည့်တန်ဆာအိမ်မှ ဖမ်းဆီးလိုက်သော သတင်းနှင့်ဓာတ်ပုံကို နေးရှင်း၊ ဗန်ကောက်ပို့စ်သတင်းစာ၌ မြင်တွေ့ရသောမိဘများ ရင်ကျိုးခဲ့ရသည်။ မိန်းကလေးများ ဘဝဆုံး၊ ယောက်ျားလေးများ ဘဝပျက်ကြရသည်။ နယ်ချဲ့စီမံကိန်းအတွက် အသုံးကျမည့်သူအချို့ကိုသာ အနောက်နိုင်ငံကြီးများသို့ ခေါ်ဆောင်သွားကာ ဒေါ်လာကြေးစား အမျိုးသားသစ္စာဖောက်ဘဝသို့ ပို့ပေးခဲ့သည်။

လမ်းမှားရောက်နေသည့် ကျောင်းသားလူငယ်များ မိဘရင်ခွင်ပြန်ခေါ်ရန် အစိုးရက ကြိုဆိုရေးစခန်း ၂၇ခု ဖွင့်လှစ်၍ ၁၉၈၈ခုအောက်တိုဘာလတွင် စတင်ဖိတ်ခေါ်ခဲ့သည်။ ပြည်ပြေးလက်ဟောင်းများနှင့် ကေအင်န်ယူများက လူငယ်များ ဥပဒေရင်ခွင်ပြန်မသွားရန် အနုနည်း၊ အကြမ်းနည်းတို့ဖြင့် တားဆီးခဲ့သည်။ သို့တိုင် ၇–၃–၉၁ ရက်နေ့အထိ မိဘရင်ခွင်သို့ ကျောင်းသားလူငယ် ၃၈၅၉ဦး ပြန်လည်ရောက်ရှိခဲ့သည်။ ပြည်တွင်း၌ ဆူပူမှုဖန်တီး၊ အရေးယူဖမ်းဆီးလာလျှင် ပြည်ပထွက်ပြေး၊ ဤသို့ဖြင့် အနောက်အသံလွှင့်ဌာနတွင် ပြည်ပြေးများ စုမိနေခြင်းဖြစ်သည်။

တည်ငြိမ်အေးချမ်း၍ ဖွံ့ဖြိုးတိုးတက်မှုအရှိန်ရနေသည့် ပြည်ထောင်စုမြန်မာနိုင်ငံကို ဖျက်ဆီးနှောင့်ယှက်လိုသော ပြည်တွင်းပြည်ပ အဖျက်သမားများသည် နိုင်ငံရေးသားကောင်လေးများဖြစ်သည့် လူငယ်ကျောင်းသားများကို ပြည်တွင်း၌ ဆူပူစေခဲ့သည်။ ပြည်သူလူထုနှင့် နိုင်ငံကို ကာကွယ်စောင့်ရှောက်မြဲဖြစ်သည့် အမျိုးသားရေးအင်အားစုကြီးက ယင်းတိုင်းဆူ ပြည်ဖျက်လုပ်ရပ်ကို ဖြိုခွင်းလိုက်နိုင်သောအခါ နိုင်ငံရေးမှဆိုးများသည် လူငယ်လေးများကို သားချင်း၊ သမီးချင်းမစာနာဘဲ နယ်စပ်သောင်းကျန်းသူများ၏စခန်းများသို့ တွန်းပို့ခဲ့သည်။ အချို့ကိုလည်း ပြည်တွင်း၌ ဆက်လက်နေထိုင်စေကာ ဆူပူမှုကိုဖန်တီးရာ၌ အသုံးချခဲ့ကြသည်။

၁၉၈၈ ခုနှစ် ဆူပူမှုချုပ်ငြိမ်းသောအခါ ဆူပူမှုခေါင်းဆောင်များမှာ မိမိတို့အိမ်များမှာပင် ဟန်မပျက်နေကြကာ ကလေးများကိုခွဲတမ်းချပြီး နယ်စပ်သို့ တွန်းလွှတ်ခဲ့ကြသည်။ ၎င်းတို့အနက် ဆူပူမှုကာလ ဗကသ ခေါင်းဆောင် မိုးသီးဇွန်၊ အောင်ဒင်တို့ ပြည်ပခွဲတမ်းကျသွားကြသည်။ ဗကပယူဂျီ မိုးသီးဇွန်နှင့် အောင်ဒင်တို့သည် အနောက်ဆရာကြီးများ ခါးပိုက်ဆောင်ထဲသို့ ရောက်သွားခဲ့သည်။ မင်းကိုနိုင်မှာမူ ပြည်တွင်း၌ ဆက်လက် ဆူပူမှုဖန်တီးရမည့်သူဖြစ်လာခဲ့သည်။ ဗကပယူဂျီများသည် အနောက်ဒီမိုကရေစီကို လက်ခံယုံကြည်ပြီး စားကျက်ပြောင်းသွားကြခြင်းလော၊ လက်ယာအုပ်စုကို အခြေအနေအရ ဖက်တွယ်ကာ တစ်နေ့တွင် လက်ဝဲစိုးမိုးမှုရယူမည့် ထရိုဂျန်များလော ဆိုသည်ကို ကာယကံရှင်များသာ ပို၍သိကြပေမည်။

မင်းကိုနိုင်သည် ဥပဒေချိုးဖောက်၍ ၎င်းကျူးလွန်သောပြစ်မှုအရ ထောင်ကျခဲ့သည်။ နိုင်ငံတော်က မင်းကိုနိုင်အား ပြုပြင်ခွင့်ပေးသောအားဖြင့် ပြန်လွှတ်ပေးခဲ့သည်။ ထောင်ကလွတ်စတွင် မင်းကိုနိုင်က အေးအေးဆေးဆေး ကောင်းကောင်းမွန်မွန်နေတော့မည့် စကားမျိုးပြောခဲ့သည်။ မကြာပါချေ၊ အနောက်က မီဒီယာများနှင့်တွေ့ပြီး လေသံပြောင်းလာသည်။ ပြည်ပက အကြံအဖန် အကွက်ဆင်ပြီးပေးသည့် 'ဆု' ဆိုသည့် ငါးမျှားချိတ်ကို ဟပ်မိပြီးနောက် မင်းကိုနိုင်သည် သူ့ကိုယ်သူ ဒီမိုကရေစီ ဧရာမ သူရဲကောင်းဂိုက် ပြန်ဖမ်းလာသည်။

မင်းကိုနိုင်သည် အနောက်ဩဝါဒခံမိပြီး ၈၈ မျိုးဆက်ကျောင်းသားလူငယ်များအမည်ဖြင့် ကြေညာချက်ထုတ်လိုက်၊ BBC, VOA တို့နှင့် ဗျူးလိုက်လုပ်ကာ ပေါ်ပြူလာဖြစ်အောင် အစွမ်းကုန်ကြိုးစားလာသည်။ သို့သော် မင်းကိုနိုင်တွင် နောက်လိုက်မရှိ၊ အုံမရှိ၊ ကျင်းမရှိ။ ဗွီအိုအေ၊ ဘီဘီစီတို့ကသာ သူ့နာမည် ကြေညာပေးမနေလျှင် သူ့နာမည်ကို သိသူပင်ရှိမည်မဟုတ်ချေ။ နိုင်ငံရေးသမားများကကျင်းပသည့် တွေ့ဆုံပွဲများ၊ ဆွေးနွေးပွဲများ၊ အခမ်းအနားများသို့ ၎င်းအား ဖိတ်သည်ဖြစ်စေ၊ မဖိတ်သည်ဖြစ်စေ တက်ရောက်ပြီး ပြည်တွင်းနိုင်ငံရေးသမား အချို့၏ မဟုတ်မဟုတ်ဓာတ်လမ်း လုပ်ဇာတ်များကို BBC, VOA စသည့် ပြည်ပမီဒီယာများမှတစ်ဆင့် ထုတ်လွှင့်နိုင်ရန် တွေ့ဆုံမေးမြန်းခန်းများ ပြုလုပ်ခြင်း၊ သတင်းပို့ခြင်းများပြုလုပ်ကာ နိုင်ငံရေးပွဲစားသဖွယ် လုပ်ဆောင်နေသည်။

ပြည်တွင်း၌ နိုင်ငံရေးသမား အသုဘများကြုံတိုင်း မင်းကိုနိုင် အရောက်သွားကာ ထိုအသုဘချရင်းတန်းလန်းပင် ဗွီအိုအေနှင့် တယ်လီဖုန်းဆက်ကာ လူကြော်ငြာထုတ်နေရသည်။ နောက်လိုက်စုဆောင်းမရသဖြင့် ပေါ်ပြူလာဖြစ်ရာဖြစ်ကြောင်း ကလောင်ကိုင်ပြီးစာရေးမည်ဟု ဆိုလာပြန်သည်။ ပြည်တွင်း၌ သူ့စာများကို သုံးသူမရှိသဖြင့် ပြည်ပြေးများ ပြည်ပတွင် ထုတ်ဝေနေသည့် ဧရာဝတီစာစောင်မှ အောင်ဇော်ကို လှမ်းချိတ်နေသည်။

သံရုံးများမှ အနောက်မီဒီယာကိုယ်စားလှယ်များကို ချဉ်းကပ်ကာ ၎င်း၏နာမည် မကြာခဏ BBC,VOA တို့တွင်ပါရန်လည်း ကြိုးစားလာသည်။ မင်းကိုနိုင်သည် NLD အား မည်သည့်အခြေအနေ ကြုံကြုံ နောက်မဆုတ်ပါနှင့်ဟု ပြောဆိုကာ ဩဝါဒခြွေလာသည်။ ကုလသမဂ္ဂကိုလည်း မြန်မာနိုင်ငံအရေး ဝင်ရောက်စွက်ဖက်ရန် တိုက်တွန်းလာသည်။

၁၇–၃–၂၀၀၆ရက်နေ့တွင် ကြည့်မြင်တိုင်မြို့နယ် ဘောဂရပ်ကွက်နေသူ(တစ်ချိန်က ဆူပူမှုကြောင့် ထောင်ကျခဲ့ဖူးသူ) သက်နိုင်ဦး (၃၉)နှစ်သည် စည်ပင်ရုံးရှေ့တွင် အပေါ့သွားရာမှ သက်ဆိုင်ရာက တားဆီးစဉ် မူးရူးဆဲရေးပြီး ထွက်သွားခဲ့သည်။ အရက်ထပ်သောက်ပြီး မူးရူးကာဓားယူ၍ အခင်းဖြစ်နေရာသို့ ပြန်လာသည်။ သက်နိုင်ဦးက ဓားနှင့်ခုတ်၍ မီးသတ်တပ်ဖွဲ့ဝင်နှစ်ဦး ဒဏ်ရာရသည်။ သက်နိုင်ဦးသည် ထိုနေရာမှ ထွက်ပြေးရင်း ဆိုက်ကားတစ်စီးကို ယူဆောင်နင်းပြေးသည်။ ဆိုက်ကားသမားများက ဝိုင်းလိုက်ပြီး ရိုက်နှက်သဖြင့် သက်နိုင်ဦး ဒဏ်ရာရသည်။ ဆေးရုံရောက်ပြီး ၁၈–၃–၂၀၀၆ရက်နေ့တွင် သေဆုံးခဲ့သည်။

၂၀–၃–၂၀၀၆ရက်နေ့တွင် သက်နိုင်ဦးအသုဘချသည်။ မင်းကိုနိုင်တို့က ဗွီအိုအေနှင့်ဆက်ပြီး နိုင်ငံရေးအကျဉ်းသားဟောင်းတစ်ဦးကို မီးသတ်၊ ရဲတို့က သတ်ပစ်လေဟန် လုပ်ကြံဖန်တီးပြီး သတင်းလိမ်လွှင့်ခဲ့ကြသည်။

၁၉–၃–၂၀၀၆ရက်နေ့ နံနက် ၁၁နာရီက ရေဝေးသုသာန်တွင် စစ်ကိုင်းတိုင်း ကလေးမြို့နယ် အမှတ်(၂)မဲဆန္ဒနယ်မှ ရွေးချယ်ခံကိုယ်စားလှယ် ဒေါက်တာသိန်းဝင်း၏ အသုဘချသည်။

ယင်းအသုဘသို့ မင်းကိုနိုင်၊ ကိုကိုကြီး၊ ပြုံးချို၊ ဇေယျတို့အုပ်စု လာပို့ကြသည်။ အသုဘပို့ပြီး ပြန်ထွက်လာစဉ် မင်းကိုနိုင်အား လူငယ်တစ်ယောက် ထိုးကြိတ်ခဲ့သည်။ မင်းကိုနိုင်နှင့် ဗွီအိုအေတို့က ၈၈မျိုးဆက်ကျောင်းသားခေါင်းဆောင်များကို လုပ်ကြံမည့်အန္တရာယ်ကြုံပြီ သတိထားကြဟု ပုံကြီးချဲ့ပြောကြားကြသည်။ စင်စစ် ထိုသို့ မင်းကိုနိုင်အား ထိုးကြိတ်သူမှာ NLD အဖွဲ့ဝင် စိတ်မမှန်သော လူငယ်တစ်ဦးပင် ဖြစ်နေသည်ကို တွေ့ရသည်။ မင်းကိုနိုင်အပေါ် မကျေနပ်စိတ်ကြောင့် ဝင်ရောက်ထိုးကြိတ်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

မင်းကိုနိုင်သည် ဗကပယူဂျီ ဒေါက်တာဇော်မင်း၏ ကလာပ်စည်းမှ တက်လာသူဖြစ်သည်။ ယခုအခါ အနောက်လက်ယာအရင်းရှင် (ကိုလိုနီလက်သစ်)အုပ်စု၏ ဆုကြေးမျှော်၊ ခိုင်းတာလုပ်၊ စေရာပြေးရင်း ကိုယ့်ကိုယ်ကို ပေါ်ပြူလာဖြစ်အောင်လုပ်နေရသူဖြစ်ပေသည်။ သူ့အတွက် အနာဂတ်မှာလည်း သုညသာဖြစ်သည်။ နိုင်ငံရေးမှဆိုးများ၏ သားကောင်သည် မုဆိုး၏ ဟင်းအိုးအတွင်းမှ ဟင်းလျာသာဖြစ်နိုင်သည်ကို သံဝေဂ ပွားဖွယ်ဖြစ်သည်။

နယ်ချဲ့ကို ဆန့်ကျင်တိုက်ခိုက်ပြီး မြန်မာ့လွတ်လပ်ရေး ပြန်ယူခဲ့သည့် မြန်မာလူငယ်ကျောင်းသားများ၏ သမိုင်းအစဉ်အလာကောင်းနှင့် ယနေ့ ၈၈မျိုးဆက် ကျောင်းသားလူငယ်အမည်ခံပြီး တကယ့်အမှန်အားဖြင့် နယ်ချဲ့လက်ပါးစေ အမျိုးသားသစ္စာဖောက် ပြည်တွင်းပုဆိန်ရိုးဘဝ ဆီနှင့်ရေကဲ့သို့ ကွာခြားလှပေသည်။ ။

စာမျက်နှာ ၅ မှ

ဖြစ်ကြောင်း၊ ထိုကဲ့သို့ မီးရှို့ဖျက်ဆီးခဲ့သည်မှာလည်း ရန်ကုန်မြို့၌ အကြိမ် (၂၀)နှင့် ပြည်နယ်နှင့်တိုင်း အသီးသီး၌ (၃၉)ကြိမ်ရှိပြီဖြစ်ကြောင်း။

ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်

ယခုကဲ့သို့ ထုတ်လုပ်မှုပပျောက်ရေး၊ တားဆီးနှိမ်နင်းရေး စသည်တို့ကို ဆောင်ရွက်နေရုံဖြင့် မူးယစ်ဆေးဝါး လုံးဝ ပပျောက်သွားမည်မဟုတ်ဘဲ သုံးစွဲမှုကဏ္ဍသည်လည်း အရေးကြီးသကဲ့သို့ ပြည်သူလူထု ပူးပေါင်းပါဝင်ဆောင်ရွက်မှုကလည်း အဓိကအခန်းက ပါဝင်နေကြောင်း၊ ထို့ကြောင့်လည်း ထိုသုံးစွဲမှုပပျောက်ရေးကဏ္ဍအောင်မြင်ရေးအတွက် ဆေးကုသရေး၊ ပြန်လည်ထူထောင်ရေး၊ ပြည်သူများအား အသိပညာပေး လှုံ့ဆော်ရေး အပိုင်းနှင့် ကျောင်းသား လူငယ်များအား မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးရေးလုပ်ငန်းများကို လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းပြီး ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိကြောင်း။

ပြည်သူလူထုအတွင်း မျိုးချစ်စိတ်ဓာတ်ရှင်သန်တိုးတက် ပေါက်ဖွားလာစေပြီး နိုင်ငံချစ်စိတ်၊ လူမျိုးချစ်စိတ်နှင့်အတူ မြန်မာစာပေ၊ ဂီတအနုပညာများ လေ့လာလိုက်စားလိုစိတ်များ ကိန်းအောင်းလာစေရန်နှင့် မူးယစ်ဆေးဝါးအန္တရာယ်၊မူးယစ်ဆေးဝါးသုံးစွဲခြင်း၏ဆိုးကျိုးဒုက္ခများကို သိမြင်ပြီး ရှောင်ရှားလိုစိတ်များ ဖြစ်ပေါ်လာအောင် ဖန်တီးပေးရမည်လည်း ဖြစ်ကြောင်း၊ ထို့ကြောင့်လည်း ယခုကဲ့သို့ စာပေ၊ ဂီတ၊ပန်းချီ၊ကာတွန်း၊ ပိုစတာ စသည့် အနုပညာပြိုင်ပွဲများ ကျင်းပပြီး မူးယစ်ဆေးဝါး၏ ဆိုးကျိုးဒုက္ခများကို ပြည်သူအတွင်း စိမ့်ဝင်ပျံ့နှံ့သိရှိလာစေအောင် ဆောင်ရွက်ပေးနေရခြင်းပင် ဖြစ်ကြောင်း။

အင်တိုက်အားတိုက်

အကဲဖြတ်ရွေးချယ်ရေး အဖွဲ့ဝင်များ၏ စည်းရုံး ဆောင်ရွက်ပေးမှုကြောင့်လည်း ပြိုင်ပွဲများတွင် ကျွမ်းကျင်သည့်ပညာရှင်များ၊ ဝါသနာရှင်များ၊ ကျောင်းသားလူငယ်များနှင့် ကဏ္ဍအသီးသီးက ပြည်သူလူထုများ အနေဖြင့် အင်တိုက်အားတိုက် တစ်နှစ်ထက်တစ်နှစ် တိုးတက်ယှဉ်ပြိုင်လာသည်ကို တွေ့ရကြောင်း။

ထို့ကြောင့်လာမည့်နှစ်တွင်လည်း ယခုနှစ်ထက်ပိုမိုတိုးတက် ပါဝင်ယှဉ်ပြိုင်လာစေရန် စည်းရုံး ဆောင်ရွက်ပေးကြပါဟု တိုက်တွန်းလိုကြောင်း၊ ပြိုင်ပွဲဝင်ဦးရေ တိုးတက်များပြားလာခြင်းသည် မူးယစ်ဆေးဝါး အန္တရာယ်၊ မူးယစ်ဆေးဝါး၏ ဆိုးကျိုးဒုက္ခကို ဆန့်ကျင်တိုက်ဖျက်လိုစိတ်များ ပြည်သူလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့ ကိန်းအောင်းလာခြင်းပင်ဖြစ်သည်ဟု ပြောကြားလိုကြောင်း။

မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးပပျောက်ရေးကို မိမိတို့နိုင်ငံ၏ ခနအင်အားအပေါ်မူတည်ပြီး မိမိတို့နိုင်ငံ၏စွမ်းအား အရင်းအမြစ်အပေါ် အခြေခံလျက် အရှိန်အဟုန်ဖြင့် အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် ချမှတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းရင်းသားပြည်သူအားလုံးကလည်း ကုလသမဂ္ဂ၏ ၂၀၀၆ခုနှစ်အတွက် ဆောင်ပုဒ်ဖြစ်သည့် **“မူးယစ်ဒုက္ခ မပေါ့ဆနှင့်”** ဆိုသည့် ဆောင်ပုဒ်နှင့်အညီ အသက်အရွယ် အပိုင်းအခြားမရွေးဘဲ မည်သူမဆို အဆုံးမသတ်နိုင်သော ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး ကွင်းဆက်ဆိုးကျိုးဒုက္ခများဖြစ်စေမည့် မူးယစ်ဆေးဝါးကို စမ်းသပ်သုံးစွဲခြင်း မပြုပါနှင့်၊ ပေါ့ပေါ့ဆဆတွေး၊ပေါ့ပေါ့ဆဆ သုံးစွဲခြင်း မပြုကြပါနှင့်ဟု အလေးအနက်တိုက်တွန်းပြောကြားလိုကြောင်းဖြင့် ပြောကြားသည်။ ယင်းနောက် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ထံမှ ပေးပို့သော သဝဏ်လွှာကို ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့်မှုခင်းဆိုင်ရာရုံး (UNODC)ဌာနေကိုယ်စားလှယ် Mr. Shariq Bin Raza က ဖတ်ကြားသည်။

ဂုဏ်ပြုလွှာပေးအပ်

ထို့နောက် ၂၀၀၆ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ်ပြိုင်ပွဲတွင် ဆုရရှိကြသူများအား ဆုချီးမြှင့်ရန် ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့်မှုခင်းဆိုင်ရာရုံး(UNODC)မှ ဌာနေကိုယ်စားလှယ် Mr. Shariq Bin Raza က အလှူငွေကျပ်နှစ်သိန်း၊ မြန်မာနိုင်ငံနယ်စပ်ဒေသဖွံ့ဖြိုးရေးအသင်းဥက္ကဋ္ဌ ဦးမောင်မောင်စိုးတင့်(အငြိမ်းစားသံအမတ်ကြီး)က အလှူငွေကျပ်နှစ်သိန်း၊ AHRN(မြန်မာ)ညှိနှိုင်းရေးမှူး Mr. Willy De Macre ကအလှူငွေကျပ်လေးသိန်း၊ ဂျပန်နိုင်ငံ JBB Co.,Ltd ကိုယ်စား ဦးသန်းနိုင်က အလှူငွေကျပ်နှစ်သိန်းနှင့် LDSC Country Director Mr. Kelvyn Cullimore က စာအုပ် စာရေးကိရိယာ ၂၁၅အုပ်တို့ကို ပေးအပ်လှူဒါန်းကြရာ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်မောင်ဦးက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။

ယင်းနောက် ၂၀၀၆ခုနှစ် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် စာပေ၊ ဂီတ၊ ပန်းချီ၊ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ၊ ကွန်ပျူတာပိုစတာနှင့် ဓာတ်ပုံပြိုင်ပွဲတို့တွင် ဆုရရှိကြသူများအား ဆုများကို ချီးမြှင့်ရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဆွေက ဝတ္ထုတိုပြိုင်ပွဲနှင့် ကဗျာပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယနှင့် တတိယ ဆုရရှိကြသူများအားလည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးဇော်ဝင်းက ဆောင်းပါးနှင့် တေးသီချင်းပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယနှင့် တတိယ ဆုရရှိကြသူများအားလည်းကောင်း၊ မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌဦးစံသိန်း(အငြိမ်းစားသံအမတ်ကြီး)က အသက် ၁၀နှစ်အောက် ပန်းချီပြိုင်ပွဲ၊ အသက် ၁၀ နှစ်မှ ၁၅နှစ်အောက် ပန်းချီပြိုင်ပွဲ၊ အသက်၁၅နှစ်မှ အသက်၂၀ အောက် ပန်းချီပြိုင်ပွဲနှင့် အသက် ၂၀အထက် ပန်းချီပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိ ကြသူများအားလည်းကောင်း၊ မြန်မာနိုင်ငံ နယ်စပ်ဒေသဖွံ့ဖြိုးရေးအသင်း ဥက္ကဋ္ဌ ဦးမောင်မောင်စိုးတင့် (အငြိမ်းစား သံအမတ်ကြီး)က အသက် ၁၀နှစ် အောက် ကာတွန်းပြိုင်ပွဲ၊ အသက် ၁၀နှစ်မှ ၁၅နှစ်အောက် ကာတွန်းပြိုင်ပွဲ၊ အသက် ၁၅နှစ် အောက်မှ ၂၀အောက် ကာတွန်းပြိုင်ပွဲနှင့် အသက် ၂၀အထက် ကာတွန်းပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြ သူများအားလည်းကောင်းဆုများကိုချီးမြှင့်ကြသည်။

ဆုချီးမြှင့်

ဆက်လက်၍ နိုင်ငံခြားရေးဝန်ကြီးဌာန လေ့ကျင့်ရေး သုတေသနနှင့် နိုင်ငံခြားဘာသာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းထွန်းက အသက်၁၀နှစ်အောက် ပိုစတာပြိုင်ပွဲ၊ အသက် ၁၀နှစ်မှ ၁၅နှစ်အောက် ပိုစတာပြိုင်ပွဲ၊ အသက် ၁၅နှစ်မှ ၂၀ အောက် ပိုစတာပြိုင်ပွဲနှင့် အသက် ၂၀ အထက် ပိုစတာပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိကြသူများအားလည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲရေးချုပ် ရဲမှူးချုပ် စိုးဝင်းမြင့်က ကွန်ပျူတာပိုစတာပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိကြသူများအားလည်းကောင်း၊ ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး (”UNODC”) ဌာနေကိုယ်စားလှယ် Mr. Shariq Bin Razam ကွန်ပျူတာပန်းချီ(အလယ်တန်း)နှင့် ကွန်ပျူတာပန်းချီ(အထက်တန်းဆင့်) ပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများအား လည်းကောင်း၊ AHRN (မြန်မာ) ညှိနှိုင်းရေးမှူး Mr. Willy De Macre က ဓာတ်ပုံပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများအားလည်းကောင်း ဆုများကို ချီးမြှင့်ကြသည်။

ဂုဏ်ပြုလက်မှတ်ချီးမြှင့်

ထို့နောက် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီက ဆုရွေးချယ်ရေးအကဲဖြတ်အဖွဲ့များမှ တာဝန်ရှိသူများအား ဂုဏ်ပြုလက် မှတ်နှင့်ဆုငွေများကို ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး ၂၀၀၆ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုချီးမြှင့်ရန်အတွက် အလှူရှင်များ၏ လှူဒါန်းငွေများကို လက်ခံစဉ်။ (မြန်မာ့အလင်း)

၂၀၀၆ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် စာပေ၊ ဂီတ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ/ပိုစတာ၊ ဓာတ်ပုံ ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကိုကျင်းပရာ ၁၅-၂၀နှစ်အောက် ပိုစတာ ပြိုင်ပွဲ၌ တတိယဆုရရှိသည့် မခင်ချမ်းမြေ့သူ(အထက-၂၊လမ်းမတော်)အား နိုင်ငံခြားရေးဝန်ကြီးဌာန လေ့ကျင့်ရေးသုတေသနနှင့် နိုင်ငံခြားဘာသာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းထွန်း ဆုချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

၂၀၀၆ ခုနှစ် အပြည်ပြည် ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက် ရေး နေ့ အ ထိမ်း အ မှတ် စာပေ၊ ဂီတ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာ ပန်းချီ/ပိုစတာ၊ ဓာတ်ပုံ ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အ ခမ်း အ နား ကို ကျင်းပရာ တေးသီ ချင်း ပြိုင် ပွဲ ပထမဆုရ မအေးမြတ်သူ(အထက-၂၊ လသာ)အား အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဝင်း ဆုချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

၂၀၀၆ ခုနှစ် အပြည်ပြည် ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက် ရေး နေ့ အ ထိမ်း အ မှတ် စာပေ၊ ဂီတ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာ ပန်းချီ/ပိုစတာ၊ ဓာတ်ပုံ ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အ ခမ်း အ နား ကို ကျင်းပရာ(၁၀)နှစ်အောက် ပန်းချီ ပြိုင်ပွဲ ပထမဆုရ မခိုင်မေသူ(ရန်ကင်းပညာရေးကောလိပ်)အား မြန်မာနိုင်ငံမူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌ အငြိမ်းစားသံအမတ်ကြီးဦးစံသိန်း ဆုချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

ဦးမောင်မောင်စိုးတင့် (အငြိမ်းစား)သံအမတ်ကြီးက ၂၀၀၆ခုနှစ် အပြည်ပြည် ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက် ရေး နေ့ အ ထိမ်း အ မှတ် ၁၅ - ၂၀ နှစ်အောက် ကာတွန်းပြိုင်ပွဲတွင် ပထမဆုရ မောင်ဇင်ကိုကို(အထက-၄၊ အလုံ)အား ဆုချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ကြည့်ရှု

ရန်ကုန် ဇွန် ၂၆

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးချစ်နိုင်သည် တာဝန်ရှိသူများလိုက်ပါ၍ ဇွန် ၂၅ရက် မွန်းလွဲပိုင်းတွင် ဧရာဝတီတိုင်း ညောင်တုန်းမြို့နယ် ဆားမလောက်ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ညောင်တုန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိဝန်ထမ်းများ၊ ကျေးရွာရပ်မိရပ်ဖများနှင့်စာကြည့်တိုက်တာဝန်ခံများအား တွေ့ဆုံ၍ ကျေးလက်ဒေသနေပြည်သူများ စာဖတ်သည့်အလေ့အထ ပိုမိုတိုးပွားရေး၊ စာကြည့်တိုက်ရန်ပုံငွေထူထောင်ရေး၊ စာအုပ်များစနစ်တကျ ထိန်းသိမ်းရေးတို့နှင့် စပ်လျဉ်း၍ လည်းကောင်း၊ စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ပြန်ကြားရေးဝန်ကြီး၏ လမ်းညွှန်ချက်လုပ်ငန်းစဉ်ငါးရပ်နှင့် စပ်လျဉ်း၍လည်းကောင်း ဆွေးနွေး မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အီတလီက ဩစတြေးလျကိုနိုင်ပြီး ကွာတားဖိုင်နယ်တက်ပြီ

ရန်ကုန် ဇွန် ၂၆

၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် ရှုံးထွက်ပွဲစဉ်(၅)အဖြစ် ယနေ့မြန်မာစံတော်ချိန် ည၉နာရီခွဲက ကိုင်စာစလော့တန်မြို့ရှိ Fritz Walter Stadion အားကစားကွင်း၌ အီတလီအသင်းနှင့်ဩစတြေးလျအသင်းတို့ယှဉ်ပြိုင်ကစားရာ အီတလီအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ကွာတားဖိုင်နယ်တက်ပြီ

ဩစတြေးလျအသင်းသည် တစ်ဦးအသာဖြင့်ကစားရပြီး ပွဲချိန် မိနစ် ၉၀အထိ သရေကစားနိုင်ခဲ့သော်လည်း လေလွင့်ချိန်များအတွက် အစားဖြည့်ပေးသည့် ၉၃မိနစ်တွင် တစ်ဂိုးပေးပြီးရှုံးနိမ့်ခဲ့ရာ ရှုံးချက်နာခဲ့ရသည်။ အီတလီအသင်း ပယ်နယ်တီဂိုးကန်သွင်းပြီးချိန်၌ ပွဲပြီးသွားရာ ကွာတားဖိုင်နယ်သို့တက်သွားပြီဖြစ်သည်။ **(သတင်းမှတ်စု-ကိုထွေး)**

၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား ၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား ၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား ၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား ၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား ၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား

ဘက်ခမ်း၏အလွတ်တည်ကန်ဘောဖြင့် အင်္ဂလန်ကွာတားတက် နယ်သာလန်ကိုဖြတ်ကျော်ခဲ့သည့် ပေါ်တူဂီနှင့် ဇူလိုင် ၁ ရက်၌တွေ့

တင်ပြသူ
မြင့်မောင်စိုး

မြူနစ် ဇွန် ၂၆

ကမ္ဘာ့ဖလား ဒုတိယအဆင့် ရှုံးထွက်ပြိုင်ပွဲများကို ဇွန် ၂၅ ရက် ညပိုင်းက ဆက်လက် ယှဉ်ပြိုင်ကစားရာ ဘောလုံးပရိသတ်များ အားပေးမှုကောင်းနေသည့် အင်္ဂလန်အသင်းက အီကွေဒေါအသင်းကို တစ်ဂိုး-ဂိုးမရှိ ဖြင့်နိုင်ပြီး ကွာတားဖိုင်နယ်သို့ တက်ရောက်သွားပြီဖြစ်သည်။

နံနက် ၁ နာရီခွဲပွဲအဖြစ် ပေါ်တူဂီနှင့် နယ်သာလန်အသင်းတို့ ယှဉ်ပြိုင်ကစားရာတွင် ပေါ်တူဂီက တစ်ဂိုး-ဂိုးမရှိဖြင့်နိုင်ပြီး ကွာတားဖိုင်နယ်သို့ တက်ရောက်နိုင်ခဲ့ပြီဖြစ်သည်။

ပေါ်တူဂီနှင့် နယ်သာလန်ပွဲသည် နှစ်သင်းစလုံး နောက်ဆုံးတွင် ကိုးယောက်စီဖြင့် ကစားခဲ့ရသည်။ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ သမိုင်းတစ်လျှောက်တွင် အနီကတ်အများဆုံး စံချိန်တင်ပွဲဖြစ်သွားသည်။ ပေါ်တူဂီမှ ဒေကိုနှင့် ကိုစတင်ညာတို့ ထွက်ခဲ့ရသည်။ နယ်သာလန်မှ ဘောလတ်ချ်ရုဇ်နှင့် ဘရွန်ခရော့စ်တို့ ထွက်ခဲ့ရသည်။

ပွဲချိန် ၂၃ မိနစ်တွင် မန်နစ်ချ်က ပေါ်တူဂီအသင်းအတွက် တစ်လုံးတည်းသောအနိုင်ဂိုး သွင်းပေးထားနိုင်ခဲ့သည်။ ပေါ်တူဂီကစားသမား ကိုစတင်ညာသည် ပွဲချိန် ၄၅ မိနစ်တွင် ရုရှားဒိုင်လူကြီး ဗာလက်တင်အိုင်ဗာနော့ဗ်၏ အနီကတ်ထိပြီး ပြိုင်ပွဲမှ ထွက်ခဲ့ရသည်။ ၎င်းသည် ဖီးလစ်ကို ကူးအား ကြမ်းတမ်းစွာကစား၍လည်းကောင်း၊ အရုက်မဲ့စွာ ဘောလုံးကို လက်ဖြင့်ထိကိုင်ခြင်းဖြင့်လည်းကောင်း အနီကတ်ပြခံရခြင်းဖြစ်သည်။

ပွဲချိန် ၆၃ မိနစ်တွင် နယ်သာလန်မှ ဘောလတ်ချ်ရုဇ်လည်း နှစ်ဝါတစ်နီဖြင့် ထွက်ခဲ့ရသည်။ တစ်ဖန် ပွဲချိန် ၇၈ မိနစ်တွင် ပေါ်တူဂီမှ ဒေကိုလည်း ဟိုက်တင်ဂါကို ကြမ်းတမ်းစွာကစား၍ နှစ်ဝါတစ်နီဖြင့် ထွက်ခဲ့ရပြန်သည်။ ပွဲပြီးရန် လေးမိနစ်အလိုတွင် ဘရွန်ခရော့စ်လည်း နှစ်ဝါတစ်နီထိပြီး ပြိုင်ပွဲမှ ထွက်ခဲ့ရသည်။

အနိုင်ဂိုးသွင်းပြီး အောင်ပွဲခံနေသော ဒေးဗစ်ဘက်ခမ်းနှင့် ကစားသမားများ၏ အပြုံးအပျော်။ (ဓာတ်ပုံ-အင်တာနက်)

ကမ္ဘာ့ဖလား သတင်းဂယက်

ယင်းနှစ်သင်းပြိုင်ပွဲသည် အနီကတ်အများဆုံး ပြိုင်ပွဲဖြစ်သကဲ့သို့ အဝါကတ်အများဆုံး ပြိုင်ပွဲလည်း ဖြစ်သည်။

အကောင်းဆုံးဆု

ပေါ်တူဂီအသင်းမှမန်နစ်ချ်၊ ပီတစ်၊ ဖီဂို၊ ရီကာဒို၊ နူနိုဗာလင်တီတို့ အဝါကတ်များ အပြခံရသည်။ တစ်ဖန် နယ်သာလန်အသင်းမှ ဗန်ဘွန်မဲလ်၊ စနိုက်ဒါနှင့် ဗန်ဒါဗတ်တို့သည်လည်း အဝါကတ်များရရှိကြသည်။ သို့ရာတွင် ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံးဆုကို မန်နစ်ချ်က ဆွတ်ခူးနိုင်ခဲ့သည်။

ပေါ်တူဂီအသင်းသည် ကိုစတင်ညာ ထွက်သွားပြီးနောက် နည်းပြစကိုလာရီက ရှေ့တန်းတိုက်စစ်မှူး တစ်ဦးတည်းထားပြီး ၄-၄-၁ ပုံစံဖြင့် ကစားစေခဲ့သည်။ ဘရာဇီးနိုင်ငံသား စကိုလာရီသည် အင်္ဂလန်နည်းပြ အဲရစ်ဆင်နှင့် တစ်ဖန်ဆုံကြဦးမည် ဖြစ်သည်။ ယင်းတို့ နှစ်သင်းသည် ဇူလိုင် ၁ ရက် (စနေနေ့)တွင် ည ၉ နာရီခွဲပွဲအဖြစ် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။ အင်္ဂလန်အသင်းသည် ယူရို ၂၀၀၄ တွင် ပေါ်တူဂီနှင့် ရင်ဆိုင်ဆုံတွေ့စဉ် ပြိုင်ပွဲမှထွက်ခဲ့ရသည်။ ယခု ကမ္ဘာ့ဖလားတွင် ယင်းတို့နှစ်သင်း၏ အားပြိုင်မှုကို အသစ်တစ်ဖန် ပြန်တွေ့ကြရမည်ဖြစ်သည်။

ဘက်ခမ်း

ကမ္ဘာ့ဖလား သုံးကြိမ်ပါဝင်ကစားခဲ့သည့် ဘက်ခမ်းက အလွတ်တည်ကန်ဘောဖြင့် ပထမဆုံး ဂိုးသွင်းသူဖြစ်လာပြီး အင်္ဂလန်အသင်းအား ကွာတားဖိုင်နယ်အရောက် ပို့နိုင်ခဲ့သည်။ ပွဲချိန် မိနစ် ၆၀ အတွင်း ဘက်ခမ်းက ကိုက် ၃၀ အကွာမှ အလွတ်တည်ကန်ဘော ကန်သွင်းရာ လုလုပပ အီကွေဒေါ ဂိုးပေါက်ထဲ ဝင်ရောက်သွားသည်။

အင်္ဂလန်အသင်းသည် နည်းပြ အဲရစ်ဆင် ကိုင်တွယ်စဉ်ကာလအတွင်း ကွာတားဖိုင်နယ်ပွဲသို့ ဒုတိယအကြိမ် တက်ရောက်နိုင်ခြင်း ဖြစ်သည်။

ယင်းပြိုင်ပွဲတစ်လျှောက်အကောင်းဆုံး ဘောလုံးသမားဆုကို ဂျွန်တယ်ရီက ဆွတ်ခူးနိုင်ခဲ့သည်။ ဇူလိုင်၁ ရက်တွင် ယှဉ်ပြိုင်ကစားမည့် အင်္ဂလန်-ပေါ်တူဂီပွဲသည် အလွန်အကြိတ်အနယ်ရှိမည့် ပွဲကြီးပွဲကောင်းဖြစ်သည်။ ယင်းတို့နှစ်သင်းသည် အုပ်စုပွဲစဉ်များတွင် ဂိုးပြတ်အနိုင်ရမှုများနည်းပြီး ပွတ်ကာသီကာဂိုးများဖြင့် ကွာတားဖိုင်နယ် တက်ရောက်လာခြင်းဖြစ်သည်။ အသင်းနှစ်သင်း၏ အုပ်စုတွင်း ယှဉ်ပြိုင်မှုအနေအထားကို ဖော်ပြလိုက်ပါသည်။ ။

နယ်သာလန်ကစားသမားများကြားမှ ပေါ်တူဂီကစားသမား မန်နစ်ချ် အနိုင်ဂိုးသွင်းယူခဲ့စဉ်။
(ဓာတ်ပုံ-အင်တာနက်)

အင်္ဂလန်အသင်း		
အင်္ဂလန်	၁ - ၀	ပါရာဂွေး
အင်္ဂလန်	၂ - ၀	ထရီနီဒက်
ဆွီဒင်	၂ - ၂	အင်္ဂလန်
အင်္ဂလန်	၁ - ၀	အီကွေဒေါ

ပေါ်တူဂီအသင်း		
ပေါ်တူဂီ	၁ - ၀	အင်ဂိုလာ
အီရန်	၀ - ၂	ပေါ်တူဂီ
ပေါ်တူဂီ	၂ - ၁	မက္ကဆီကို
ပေါ်တူဂီ	၁ - ၀	နယ်သာလန်

(အင်တာနက်)

ကမ္ဘာ့ဖလားရှုံးထွက်ပွဲစဉ်များ၏ နောက်ဆုံး ထူးခြားဖြစ်စဉ်များ

ဘာလင် ဇွန် ၂၆

၂၀၀၆ ဂျာမနီ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ရှုံးထွက်ပွဲစဉ်နောက်ဆုံးပွဲများကို ယနေ့ကစားမည်ဖြစ်ရာ ယှဉ်ပြိုင်ကစားကြမည့် ဘရာဇီးနှင့်ဂါနာ၊ စပိန်နှင့် ပြင်သစ်အသင်းတို့နှင့်ပတ်သက်သည့် နောက်ဆုံးသတင်းများနှင့်ပတ်သက်၍ မြန်မာ့အလင်းပရိသတ်အတွက် တင်ဆက်လိုက်ပါသည်။

ဘရာဇီးနည်းပြက ကာကာကို အားထားနေ

ယနေ့ကစားမည့် ဂါနာနှင့်ပွဲတွင် ဘရာဇီး ကွင်းလယ်ကစားသမား ကာကာကို ဘရာဇီးနည်းပြ ပရဲရားက အားကိုးအားထားပြုနေကြောင်း သိရသည်။ ယနေ့ပွဲတွင် ကာကာ မည်သို့ကစားရမည်ကို မိမိရှင်းပြထားကြောင်း၊ ကာကာ၏ ထိုးဖောက်ကစားမှုတိုင်း ဂိုးရရှိရေးနီးစပ်လျက်ရှိကြောင်း ပရဲရားက ပြောကြားသည်။

ကာကာသည် ယခု ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲဝင်အသင်းများ၌ အကောင်းဆုံး ဘောလုံးသမားတစ်ဦးဖြစ်ကြောင်းလည်း ၎င်းက ချီးကျူးလိုက်သည်။ အသက် ၂၄ နှစ်အရွယ်ရှိ ကာကာကလည်း ကမ္ဘာ့ဖလားချန်ပီယံ ထပ်မံဖြစ်ရေး အိပ်မက်ကို အကောင်အထည်ဖော်ပေးနိုင်အောင် ကြိုးစားသွားမည်ဟု ပြောကြားသည်။ ကာကာသည် နည်းပြ ပရဲရား၏ အကြိုက်ဆုံး ဘရာဇီးဘောလုံးသမား ငါးဦး၌ ပါဝင်နေသည်။

ဘရာဇီးအသင်းတွင် ရော်ဘင်ဟို ပါဝင်ရန်မသေချာ

ယနေ့ကစားမည့် ရှုံးထွက်ပွဲစဉ်အဖြစ် ဂါနာနှင့်ပွဲတွင် ရော်ဘင်ဟိုပါဝင်ကစားရန်မသေချာကြောင်း ဘရာဇီးအသင်း ဆရာဝန် ဂျို့လူးဝစ်ရန်ကိုက ပြောကြားလိုက်သည်။ ရော်ဘင်ဟိုသည် ခြေထောက်ဒဏ်ရာရနေသဖြင့် ကုသမှုခံယူနေရဆဲဖြစ်ကြောင်း၊ ဇွန် ၂၅ ရက်ကပြုလုပ်သည့် လေ့ကျင့်မှုတွင်လည်း ပါဝင်မပြုလုပ်နိုင်ကြောင်း ၎င်းက ပြောကြားသည်။

ရော်ဘင်ဟို၏ ခြေထောက်ဒဏ်ရာမှာ စစ်ဆေးရန်လိုအပ်နေဆဲဖြစ်ကြောင်း၊ စိတ်မချရသေးကြောင်းလည်း ၎င်းက ဆက်လက်ပြောဆိုသည်။

သမိုင်းဝင်အောင်ပွဲဖြစ်ရမည်ဟု ဂါနာနည်းပြ ပြောဆို

ယနေ့ကစားရမည့် ဘရာဇီးနှင့်ပွဲသည် သမိုင်းဝင်အောင်ပွဲဖြစ်ရမည်ဟု ဂါနာနည်းပြ ဂျူကိုဗစ်က ပြောကြားသည်။ ဂါနာအသင်း ဘရာဇီးကို မည်သို့ကစားမည်ကို မြင်တွေ့ရမည်ဖြစ်ကြောင်း၊ ဘရာဇီးကို အနိုင်ကစားလျှင် ယင်းနိုင်ပွဲသည် တစ်ကမ္ဘာလုံးအတွက် သမိုင်းဝင်အောင်ပွဲဖြစ်သွားလိမ့်မည် ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

မိမိတို့သည် မည်သည့်အသင်းကိုမျှ ယှဉ်ပြိုင်ကစားရန် နောက်တွန့်လိမ့်မည်မဟုတ်ကြောင်း ဂျူကိုဗစ်က ပြောကြားသည်။ ဂါနာအသင်း ကွင်းလယ်ကစားသမား မွန်တာရီကလည်း ဘရာဇီးအသင်းကို အနိုင်ယူချင်ကြောင်း ပြောကြားလိုက်သည်။

ပွဲကြီးပွဲကောင်းဖြစ်မည်ဟု ပြင်သစ်နည်းပြ ပြောကြား

ယနေ့ကစားမည့် စပိန်နှင့်ပွဲသည် ပွဲကျပ်တစ်ခုဖြစ်ပြီး ပွဲကြီးပွဲကောင်းတစ်ခုဟု မိမိယူဆထားကြောင်း ပြင်သစ်နည်းပြ ရေမွန်ဒိုမီနစ်ချ်က ပြောကြားလိုက်သည်။

ပြင်သစ်နည်းပြ

ပြင်သစ် နည်းပြ ဒိုမီနစ်ချ်။
(ဓာတ်ပုံ-အင်တာနက်)

ပြိုင်ပွဲရလဒ်ကောင်းများကို ဖန်တီးရန် မိမိလူများ အသင့်ဖြစ်နေပြီဖြစ်ကြောင်း၊ ဘောလုံးသမားအားလုံး အနိုင်ရရေးတစ်ခုတည်းပေါ်တွင် အာရုံစိုက်ထားနိုင်အောင် မိမိပြုလုပ်နိုင်ခဲ့ပြီဖြစ်ကြောင်းလည်း ရေမွန်ဒိုမီနစ်ချ်က ပြောကြားသည်။ ပြင်သစ်အသင်း ကမ္ဘာ့ဖလားပွဲစဉ်များကစားခဲ့ပုံနှင့်ပတ်သက်၍ ပြင်သစ်နည်းပြအပေါ် အပြင်းအထန် ဖိအားပေးဝေဖန်မှုများနှင့် ရင်ဆိုင်ခဲ့ရသည်။

ယနေ့ပွဲအနိုင်ရရန် ရာနှုန်းပြည့်ဖြစ်ကြောင်း စပိန်နည်းပြ ပြောကြား

ပြင်သစ်အသင်းနှင့်ကစားရမည့် ယနေ့ရှုံးထွက်ပွဲစဉ်၌ မိမိတို့အနိုင်ရမည်ဟု ရာနှုန်းပြည့်ယုံကြည်နေကြောင်း စပိန်နည်းပြ လူးဝစ်အာရာဂိုးနက်စ်က ပြောကြားလိုက်သည်။

ပြင်သစ်အသင်းကို မည်သို့ကစားပြီး အနိုင်ယူရမည်ကို မိမိကောင်းကောင်းသိထားကြောင်း၊ စပိန်အသင်းသည် စုစည်းမှု၊ စည်းလုံးမှုအကောင်းဆုံးအသင်းဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။ သို့သော်အစွမ်းကုန်ကြိုးစားမှုရမည်ဟုလည်း မိမိသဘောပေါက်ထားသည်ဟု အာရာဂိုးနက်စ်က ပြောကြားလိုက်သည်။

စုစည်းတင်ဆက်သူ-မောင်မောင်မြင့်ဆွေ

ရော်နယ်ဒို ဂိုးသွင်းမည်

ဘရာဇီးတိုက်စစ်မှူး ရော်နယ်ဒိုက မိမိအနေဖြင့် ယနေ့ပွဲတွင် ဂိုးရအောင်သွင်းယူကာ မိမိအပေါ် သံသယဖြစ်နေမှုများကို ဖယ်ရှားပစ်မည်ဟု ပြောကြားလိုက်သည်။ ဘရာဇီးတိုက်စစ်မှူး ရော်နယ်ဒို၏ ကစားအားကျဆင်းနေမှုအပေါ် ဖိအားပေးမှုများရှိနေခဲ့ရာ ဘရာဇီးနည်းပြ အယ်လ်ဘာတိုပရဲရားက ရော်နယ်ဒိုသည် ဂိုးသွင်းစွမ်းရည်ထက်မြက်ဆဲရှိကြောင်း ကာကွယ်ပြောကြားလိုက်သည်။

* **ဘက်ခမ်း၏ ဖရီးကစ်သွင်းဂိုးဖြင့် ကွာတားတက်ခဲ့သည့်အတွက် အင်္ဂလန်ပြည်သူတို့ ညလုံးပေါက်အောင်ပွဲခံခဲ့ကြ။**
* **အာဂျင်တီးနားနှင့် မက္ကဆီကိုပွဲသည် ယခု ကမ္ဘာ့ဖလားဘောလုံးပွဲ၌ အကောင်းဆုံးပွဲတစ်ပွဲဖြစ်ကြောင်း ဖီဖာက သုံးသပ်။**
* **အင်္ဂလန်နှင့် အီကွေဒေါပွဲမကစားမီ မတော်တဆဖြစ်ရပ်ကြောင့် ပရိသတ် ၃၀၀ ခန့် အဖမ်းခံခဲ့ရ။**
* **မက္ကဆီကိုအသင်း အာဂျင်တီးနားကိုရှုံးပြီး ပြိုင်ပွဲမှထွက်ခဲ့ရသဖြင့် ငိုကြွေးဆူပူနေသော မက္ကဆီကိုပရိသတ်အား ဂျာမန်ရဲတပ်ဖွဲ့က ထိန်းသိမ်းခဲ့ရ။**

(အင်တာနက်)



စပိန်နည်းပြ

စပိန် နည်းပြ လူးဝစ်အာရာဂိုးနက်စ်။
(ဓာတ်ပုံ-အင်တာနက်)

ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများ အကြိမ်(၂၀) မြောက် ဖျက်ဆီးသည့် အခမ်းအနားတို့နှင့် စပ်လျဉ်းသည့် သတင်းစာ ရှင်းလင်းပွဲတွင် ပြည်တွင်း ပြည်ပ သတင်းစာဆရာများ၏ မေးမြန်းချက်များကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့အတွင်းရေးမှူး မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ်ဗိုလ်မှူးချုပ်ခင်ရီ ပြန်လည်ရှင်းလင်းဖြေကြားစဉ်။ (သတင်းစဉ်)

အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ၏သားများဖြစ်ကြသော မောင်အောင်ရွှေဦး ၁၂/ ပဇတ(နိုင်)၀၀၅၃၆၈နှင့် မောင်အောင်ရွှေထူး ၁၂/ပဇတ(နိုင်) ၀၀၄၆၈၀တို့သည် မိခင်၏ပြောဆိုဆုံးမခြင်းကိုမနာခံဘဲ မိခင်အား အမျိုးမျိုးစိတ်ဆင်းရဲအောင်ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ အမွေစားအမွေခံသားများအဖြစ်မှ စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။

၎င်းတို့နှင့်ပတ်သက်၍ မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

မိခင်-ဒေါ်သောင်းတင်
၁၂/ပဇတ(နိုင်)၀၁၄၇၅၂။

Diamond Brand စိန်တံဆိပ်ဘိလပ်မြေ

သွင်းကုန်လုပ်သူများဆက်သွယ်ရန်

Tunn Star Co., Ltd. အမှတ် ၂၂၂၊ မဟာဗန္ဓုလလမ်း၊ ပုဇွန်တောင်မြို့နယ်။

ဖုန်း-၂၉၄၇၀၁၊ ၂၉၄၇၀၂၊ ၂၉၄၇၀၄

Sinpoonchai Co., Fax (662) 6774015
e-mail trade @ sinpoonchai co., th



* ကျောဖုံးမှ

ပါဝင်ဖွဲ့စည်းထား

လက်ရှိစတင်ကျင်းပသော ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီအစည်းအဝေးသည် ၂၀၀၆ခုနှစ် မတ်၁၅ရက်တွင် ချမှတ်ခဲ့သည့် ကုလသမဂ္ဂအထွေထွေညီလာခံ ဆုံးဖြတ်ချက်အမှတ်(၆၀/၂၅၁)အရ ကုလသမဂ္ဂလူ့အခွင့်အရေးကော်မရှင်ကို ဖျက်သိမ်းပြီး အသစ် ပြန်လည်ဖွဲ့စည်းသော ကောင်စီအစည်းအဝေးဖြစ်သည်။ ယင်းကောင်စီတွင် အဖွဲ့ဝင် ၄၇နိုင်ငံအနက် အာရှမှ ၁၃နိုင်ငံ၊ အာဖရိကမှ ၁၃နိုင်ငံ၊ အရှေ့ဥရောပမှ ခြောက်နိုင်ငံ၊ အနောက်ဥရောပနှင့် အခြားနိုင်ငံများမှ ခုနစ်နိုင်ငံနှင့် လက်တင်အမေရိကနှင့် ကရစ်ဘီယံမှ ရှစ်နိုင်ငံတို့ ပါဝင်ဖွဲ့စည်းထားသည်။

ယခု ပထမအကြိမ် အဆင့်မြင့်ခေါင်းဆောင်များ အစည်းအဝေးသို့ ဒုတိယသမ္မတတစ်ဦး၊ ဒုတိယဝန်ကြီးချုပ်သုံးဦး၊ ဝန်ကြီး ၆၀၊ ဒုတိယဝန်ကြီး ၂၅ဦးနှင့် ကျန်ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၊ နိုင်ငံတကာနှင့် အစိုးရချင်းဆိုင်ရာ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်းသည် လူ့အခွင့်အရေးကောင်စီ၌ ဇွန် ၂၀ရက်တွင် မိန့်ခွန်းပြောကြားရာ၌ ယခင်လူ့အခွင့်အရေးကော်မရှင်တွင် ကျင့်သုံးခဲ့သော နိုင်ငံငယ်များအပေါ် ဝေဖန်ရှုတ်ချသည့် နည်းလမ်းအစား လက်ရှိကောင်စီအနေဖြင့် ကောင်းမွန်သည့်မှုကို အခြေခံသည့်နည်းလမ်းဖြင့်သာ ဆုံးဖြတ်ဆောင်ရွက်သင့်ကြောင်း၊ ကောင်စီ၏လုပ်ငန်းများတွင် ဘက်မလိုက်ခြင်း၊ အရှိကိုအရှိအတိုင်းရှုမြင်ခြင်းနှင့် ခွဲခြားမှုမရှိခြင်း စသည့်အများလေးစားသောမှုများကို လိုက်နာသင့်ကြောင်း၊ လူ့အခွင့်အရေးမြှင့်တင်ခြင်းနှင့် ကာကွယ်ခြင်းကိုတိုးမြှင့်ရာတွင် အပြုသဘောဆောင်သော ဆွေးနွေးမှုနှင့် စစ်မှန်သော ပူးပေါင်းဆောင်ရွက်မှုတို့ကိုသာ အခြေခံစေသင့်ကြောင်း၊ နိုင်ငံရေးပယောဂနှယ်ခြင်း၊ ဘက်လိုက်ခြင်း၊ နိုင်ငံအဆင့်အတန်းခွဲခြားခြင်းနှင့် မူနှစ်မျိုးထားရှိခြင်းတို့ဖြစ်ပေါ်ခဲ့သည့် လူ့အခွင့်အရေးကော်မရှင်မှအားနည်းချက်များကို ရှောင်ရှားပြီး တန်ဖိုးရှိသောသင်ခန်းစာများကိုသာ လက်ဆင့်ကမ်းရယူဆောင်ရွက်ကြရန် လိုအပ်ကြောင်းဖြင့် တိုက်တွန်းပြောကြားခဲ့သည်။

ကြိုးပမ်းအားထုတ်

ဝန်ကြီးသည် ဂျီနီဗာမြို့၌ရှိနေစဉ် ဇွန်၂၂ရက်တွင် လက်နက်ဖျက်သိမ်းရေးညီလာခံ သဘာပတိ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး Ambassador Valery Loshchinin၊ လက်နက်ဖျက်သိမ်းရေးညီလာခံ၏ ဒုတိယအတွင်းရေးမှူးချုပ် Mr. Tim Caughleyနှင့် ကုလသမဂ္ဂ၏လက်နက်ဖျက်သိမ်းရေးကိစ္စရပ်များဆိုင်ရာ ဒုတိယအတွင်းရေးမှူးချုပ် Mr. Nobuaki Tanaka တို့အား ကုလသမဂ္ဂ ဧည့်ခန်းဆောင်၌တွေ့ဆုံပြီး ကမ္ဘာ့ရေးရာပြဿနာများအပေါ် အမြင်ချင်းဖလှယ်ခဲ့သည်။

ယင်းနေ့ နံနက်ပိုင်းတွင် ဝန်ကြီးသည် ကျင်းပဆဲ လက်နက်ဖျက်သိမ်းရေးညီလာခံသို့ တက်ရောက်၍ မိန့်ခွန်းပြောကြားရာတွင် မြန်မာနိုင်ငံသည် လက်နက်ဖျက်သိမ်းရေးညီလာခံကို စတင်ဖွဲ့စည်းခဲ့သော ၁၈နိုင်ငံအဖွဲ့ Eighteen Nations Disarmament Committee ကတည်းကပင် ပါဝင်ခဲ့သည့် အစဉ်အလာရှိသည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ နျူကလီးယားလက်နက် ဖျက်သိမ်းရေး၊ အာကာသ ဟင်းလင်းပြင်တွင် လက်နက်ပြိုင်ဆိုင်မှု ဟန့်တားရေး၊ နျူကလီးယား လက်နက်မဲ့ဇုန်များအရေးနှင့် လက်နက်ငယ်များအရေးတို့တွင် မြန်မာနိုင်ငံ၏ ရပ်တည်ချက်သဘောထားများကို ရှင်းလင်းပြောကြားပြီး နျူကလီးယားလက်နက်ဖျက်သိမ်းရေးကိစ္စတွင် တူညီသောရည်မှန်းချက်ရရှိရန်နှင့် စိန်ခေါ်မှုများကိုကျော်လွှားနိုင်ရန် နိုင်ငံအားလုံးက ဆတက်ထမ်းပိုး ကြိုးပမ်းအားထုတ်ကြရန် လိုကြောင်း တိုက်တွန်းပြောကြားခဲ့သည်။

ဝန်ကြီးနှင့်အတူ ဂျီနီဗာမြို့ အခြေစိုက် ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် ဦးညွန့်မောင်ရှိန်၊ ဒုတိယအမြဲတမ်းကိုယ်စားလှယ် ဦးညွန့်ဆွေ၊ သံမှူး ဦးသာအောင်ညွန့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့်စီးပွားရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှမြင့်နှင့် ဌာနစုမှူး(၁) ဦးရဲမင်းသိမ်းတို့ ပါဝင်တက်ရောက်ခဲ့ကြသည်။

ဝန်ကြီးသည် ဇွန် ၂၅ရက်တွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့်တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ ဖမ်းဆီးရမိသည့်မူးယစ်ဆေးဝါးများနှင့်စပ်လျဉ်း၍သတင်းစာရှင်းလင်း

ရန်ကုန် ဇွန် ၂၆

၂၀၀၆ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အခမ်းအနားနှင့် ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများ အကြိမ်(၂၀) မြောက်ဖျက်ဆီးသည့် အခမ်းအနားတို့နှင့်စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲတစ်ရပ်ကို ယနေ့ နံနက် ၁၀နာရီ ၁၅မိနစ်က ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ဟံသာဝတီလမ်းနှင့် ကျွန်းတောလမ်းထောင့်ရှိ မူးယစ်ဆေးဝါးပပျောက်ရေးအထိမ်းအမှတ်ပြတိုက်၏ အုပ်ချုပ်မှုရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲသို့ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ဗိုလ်မှူးချုပ်ခင်ရီနှင့် ဗဟိုအဖွဲ့ဝင်များ၊ လုပ်ငန်းအဖွဲ့ဝင်များ၊ ပြန်ကြားရေးဝန်ကြီးဌာနမှတာဝန်ရှိသူများ၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များ အသင်းနာယက ဦးလှထွေး၊ ဥက္ကဋ္ဌ ဦးစဝ်ကိုင်ဖနှင့်အသင်းဝင်သတင်းထောက်များ၊ ပြင်ပစာနယ်ဇင်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဌာနမှူး(မူးယစ်) ရဲမှူးကြီးခမ်းအောင်က ရှင်းလင်းတင်ပြရာတွင် ယနေ့ ဇွန် ၂၆ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ဖမ်းဆီးရမိမူးယစ်ဆေးဝါးများ အကြိမ်(၂၀)မြောက် ဖျက်ဆီးခြင်းအခမ်းအနားနှင့်တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျင်းပခဲ့သည့် ဝတ္ထုတို၊ ဆောင်းပါး၊ တေးသီချင်း၊ ကဗျာ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ၊ ကွန်ပျူတာပိုစတာနှင့် ဓာတ်ပုံပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားများကို ရန်ကုန်မြို့၌ အောင်မြင်စွာ ကျင်းပခဲ့ကြောင်း၊ ယခုဆုပေးပွဲအခမ်းအနားတွင် ပြိုင်ပွဲအသီးသီး၌ ပထမ၊ ဒုတိယနှင့် တတိယရရှိသူ၆၀တို့အား ဆုများပေးအပ်ခဲ့ပြီး ကျန်အထူးဆုရရှိသူ ၁၀၀ ကိုလည်း သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်းများ၌ အခမ်းအနားဖြင့်ပေးအပ်ကြောင်း။

တက်ရောက်

ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ အကြိမ်(၂၀)မြောက်ဖျက်ဆီးခြင်းအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် တက်ရောက်ချီးမြှင့်ခဲ့ပြီး အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံတမန်များ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော နိုင်ငံတကာ အဖွဲ့အစည်းများ၊ ပြည်တွင်းရှိ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များလည်းတက်ရောက်ခဲ့ကြကြောင်း။

ပြည်နယ်၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်များတွင်လည်း အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့်တရားမဝင် သယ်ဆောင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဟောပြောပွဲများ၊ ပြပွဲပြိုင်ပွဲများကို တစ်ပြိုင်တည်းကျင်းပခဲ့ကြောင်း၊ ယခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့၏ ဆောင်ပုဒ်သည် "မူးယစ်ဒုက္ခ၊ မပေါ့ဆနှင့်"ဖြစ်ပါကြောင်း။

ဖျက်ဆီးခဲ့

ယနေ့ကျင်းပသည့် ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများ အကြိမ်(၂၀)မြောက် ဖျက်ဆီးပွဲ အခမ်းအနားတွင် မူးယစ်ဆေးဝါးများကို မီးရှို့ဖျက်ဆီးခဲ့ကြောင်း။

မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါးပပျောက်ရေး (၁၅)နှစ်စီမံကိန်းဖြင့် ထုတ်လုပ်မှုလျှော့ချရေး၊ သုံးစွဲမှုလျှော့ချရေး၊ တားဆီးနှိမ်နင်းရေးနှင့် နိုင်ငံတကာ ဆက်ဆံရေးကဏ္ဍများကို ဟန်ချက်ညီညီ အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း။

တားဆီးနိုင်ခဲ့

မူးယစ်ဆေးဝါးပပျောက်ရေး (၁၅)နှစ်စီမံကိန်း၏ အစိတ်အပိုင်းတစ်ခုဖြစ်သော ပန်းတိုင်သစ်စီမံကိန်း (New Destiny Project)ဖြင့် ဘိန်းစိုက် တောင်သူများကို စည်းရုံးပံ့ပိုးကူညီဆောင်ရွက်ခဲ့သဖြင့် ဘိန်းစိုက်တောင်သူများက အသိတရားရှိရှိ အပ်နှံခဲ့သည့် ဘိန်းမျိုးစေ့ကို ၁၃ကြိမ် မီးရှို့ဖျက်ဆီးခဲ့ရာ ဘိန်းမျိုးစေ့စုစုပေါင်း ၁၈၅၄၅၂ ဒသမ၆၇ကီလို ဖျက်ဆီးနိုင်ခဲ့ကြောင်း၊ အဆိုပါ ပမာဏသည် ဘိန်းစိုက်ပျိုးမှု ၁၁၃၅၆၅ ဒသမ ၆ဧကကျော် သို့မဟုတ် ဘိန်းဖြူထုတ်လုပ်မှု ၄၉ဒသမ၉၇တန်ကျော်ကို တားဆီးနိုင်ခဲ့ခြင်းဖြစ်ကြောင်း။

မြန်မာနိုင်ငံ၏မူးယစ်ဆေးဝါးပပျောက်ရေး ကြိုးပမ်းဆောင်ရွက်မှုများကြောင့် ဘိန်းစိုက်ပျိုးထုတ်လုပ်မှု နှစ်စဉ်လျော့နည်းကျဆင်းခဲ့ကြောင်း၊ UNODC နှင့် အမေရိကန်နိုင်ငံတို့၏ထုတ်ပြန်ချက်များက သာဓကပြသလျက်ရှိကြောင်း။

UNODC မှ ကွင်းဆင်းတိုင်းတာချက်အရ မြန်မာနိုင်ငံ ဘိန်းစိုက်ပျိုးမှုသည် ၂၀၀၂ခုနှစ်မှ ၂၀၀၅ခုနှစ်အထိ ဘိန်းစိုက်ပျိုးမှု ၉၅ရာခိုင်နှုန်းကျဆင်းပြီး ဘိန်းထုတ်လုပ်မှု၆၁ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း။

ခိုင်ခိုင်မာမာပြသ

မြန်မာနိုင်ငံနှင့် အမေရိကန်နိုင်ငံတို့ ၁၉၉၃ခုနှစ်မှ၂၀၀၄ခုနှစ်အတွင်းပူးပေါင်းဆောင်ရွက်သည့် ဘိန်းအထွက်နှုန်း တိုင်းတာမှုအရ ၁၉၉၃ခုနှစ်နှင့် ၂၀၀၄ခုနှစ်၏ ဘိန်းစိုက်ပျိုးမှုအခြေအနေကို နှိုင်းယှဉ်ကြည့်ပါက ၈၁ ရာခိုင်နှုန်း လျော့နည်းကျဆင်းခဲ့ပြီး ၁၉၉၃ခုနှစ် ဘိန်းထုတ်လုပ်မှုနှင့် ၂၀၀၄ခုနှစ် ဘိန်းထုတ်လုပ်မှုအခြေအနေကို နှိုင်းယှဉ်ပါက ၈၉ရာခိုင်နှုန်းကျဆင်းသွားသည်ကို တွေ့ရှိရကြောင်း၊ အဆိုပါရလဒ်များကို အမေရိကန်ပြည်ထောင်စုမှနိုင်ငံတကာသို့ တရားဝင်ထုတ်ပြန်ကြေညာခဲ့ရာ မြန်မာနိုင်ငံ၏ ဘိန်းထုတ်လုပ်မှုကျဆင်းရေး အောင်မြင်စွာဆောင်ရွက်ခဲ့ကြောင်းကို နိုင်ငံတကာသို့ ခိုင်ခိုင်မာမာ ပြသနိုင်ခဲ့ကြောင်း။

မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးတွင် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးအဖြစ် ဒေသတွင်း၊ ဒေသခွဲနှင့် အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက် ရှိကြောင်း၊ နိုင်ငံတကာ အစည်းအဝေးများ တက်ရောက်ခြင်း၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး စစ်ဆင်ရေးများတွင် ပါဝင်ဆောင်ရွက်ခြင်း၊ သတင်းဖလှယ်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း၊အနီးစပ်ဆုံးသာဓကမှာ တရုတ်နိုင်ငံကအလိုရှိသည့် မူးယစ်ဆေးဝါးတရားခံ တရုတ်နိုင်ငံသား ရန်ယူကြားပါ၂၂ဦးအား ၂၇-၆-၂၀၀၅ရက်တွင်လည်းကောင်း၊ ဟန်ယုဝမ်(ခ)ခိုင်စိုး၊ အားစို(ခ)အားစုတို့အား ၂-၁၀-၂၀၀၅ရက်တွင်လည်းကောင်း မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ပေးအပ်ခဲ့ကြောင်း၊ ၂၀၀၁ခုနှစ်မှစ၍ ယနေ့အထိ တရုတ်နိုင်ငံသား မူးယစ်ဆေးဝါးတရားခံစုစုပေါင်း ၆၁ဦးအား လွှဲပြောင်း ပေးအပ်ပြီးဖြစ်ကြောင်း၊ ထိုင်းနိုင်ငံမှ အလိုရှိသော မူးယစ်ဆေးဝါးတရားခံ ဆွန်မလပ်အား ၁၆-၆-၂၀၀၅ရက်တွင် မြန်မာနိုင်ငံမှထိုင်းနိုင်ငံသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း၊ ဘိန်းဖြူ ၅၉၂ဒသမ၅၂ကီလို ဖမ်းဆီးရမိခဲ့သည့် စိုးစံဇုန်အမှုမှ အဓိကတရားခံ အားရန်(ခ)တာရာနိုင်း ဗန်းတရားကူးနှင့် အားတီ(ခ)စိုင်းလုံတို့ကို ၃-၃-၂၀၀၅ရက်တွင် တရုတ်နိုင်ငံမှ ပြန်လည်လွှဲပြောင်း ပေးအပ်ခဲ့ကြောင်း၊ တာချီလိတ်ခရိုင်အတွင်း မူးယစ်ဆေးဝါးနှင့် လက်နက်ခဲယမ်းအမြောက်အမြားဖမ်းဆီးရမိမှုမှ အဓိကတရားခံ ရန်အားဟုန်အား ၂၄-၂-၂၀၀၆ရက်တွင် တရုတ်နိုင်ငံမှ မြန်မာနိုင်ငံသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း။

တိုက်ဖျက်မည်

မြန်မာနိုင်ငံသည် လူသားအားလုံး၏ရန်သူဖြစ်သော မူးယစ်ဆေးဝါးကို လုံးဝပပျောက်သည်အထိ သန္နိဋ္ဌာန်ချမှတ်၍ ဘက်ပေါင်းစုံမှ တိုက်ဖျက်သွားမည်ဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ဖြေကြား

ထို့နောက် ပြည်တွင်းပြည်ပ သတင်းစာဆရာများ၏ မေးမြန်းချက်များကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ အတွင်းရေးမှူး မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၊ တွဲဖက်အတွင်းရေးမှူး ရဲမှူးကြီးခမ်းအောင်နှင့် လုပ်ငန်းအဖွဲ့များမှ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပြီး သတင်းစာရှင်းလင်းပွဲကို နံနက်ပိုင်းတွင်ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

စည်ပင်သာယာရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွှန့်နှင့် မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်မောင်မြင့် တို့ ဇွန် ၁၀ရက်က ကျောက်ဆည် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော ကျောက်ဆည်မြို့ ဇော်ဂျီရေပေးရေးစက်ရုံသို့ ကွင်းဆင်း စစ်ဆေးရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးခင်ဇော်က ရေစက်ရုံမှ ရေပေးဝေနေမှု အခြေအနေများ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် စည်ပင်)

ဝမ်းတွင်းမြို့၌ မိုးစပါး ပန်းတိုင်စိုက်ပျိုးရန် စီမံကိန်းတာဝန်ပေးအပ်

ဝမ်းတွင်း ဇွန် ၁၂

မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ်၏ ၂၀၀၆–၂၀၀၇ ခုနှစ် မိုးစပါး ပန်းတိုင် အထွက်နှုန်း စိုက်ပျိုးထုတ်လုပ်ရန် ဧကသုံးသောင်း စီမံကိန်းတာဝန်ပေးအပ်ပွဲကို မေ၃၁ရက် နံနက်၉နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သူက အမှာစကား ပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးမင်းကြည်၊မြို့နယ်မြေစာရင်းဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်သန်းလွင်နှင့် ဆည်မြောင်းဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးမြင့်အောင်တို့က ပန်းတိုင်အထွက်နှုန်း ရရှိရေးနှင့်ပတ်သက်၍ ရှင်းလင်းပြီး ကျေးရွာအုပ်စု ၄၃ အုပ်စုမှ ဥက္ကဋ္ဌများအား တာဝန်ရှိသူများက မိုးစပါး ပန်းတိုင်အထွက်နှုန်း စိုက်ပျိုးထုတ်လုပ်ရန် စီမံကိန်းတာဝန်ပေးအပ်သည်။

(ယာပုံ) (မြို့နယ် ပြန်/ဆက်)

မြို့နယ် သတင်းများ

ကျောင်းသုံးစာရေးကိရိယာနှင့် ဗလာစာအုပ်များ ထောက်ပံ့

သံဖြူဇရပ် ဇွန် ၂၀

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ပညာရေးမှူးရုံးက ပညာရေးဝန်ကြီးဌာနမှ ထောက်ပံ့လှူဒါန်းခဲ့သည့် ၂၀၀၆–၂၀၀၇ခု ပညာသင်နှစ်အတွက် စာရေးကိရိယာနှင့် ဗလာစာအုပ်များ ထပ်ဆင့်ပေးအပ်ပွဲနှင့် ကျောင်းသားမိဘများအား တွေ့ဆုံဆွေးနွေးပွဲ အခမ်းအနားကို ဇွန် ၁၃ ရက်က သံဖြူဇရပ်မြို့နယ် ဘုရားသုံးဆူကားလမ်းဘေးရှိ ရဲတံခွန်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ၂၀၀၆–၂၀၀၇ခု ပညာသင်နှစ်အတွက် ကျောင်းသုံးစာရေးကိရိယာနှင့် ဗလာစာအုပ်များ ထောက်ပံ့ပေးအပ်ခြင်းနှင့်စပ်လျဉ်း၍ မြို့နယ်ပညာရေးမှူး ဦးခင်မောင်ဦးက ရှင်းလင်းတင်ပြပြီး ကျောင်းသား ကျောင်းသူများအား ကျောင်းသုံး စာရေးကိရိယာနှင့် ဗလာစာအုပ်များ ထောက်ပံ့ပေးအပ်သည်။ **(မြို့နယ်ပညာရေး)**

ရမ်းဗြဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းဆန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ကျော်ညွှန့်တို့ ကြီးကြပ်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများနှင့်အတူ ဇွန်၅ရက်က ပျိုးဥယျာဉ်အတွင်း ခြံစည်းရိုးကြက်ဆူပင်များ ပျိုးထောင်ကြစဉ်။

(မြို့နယ် စည်ပင်)

သွေးလှူရှင်များဂုဏ်ပြုပွဲ တောင်ငူ၌ကျင်းပ

တောင်ငူ ဇွန် ၂၂

ကမ္ဘာ့သွေးလှူရှင်များနေ့ အထိမ်းအမှတ်အဖြစ် တောင်ငူမြို့ ဖြဟ္မစိုရ်လူမှုရေးကူညီမှုအသင်းမေတ္တာနှင့် စေတနာသွေးအလှူရှင်များအဖွဲ့က(၃) ကြိမ်နှင့်အထက်သွေးလှူဒါန်းခဲ့ကြသည့် သွေးအလှူရှင် ၇၃ ဦးတို့အား ဂုဏ်ပြုပွဲ အခမ်း အနားကို ဇွန် ၁၄ ရက် နံနက်ပိုင်းက တောင်ငူမြို့ ရွှေနှင်းဆီဒေါ်အုန်းခင်ဆောက်လုပ်လှူဒါန်းသည့် သွေးအလှူရှင်များ ရုံးခန်းမ၌ကျင်းပသည်။

ဂုဏ်ပြုလွှာပေးအပ်

ဂုဏ်ပြုပွဲ အခမ်းအနားတွင် တောင်ငူခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(ယာယီ)ဥက္ကဋ္ဌ ဗိုလ်မှူးသိန်းဌွေး**(အောက်ပုံ)**၊ ဗြဟ္မစိုရ်လူမှုရေးကူညီမှုအသင်းဥက္ကဋ္ဌ ဦးမြင့်ညိုနှင့် သွေးအလှူရှင်များအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းလှိုင်တို့က အမှာစကားများ ပြောကြားကြပြီး သွေးအလှူရှင်များအား ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(ယာယီ)ဥက္ကဋ္ဌ ဗိုလ်မှူးသိန်းဌွေး၊ဗြဟ္မစိုရ်လူမှုရေးကူညီမှုအသင်းဥက္ကဋ္ဌ ဦးမြင့်ညိုနှင့် အမှုဆောင်များက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြသည်။ **(၁၀၃)**

မြန်မာ့အသံ နားဆင်စရာ

၁၃၆၈ခုနှစ် ဝါဆိုလဆန်း(၄)ရက်
၂၈–၆–၂၀၀၆ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၀၇:၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ဓဇဂ္ဂသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

- ၁၁:၁၅ နိုင်ငံစီးပွားလုပ်ငန်းများ (အဆောက်အအုံ ရေယို၊ ရေစိမ့် ပြုပြင်ကာကွယ်မှုလုပ်ငန်း အကြောင်း)
- ၁၁:၃၀ သောတရှင်အတွက် ပြန်ကြားချက်
- ၁၂:၀၀ ယဉ်ကျေးမှုအနုပညာ (အနုပညာတွင်သူ့ဘုရင်– သာရဝေါ စိုးကြည်)
- ၁၂:၁၅ သူ့အတွေးနှင့် သူ့အရေး (သညာနှင့် ပညာ–မောင်ရဲလူ)
- ၁၂:၃၅ သီချင်းကြီးပဒေသာ
  - (၁) ပုံပမာကြီး–ကိုမင်းဟန်
  - (၂) မိုးဘွဲ့သဖြန်အစချီမိုးဘွဲ့ ပတ်ပျိုး–ဟသာ်ကြည်
  - (၃) ဖူးမွှေ့လက်တင်–ဘောလယ် စောင်းသိန်းဖေ
  - (၄) အုံ့မှိုင်းငယ်ညိုတံငါလေ့ချင်း–အဖွဲ့

ညနေပိုင်း

- ၁၆:၃၀ **၂၀၀၆ ခုနှစ် ကမ္ဘာ့ဖလား ဘောလုံး ပြိုင်ပွဲ နေ့စဉ်သုံးသပ်ချက်**
- ၁၇:၀၀ ခံစားနားဆင်မြန်မာတေးသံစဉ်
  - (၁) မောင့်စိတ်ကြောင့်လွမ်း
  - (၂) ကြာလေလေဝေးမှာစိုးတယ်
  - (၃) ချစ်စေတနာ
- ၁၇:၃၀ ခံတွင်းမြိန်စရာသူ့လက်ရာ (ပုစွန်ကျော်နှင့် မှိုနတိုကြော်ချက်)
- ၁၇:၄၅ သူ့လက်သံ (အဆို၊အက၊အရေး၊ အတီးဆုရ ရန်ကုန်တိုင်းမှ မအိမ့်သရသူ၏ စန္ဒရားလက်သံ)
- ၁၈:၄၀ စာအုပ်စာပေလှူမိတ်ဆွေ
  - (၁) လူ့ခန္ဓာကိုယ်အစိတ်အပိုင်းနှင့်ဆိုင်သော အီဒီယမ်များ (ဆရာဦးသိန်းလွင်)
  - (၂) တက္ကသိုလ်ဝင်တန်း သင်ရိုးသစ် မြန်မာစာသင်ရိုးကုန် လေ့လာချက် (ဦးရဲဝေ–မြန်မာစာ)
- ၁၉:၁၅ မေတ္တာလက်ဆောင်ရ တေးစီးရီး (စပယ်မင်းတေးထုတ်လုပ်ရေးမှ မေတ္တာလက်ဆောင်ပေးပို့သည့် ဟိုတုန်းကထက် ပိုချစ်မယ် တေးစီးရီး)
- ၂၀:၃၀ ခံစားနားဆင် မြန်မာတေးသံစဉ်
  - (၁) ပွင့်ဦး
  - (၂) အချစ်ဦးမေ့ထံ ပြန်လာပါ
  - (၃) ပန်းတမာလား ချစ်သူလား

မိုးစပါးစီမံကိန်း အကောင်အထည်ဖော်ရေး မင်းဘူး(စကု)၌ လုပ်ငန်းညှိနှိုင်းစည်းဝေး

မင်းဘူး(စကု) ဇွန် ၁၅

မင်းဘူး(စကု)မြို့နယ် ၂၀၀၆–၂၀၀၇ခုနှစ် စိုက်ပျိုးရေးရာသီ မိုးစပါးစီမံကိန်း အကောင်အထည်ဖော်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ဇွန် ၈ရက် နံနက်၁၀နာရီက မြို့နယ်ရုံးပေါင်းစုံ အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ် စိုက်ပျိုးရေးစီမံကိန်း အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်မြင့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်တိုးမြင့်ကော်မတီဝင်များ၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ် စိုက်ပျိုးရေးစီမံကိန်း အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်မြင့်က လုပ်ငန်းများနှင့် ပတ်သက်၍ အဖွင့်အမှာစကားပြော ကြားပြီး မြို့နယ်စိုက်ပျိုးရေးလုပ်ငန်းမန်နေဂျာ ဦးမြသောင်း၊ မြို့နယ်ဆည်မြောင်းဦးစီးဌာနဦးစီးအရာရှိဦးအောင်ကျော်မြင့်တို့က သက်ဆိုင်ရာလုပ်ငန်းများ အလိုက်ဆောင်ရွက်နေသော အခြေအနေများတင်ပြရာ တက်ရောက် လာကြသူများက ပြန်လည်ဆွေးနွေးကြသည်။ (၃၄၈)

ကမ္ဘာ့ပတ်ဝန်းကျင်သန့်ရှင်းရေးနေ့အထိမ်းအမှတ် တန့်ဆည်ပြည်သူ့ဆေးရုံ၌ သာယာလှပရေးဆောင်ရွက်

တန့်ဆည် ဇွန် ၁၅

မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့က ကြီးမှူးပြီး ကမ္ဘာ့ပတ်ဝန်းကျင်သန့်ရှင်းရေးနေ့အထိမ်းအမှတ်ဟောပြောပွဲ အခမ်းအနားကို ဇွန် ၅ ရက်နံနက်က မြို့နယ်ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်မျိုးအောင်က အမှာစကား ပြောကြားပြီး မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဆွေဆွေဝင်းက ကမ္ဘာ့ပတ်ဝန်းကျင် သန့်ရှင်းရေးနေ့အကြောင်း ဟောပြောဆွေးနွေးသည်။

စုပေါင်းဆောင်ရွက်

ထို့နောက် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များက ပြည်သူ့ဆေးရုံဝင်းအတွင်း သန့်ရှင်းသာယာလှပစေရေးအတွက် သန့်ရှင်းရေးလုပ်ငန်းများစုပေါင်းဆောင်ရွက်ပေးကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ကတ္တရာခင်း

ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော ရပ်တော်မူ အတက်လမ်းတိုးချဲ့ ကတ္တရာခင်းခြင်းလုပ်ငန်းကိုဇွန်၁၀ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်ကျော်နှင့် အငယ်တန်း အင်ဂျင်နီယာ(၂) ဦးစံလင်းတို့ ကြီးကြပ် ဆောင်ရွက်ပေးစဉ်။

(မြို့နယ်စည်ပင်)

ဆင်ဖြူကျွန်းမြို့ အာရုဏ်ခံ အာရုဏ်လျှံဘုရားထီးတော်တင်

ဆင်ဖြူကျွန်း ဇွန် ၁၆

မကွေးတိုင်း ဆင်ဖြူကျွန်းမြို့ တောင်ဖျားရှိ ပုတီးပင်မယ်ထွေး တည်ထားခဲ့သော အာရုဏ်ခံအာရုဏ်လျှံ ဘုရားထီးတော်တင်ပွဲ ဘက်စုံမွှမ်းမံမှု ရေစက်ချပွဲနှင့် အလှူရှင်များအား ဂုဏ်ပြုလွှာပေးအပ်ပွဲကို ဇွန်၉ရက်က အဆိုပါဘုရားရင်ပြင်၌ ကျင်းပသည်။

အခမ်းအနားတွင် ပြာသာဒ်စေတီသို့ ထီးတော်တင်မင်္ဂလာ ကျင်းပပြီး **(ဝဲပုံ)** သံဃာတော်များက အနေကဇာတင်တော်မူကြသည်။

တက်ရောက်

ယင်းနောက် ရေစက်ချ ဓမ္မသဘင်ပွဲနှင့် အလှူရှင်များ ဂုဏ်ပြုလွှာပေးအပ်ပွဲကို ဆက်လက်ကျင်းပရာ မဟာဝိသုတာရာမ စာချဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စ၊ ဘဒ္ဒန္တဓမ္မိက၊ နိသျှရည်းကျောင်းဆရာတော် ဘဒ္ဒန္တအမရ၊ လေးထပ်ကျောင်းဆရာတော် ဘဒ္ဒန္တကေလာသတို့ ကြွရောက်တော်မူကြ၍ ဂေါပကများ၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဝတ်အသင်းများ၊ ကုသိုလ်ရှင်များ၊ ဆင်ဖြူကျွန်းမြို့ ဗုဒ္ဓဒေသနာတော်နှင့် ရှေးဟောင်းယဉ်ကျေးမှုကော်မတီဝင်များ တက်ရောက်ကြပြီး နာယက ဆရာတော်ထံမှ ငါးပါးသီလနှင့် သြဝါဒခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ကျပ် ၁၆သိန်းကျော် အလှူရှင် ဦးခေတ်ချောင်း၊ သုံးသိန်းခွဲ အလှူရှင် ဦးဖွေး၊ နှစ်သိန်းခွဲ အလှူရှင် ဦးသန်းအောင်(ရန်ကုန်)၊ ဒေါ်ခင်မာကြည်၊ ဒေါ်မြရီ၊ ဦးစန်းလွင်နှင့် စေတီတော်အကျိုးပြုဂုဏ်ဆောင် ဆောင်းပါးရှင် ကိုမြိုင်ဉာဏ်နှင့် မောင်မောင်အေးတို့အား တာဝန်ရှိသူများက ဂုဏ်ပြုလွှာများ ပေးအပ်ကြသည်။

ထို့နောက် နာယကဆရာတော် ချီးမြှင့်တော်မူသည့် ကျပ်သိန်းခုနစ် ဆယ်ကျော်ကောင်းမှုစုံ အနုမောဒနာတရားတော်ကို နာယူကြ၍ ဦးအောင်ကြည်၊ ဦးအောင်မြင့်၊ ဦးလှငွေ၊ ဦးကံတင်တို့က ရေစက်ချ အမျှဝေကြကြောင်း သိရသည်။ **(က-ပ)**



ပုသိမ်မြို့နယ်အသင်းဥက္ကဋ္ဌ သီရိသုဓမ္မ မဏိဇောတဓရ ဦးစိုးဟန်လင်း-ဒေါ်နန္ဒာအောင်၊ ဒုတိယဥက္ကဋ္ဌ ဦးမြင့်နိုင်-ဒေါက်တာဒေါ်ခင်မြ၊ အတွင်းရေးမှူး ဦးကျော်ကျော်ဝင်း-ဒေါ်ခင်သိန်း၊ ဦးသိန်းလွင်-ဒေါ်မြင့်မြင့်ရီ (တိုးနယားပွဲရုံ၊ အာရှတော်ဝင်ဆေးရုံ)တို့က ငွေကျပ်တစ်သိန်းစီဖြင့် စုစုပေါင်းလေးသိန်းကို မေ၂၁ရက်က ပုသိမ်မြို့ အမှတ်(၃)နယ်မြေ ဇေယျဝံသပရိယတ္တိစာသင်တိုက်အတွင်းရှိ ကရုဏာလူမှုကူညီရေးအသင်း (ပုသိမ်)သို့ ပေးအပ်လှူဒါန်းရာ ကရုဏာလူမှုကူညီရေးအသင်း ဥက္ကဋ္ဌ ဦးစိုးမြင့်နှင့် အတွင်းရေးမှူး ဦးတင်အုန်းတို့က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

အောင်ဆန်းသူရိယစောမြင့်စာကြည့်တိုက်ဖွင့်

ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေရှည်တည်တံ့ရေးရှင်းလင်း

ဘားအံ ဇွန် ၁၂

အောင်ဆန်းသူရိယစောမြင့် စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ဇွန်၈ရက်က ဘားအံမြို့နယ် ငြိမ်းချမ်းရေးမြို့သစ်တွင်ကျင်းပရာ ဖဒိုအောင်ဆန်းနှင့် ပြည်နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နန်းအေးကြည်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။**(ယာပုံ)**

ရှင်းလင်း

ဆက်လက်၍ စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကိုကျင်းပရာ ဖဒိုအောင်ဆန်းက စာကြည့်တိုက်ဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များကိုလည်းကောင်း၊ ပြည်နယ်လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နန်းအေးကြည်က စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေး၊ ရေရှည်တည်တံ့ရေးနှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းပြောကြားသည်။

လှူဒါန်း

ထို့နောက် ဖဒိုအောင်ဆန်းက လက်ထောက်ညွှန်ကြားရေးမှူးထံသို့ စာကြည့်တိုက်ဖွင့်ပွဲ အထိမ်းအမှတ်အလံကိုပေးအပ်ရာ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ စီမံရေးရာဌာန ဌာနမှူး ဒေါ်နှင်းသူဇာက စာကြည့်တိုက်အတွက် စာအုပ်စာစောင်မျိုးစုံ ၁၅၀ ကို ဖဒိုအောင်ဆန်းထံသို့ ပေးအပ်လှူဒါန်းသည်။ **(ပြည်နယ် ပြန်/ဆက်)**

အမြို့မြို့အနယ်နယ် သတင်းများ

ရွှေဘိုမြို့နယ်အတွင်း ကျေးရွာစာကြည့်တိုက်များ

ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး ရှင်းလင်းဆွေးနွေး

ရွှေဘို ဇွန် ၁၀

ကျေးရွာ စာကြည့်တိုက်များ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပွဲ အခမ်းအနားကို ဇွန် ၁ရက် နံနက် ၁၁နာရီက ရွှေဘိုမြို့နယ် တအုံကျေးရွာ စိုက်ပျိုးရေးစခန်းတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၂) ဦးအောင်မြင့်နောင်က အဖွင့်အမှာစကား ပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်တင့်က စာကြည့်တိုက်များ ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် ဒုတိယဦးစီးမှူး ဒေါ်စိုးစိုးဝင်းက စာကြည့်တိုက်များ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှင်းလင်းပြောကြားသည်။

အခမ်းအနားသို့ တအုံ၊ မင်းကျောင်း၊ ဆင်းကွက်၊ အုံးပေါက်၊ ကံကြီးကုန်း၊ သပြေသစ်ချို၊ ကြိုးကြာ၊ တကန်သာ၊ ဘိုးတော်တော၊ ပိတ္တောမခေါက်၊မလား၊ ဆယ်ပင်ကျွန်း၊ မအူနှင့် နွယ်ငြိမ်းကျေးရွာများမှ ဥက္ကဋ္ဌများနှင့် စာကြည့်တိုက် တာဝန်ခံများ တက်ရောက်ကြသည်။

(ခရိုင် ပြန်/ဆက်)

မော်လမြိုင်ကျွန်း မိခင်/ ကလေးအသင်း

နှစ်ပတ်လည်စည်းဝေး၊ စွမ်းဆောင်ရည်ဆုချီးမြှင့်

မော်လမြိုင်ကျွန်း ဇွန် ၂၃

မော်လမြိုင်ကျွန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှစ်ပတ်လည်အစည်းအဝေးနှင့် ဆုပေးပွဲအခမ်းအနားကို ဇွန်၂၀ရက် နံနက် ၁၀နာရီက မော်လမြိုင်ကျွန်းမြို့ မော်ရောခန်းမ၌ ကျင်းပသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်စန်းမြင့်က အမှာစကားပြောကြားပြီး မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတွဲဖက်အတွင်းရေးမှူး ဒေါ်သန်းသန်းအေးနှင့် အသင်းစာရင်းစစ်မှူး ဒေါ်တင်အေးဝင်းတို့က ၂၀၀၅ခုနှစ် အသင်းလုပ်ငန်းဆောင်ရွက်ချက် ရှေ့လုပ်ငန်းစဉ်နှင့် ဘဏ္ဍာရေးရှင်းတမ်းတို့ကို ရှင်းလင်းတင်ပြပြီး အသင်းရာသက်ပန်အသင်းဝင်ကတ်ပြားများကို ရပ်ကွက်နှင့် ကျေးရွာအုပ်စု မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲ ခုနစ်ခုမှ အသင်းဥက္ကဋ္ဌများက ပေးအပ်ကြသည်။

ဆုချီးမြှင့်

ထို့နောက် ၂၀၀၅ခုနှစ် အသင်းလုပ်ငန်းစွမ်းဆောင်ရည် အကောင်းဆုံးဆုရရှိသော အသင်းတွဲဖက်အတွင်းရေးမှူး ဒေါ်သန်းသန်းအေးအား မြို့နယ်ဥက္ကဋ္ဌ ဦးကိုကိုအောင်က ဆုချီးမြှင့်ပြီး ၂၀၀၅ခုနှစ် အသင်းလှုပ်ရှားမှု ပထမဆုရ မြို့မ (၁၀) ရပ်ကွက်၊ ဒုတိယဆုရ မြို့မ (၉)ရပ်ကွက်၊ တတိယဆုရ ကျိုက်ပိကျေးရွာ၊ နှစ်သိမ့်ဆုရ မြို့မ (၁၂)ရပ်ကွက်နှင့် မြို့မ ၈ရပ်ကွက်တို့အား မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်စန်းမြင့်နှင့် အသင်းဝင်များက ဆုများပေးအပ်ချီးမြှင့်ကြသည်။**(ယာပုံ)(ဝ၉၇)**

သာသနာ့ဗိမာန်တည်ဆောက်ရေး အလှူငွေပေးအပ်

သန်လျင် ဇွန် ၂၂

သန်လျင်မြို့ ကျက်သရေဆောင် သာသနာ့ဗိမာန်တည်ဆောက်ရေး အလှူငွေပေးအပ်ပွဲကို ဇွန်၁၈ရက် နံနက်၁၀နာရီက သာသနာ့ဗိမာန်တည်ဆောက်ရေး အုပ်ချုပ်မှုကော်မတီရုံး၌ ကျင်းပသည်။

ရှေးဦးစွာ သာသနာ့ဗိမာန်တည်ဆောက်ရေး အုပ်ချုပ်မှုကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မြတ်စိုး(ငြိမ်း)က သာသနာ့ဗိမာန်တည်ဆောက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး အလှူရှင် ၃၁ဦးတို့က အလှူတော်ငွေကျပ် ၃၂၇၇၆၄၀ကို ပေးအပ်လှူဒါန်းကြရာ သာသနာ့ဗိမာန်တည်ဆောက်ရေး အုပ်ချုပ်မှုကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။**(အပေါ်ပုံ)**

သန်လျင်မြို့ ကျက်သရေဆောင် သာသနာ့ဗိမာန်ကြီးတည်ဆောက်ရေးအတွက် ရပ်နီးရပ်ဝေးမှအလှူရှင်များအနေဖြင့် ရုံးအဖွဲ့(၁)ဖုန်း-၀၅၆-၂၁၀၀၄ နှင့် ရုံးအဖွဲ့(၂)နီလာမင်းရွှေဆိုင်(၂)မြို့မဈေး ဖုန်း-၀၅၆-၂၁၂၀၁၊ ၀၉၅၀-၁၅၀၂၁တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ညောင်ဦးခရိုင် ပြန်/ ဆက်ဝန်ထမ်းသားသမီးများ

ပညာသင်စရိတ် ထောက်ပံ့ကြေးပေးအပ်

ညောင်ဦး ဇွန် ၁၀

ညောင်ဦးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများနှင့် ဝန်ထမ်းသားသမီးများအား ၂၀၀၆-၂၀၀၇ခု ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲအခမ်းအနားကို ဇွန် ၁ရက်က ခရိုင်ရုံး စာကြည့်ခန်းမ၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်မြလွင်က ဝန်ထမ်းနှင့် ဝန်ထမ်းသားသမီးများအား ပညာသင်စရိတ် ထောက်ပံ့ကြေးငွေ ပေးအပ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထောက်ပံ့ငွေပေးအပ်

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်မြလွင်က ၂၀၀၆-၂၀၀၇ခု ပညာသင်နှစ် တက္ကသိုလ် ကောလိပ်အဆင့်၊ အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများအား ပညာသင်စရိတ် ထောက်ပံ့ငွေပေးအပ်ပြီး မြို့နယ်ဦးစီးမှူး ဒေါ်မေသက်နွယ်က အလယ်တန်းအဆင့်၊ မူလတန်းအဆင့် ကျောင်းသား ကျောင်းသူများအား ပညာသင်စရိတ် ထောက်ပံ့ငွေများ ပေးအပ်ကြသည်။

(ခရိုင် ပြန်/ဆက်)

မိုင်းဖြတ်ခရိုင် အမျိုးသမီးရေးရာအဖွဲ့ မိုင်းယုမြို့သို့ ကွင်းဆင်းဆွေးနွေး

မိုင်းဖြတ် ဇွန် ၁၄

မိုင်းဖြတ်ခရိုင် အမျိုးသမီးရေးရာအဖွဲ့ နာယကနှင့် ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ချောစုမျိုးညွန့်၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌဒေါ်ရီရီလွင်တို့နှင့်အတူ မိုင်းယောင်းမြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နီလာလှိုင်လိုက်ပါလျက် ဇွန် ၉ရက်က မိုင်းဖြတ်ခရိုင် မိုင်းယုမြို့သို့ ရောက်ရှိလာရာ အဖွဲ့ဝင်များက ကြိုဆိုကြသည်။

ဆက်လက်၍ မိုင်းယုမြို့ရှိ မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဝင်များနှင့် တွေ့ဆုံဆွေးနွေးပွဲကျင်းပရာ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ချောစုမျိုးညွန့်နှင့် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ရီရီလွင်တို့က အသင်းအဖွဲ့တို့၏ ရည်ရွယ်ချက်နှင့်ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးညှိနှိုင်းကြသည်။ **(အပေါ်ပုံ)**

ဆောင်ရွက်ပေး

ဆက်လက်၍ မိုင်းယောင်းမြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နီလာလှိုင်၊ မိုင်းယုမြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်စိန်အေးနှင့် ဒေါ်ဖြူဖြူဝင်းတို့က ပြန်လည်ဆွေးနွေးတင်ပြရာ ခရိုင်အမျိုးသမီးရေးရာအဖွဲ့နာယကနှင့် ဥက္ကဋ္ဌတို့က လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

မြို့နယ် သတင်းများ

ထားဝယ်မြို့တွင်း ဘုံမွှော်ချောင်း ပေါ်ရှိ အလျား ၃၈ ပေ၊ အကျယ် ၁၈ ပေ၊ အမြင့် ၁၄ ပေရှိ ဗိုလ်သန်း ကြည်တံတားပြင်ဆင်ဆောင်ရွက်မှုကို ဇွန် ၁၈ ရက်က မြို့နယ် စည်ပင်သာယာရေး အဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကြည်သန်းနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးခင်မောင်တင့်တို့ ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။

(မြို့နယ်စည်ပင်)

ကျောက်မဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဧက ၅၀ ခြံစည်းရိုးကြက်ဆူပင် စိုက်ခင်းတွင် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများစုပေါင်း၍ ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးနေမှုကို ဇွန် ၁၁ ရက်က အမှုဆောင်အရာရှိ ဦးသက်ထွန်း ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးစဉ်။

(မြို့နယ်စည်ပင်)

မိုးရာသီမြို့တွင်း ရေစီးရေလာကောင်းမွန်ရေးနှင့်သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် တိုက်ကြီးမြို့ ဗောဓိကုန်းရပ်ကွက် အနောက်မြို့ပတ်လမ်းနှင့် ဈေးရပ်ကွက်ဌာနလမ်း၊ သီတာလမ်းတစ်လျှောက်ရှိ ပင်မရေနုတ်မြောင်းမကြီးကို မေ ၂၅ ရက်က စက်ယန္တရားဖြင့် ရေမြောင်းတူးဖော်ဆောင်ရွက်ရာသို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံ အင်ဂျင်နီယာ ဦးအောင်ထွန်း ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

သိန်းနီကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ရေရှည်တည်တံ့ရေး ဆွေးနွေး

ရန်ကုန် ဇွန် ၂၆

သိန်းနီမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်စိုးလင်းသည် ရပ်သံကျွမ်းကျင် (၃)ဦးချစ်လှတို့နှင့်အတူ ပိန်ဆာကျေးရွာအုပ်စု ပိန်ဆာရွာသို့ရောက်ရှိပြီး ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ရေရှည်တည်တံ့ရေး ဆွေးနွေးပွဲကို ဇွန်၂၁ရက် ညနေ ၅ နာရီက အဆိုပါစာကြည့်တိုက်၌ ကျင်းပသည်။

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် သိန်းနီမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးကျော်စိုးလင်းက စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးလုပ်ငန်းများကိုဆွေးနွေးပြီး မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ရပ်သံကျွမ်းကျင်(၃) ဦးချစ်လှက စာအုပ်မျိုးစုံအုပ် ၄၀ကို ပေးအပ်လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌ ဦးကာလဲ့က လက်ခံယူပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ ဆက်လက်၍ မိုင်လီကျေးရွာအုပ်စုတွင် စိုက်ပျိုးထားသော ဌာနပိုင်ကြက်ဆူစိုက်ခင်းအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ကတ္တရာခင်း

လက်ပံတန်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၆-၂၀၀၇ခု ဘဏ္ဍာရေးနှစ် သခင်ဖိုးလှကြီးလမ်း အရှည်ပေ ၁၀၀၀ ကတ္တရာခင်းခြင်းလုပ်ငန်းကို ဇွန် ၁၆ ရက်က အမှုဆောင်အရာရှိ ဦးနေမင်းနှင့်တာဝန်ခံအင်ဂျင်နီယာ ဦးအောင်မိုးသွင်တို့ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ပေးစဉ်။

(မြို့နယ်စည်ပင်)

ဝမ်းလျှောဝမ်းပျက်ရောဂါ ကာကွယ်ကုသပါ

၁။ ဝမ်းလျှောဝမ်းပျက်ရောဂါသည် ကူးစက်ရောဂါဖြစ်သည်။ ရောဂါပိုးများသည် ရောဂါဖြစ်ပွားနေသူ၏ ဝမ်းနှင့် အန်ဖတ်များတွင်ပါရှိသည်။ ရောဂါပိုးများပါဝင်သည့် ရေနှင့်အစားအစာများကို စားသောက်မိခြင်းကြောင့် ရောဂါကူးစက်ပြန့်ပွားသည်။

၂။ အစားအသောက်များသည် အောက်ပါအကြောင်းအချက်များကြောင့် ရောဂါပိုးများ ကူးစက်ဝင်ရောက်နိုင်သည်။

* အစားအသောက်များပေါ်သို့ ယင်အုံ ယင်နားခြင်း၊
* အစားအသောက်ထည့်သည့် အိုးခွက်ပန်းကန်များကို မသန့်ရှင်းသည့်ရေဖြင့် ဆေးကြောအသုံးပြုခြင်း၊
* မသန့်ရှင်းသည့်လက်ဖြင့် အစားအသောက်များကို ကိုင်တွယ်ချက်ပြုတ်ပြင်ဆင်ခြင်း၊
* မသန့်ရှင်းသည့် အိုးခွက်ပန်းကန်ဖြင့် ချက်ပြုတ်ပြင်ဆင်သိမ်းဆည်းခြင်း။

၃။ သောက်သုံးရေများသည် အောက်ပါအကြောင်းများကြောင့် ညစ်ညမ်း၍ ရောဂါပိုးများ ကူးစက်ဝင်ရောက်နိုင်သည်။

* သောက်သုံးရေအဖြစ်အသုံးပြုသည့် ရေတွင်းရေကန်များအတွင်းသို့ ပြင်ပမှ ညစ်ညမ်းသည့်ရေများ စီးဝင်ခြင်း၊
* ရေတွင်းရေကန်များထဲသို့ မသန့်ရှင်းသည့် ရေခွက်၊ ရေပုံးများဖြင့် ခပ်ယူခြင်း၊
* သောက်သုံးရေတွင်း၊ ရေကန်များအနီးတွင် ရေချိုးခြင်း၊ အဝတ်လျှော်ခြင်း၊
* သောက်သုံးရေတွင်း၊ရေကန်များသည် အိမ်သာ၊ အညစ်အကြေးစွန့်ရာနေရာစသည်တို့နှင့် နီးကပ်စွာတည်ရှိခြင်း၊ ပိုး၍နိမ့်သည့်နေရာတွင်ရှိခြင်း၊
* သောက်သုံးရေတွင်း၊ရေကန်များအနီးသို့ ကျွဲ၊ နွား၊ ခွေးစသည့် တိရစ္ဆာန်များဝင်ရောက်ခြင်း။

၄။ ဝမ်းလျှော ဝမ်းပျက်ရောဂါဖြစ်ပွားခြင်းမှ ကာကွယ်ရန်

* သောက်သုံးရေတွင်း၊ရေကန်များအနီးနှင့် မြင့်သောနေရာတွင် အိမ်သာဆောက်ခြင်း၊ မစင်စွန့်ခြင်းတို့မှ ရှောင်ကြဉ်ပါ၊
* သောက်သုံးရေတွင်း၊ရေကန်များအနီးတွင် ရေချိုးခြင်း၊ အဝတ်လျှော်ခြင်းမပြုပါနှင့်၊
* ရေတွင်း၊ ရေကန်များထဲသို့ တစ်ဦးချင်းသယ်ဆောင်လာသည့် ရေပုံး၊ ရေခွက်များနှင့် မခပ်ပါနှင့်၊ ရေခပ်ယူရန်လိုအပ်ပါက ရေတွင်း၊ ရေကန်အနီးတွင် သန့်ရှင်းသော ရေခွက်၊ ရေပုံး သီးသန့်ထားရှိပါ၊
* ရေကို ကျိုချက်၍သောက်ပါ၊
* သန့်ရှင်းလတ်ဆတ်သည့် အစားအစာများကိုစားပါ၊
* အစားအစာများကို ယင်မနားအောင်ဖုံးအုပ်ထားပါ၊ ယင်နားစာများ မစားပါနှင့်၊
* အစားအစာများကို မကိုင်တွယ်မီ လက်ကိုရေနှင့်ဆပ်ပြာသုံး၍ စင်ကြယ်အောင်ဆေးကြောပါ၊
* အစားအစာများထည့်သည့် အိုး၊ ခွက်၊ ပန်းကန်များကို သန့်ရှင်းသည့်ရေနှင့် ဆပ်ပြာသုံး၍ စင်ကြယ်အောင်ဆေးကြောပါ၊
* ယင်လုံအိမ်သာ အသုံးပြုပါ၊
* အိမ်သာမှဆင်းတိုင်းနှင့် မစင်၊ အန်ဖတ် စသည်တို့ကို ထိတွေ့ကိုင်တွယ်ပြီးတိုင်း လက်ကိုရေနှင့် ဆပ်ပြာသုံး၍ စင်ကြယ်အောင်ဆေးကြောပါ။

၅။ အကယ်၍ ဝမ်းလျှော ဝမ်းပျက်ရောဂါဖြစ်ပွားပါက ဓာတ်ဆားရည်ကို အညွှန်းအတိုင်းတိကျစွာဖျော်၍သောက်ပြီး နီးရာဆေးရုံဆေးခန်းတွင် ဆောလျင်စွာပြသကုသမှုခံယူပါ။ မိမိမှတစ်ဆင့် အခြားသူများသို့ ရောဂါမကူးစက်ရန် သတိပြုကာကွယ်ပါ။

ကျန်းမာရေးဝန်ကြီးဌာန

ထိုင်းဘုရင့်ရေတပ်ဦးစီးချုပ်နှင့်ဇနီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိ

ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်း ထိုင်းနိုင်ငံ ထိုင်းဘုရင့်ရေတပ်ဦးစီးချုပ် Commander in Chief Royal Thai Navy Admiral Satirapan Keyanon အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ရန်ကုန် ဇွန် ၂၆

ထိုင်းနိုင်ငံ ထိုင်းဘုရင့်ရေတပ်ဦးစီးချုပ် Commander in Chief Royal Thai Navy Admiral Satirapan Keyanon နှင့်ဇနီးတို့ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ယနေ့နံနက် ၈ နာရီ ၄၅ မိနစ်တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာကြသည်။

ကြိုဆိုနှုတ်ဆက်

ထိုင်းနိုင်ငံ ထိုင်းဘုရင့်ရေတပ်ဦးစီးချုပ်နှင့်ဇနီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းနှင့်ဇနီး၊ တပ်မတော်(ရေ)မှ အရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Suphot Dhirakaosal၊ စစ်သံမှူး Colonel, Prissapa Suvanatat တို့နှင့် ၎င်းတို့၏ဇနီးများ၊ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်းနှင့် ဧည့်သည်တော်

စာမျက်နှာ ၃ ကော်လံ ၁ ❐

မိုးလေဝသအခြေအနေ (ဇွန် ၂၇ ရက်)

နေပြည်တော်

နေပြည်တော်နှင့် အနီး တစ်ဝိုက်တွင် မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေး

မန္တလေးနှင့် အနီးတစ်ဝိုက်၌ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

နိုင်ငံငယ်များအပေါ် ဝေဖန်ရှုတ်ချသည့် နည်းလမ်းအစား ကောင်းမွန်သည့်မှုကို အခြေခံသည့်နည်းလမ်းဖြင့်သာ ဆုံးဖြတ်သင့် ဘက်မလိုက်ခြင်း၊ အရှိကိုအရှိအတိုင်း ရှုမြင်ခြင်းနှင့် ခွဲခြားမှုမရှိခြင်း အများလေးစားသောမှုများကို လိုက်နာဆောင်ရွက်သင့်

နေပြည်တော် ဇွန် ၂၇

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းသည် ဂျီနီဗာမြို့ရှိ ကုလသမဂ္ဂရုံး၌ ဇွန် ၁၉ ရက်တွင် စတင်ကျင်းပသော လူ့အခွင့်အရေးကောင်စီ၏ သမိုင်းဝင် ပထမအကြိမ် အဆင့်မြင့်ခေါင်းဆောင်များ အစည်းအဝေးနှင့် လက်နက်ဖျက်သိမ်းရေးညီလာခံတို့သို့ တက်ရောက်၍ မိန့်ခွန်းပြောကြားရန် နေပြည်တော်မှ ဇွန် ၁၇ ရက်တွင် ထွက်ခွာခဲ့ရာ ဂျီနီဗာမြို့သို့ ဇွန် ၁၉ ရက်တွင် ရောက်ရှိသည်။

စာမျက်နှာ ၁၄ ကော်လံ ၁ ✻

မိန့်ခွန်းပြောကြား

ဇွန် ၂၀ ရက်က လူ့အခွင့်အရေးကောင်စီ၏ ပထမအကြိမ် အဆင့်မြင့် ခေါင်းဆောင်များ အစည်းအဝေးတွင် နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)

၂၀၀၆ ကမ္ဘာ့ဖလားရှုံးထွက်ပွဲစဉ်နှင့် သူတို့အမြင်

၂၀၀၆ ကမ္ဘာ့ဖလားရှုံးထွက်ပွဲစဉ်များကို ကစားလျက်ရှိရာ ဇွန် ၂၇ ရက် **(ယနေ့)** ကစားမည့် ဘရာဇီးနှင့် ဂါနာ၊ စပိန် နှင့်ပြင်သစ်အသင်းတို့၏ ပွဲများနှင့်ပတ်သက်သည့် အမြင်များကို ဆက်သွယ်မေးမြန်းဖော်ပြလိုက်ပါသည်။

စိန်မျိုးမြင့် (ဓာတ်ပုံပညာရှင်နှင့်အားကစားကလောင်ရှင်)

– ဘရာဇီးနဲ့ဂါနာပွဲမှာ ဘရာဇီးကို ကြိုက်တယ်။ ဘရာဇီးကစားတာ တည်ငြိမ်တယ်၊ အဆုံးသတ်ကောင်းတယ်။ ဂါနာတို့က ကစားအားကောင်းပေမယ့် အဆုံးသတ်မကောင်းဘူး။ ဂိုးမပြတ်ပေမယ့် ဘရာဇီးနိုင်မယ်။
– စပိန်နဲ့ပြင်သစ်ပွဲကတော့ စပိန်အလေးသာမယ်ထင်တယ်။ စပိန်ကစားတာကို သဘောကျတယ်။ အသင်းစည်းလုံး ညီညွတ်မှုလဲရှိတယ်။ ပြင်သစ်အသင်းမှာ စုစည်းမှုအားနည်းနေတယ်။ ပြင်သစ်အသင်း သမ္မာရှိပေမယ့် ကစားအားကောင်းတဲ့စပိန်ကို အနိုင်ရဖို့ မလွယ်ဘူးထင်တယ်။

ဦးဘရီ (မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဒိုင်လူကြီး)

– ဘရာဇီးနဲ့ဂါနာပွဲမှာ ဘရာဇီးက သမ္မာနဲ့ဝါမှာ အများကြီးသာပါတယ်။ တစ်ဦးချင်းရော အသင်းလိုက်ပါ ညီညွတ်မှုတတယ်။ ဂါနာကစားပုံကောင်းပေမယ့် ရင့်ကျက်မှုမရှိသေးဘူး။ ဘရာဇီးကို ပိုကြိုက်တယ်။ ဘရာဇီး အနိုင်ရမယ်လို့ထင်တယ်။
– စပိန်နဲ့ပြင်သစ်ပွဲကတော့ ပြင်သစ်ကို ကြိုက်တယ်။ ပြင်သစ်က ကစားပုံလေးလေးနဲ့မှန်မှန် တစ်ပွဲထက်တစ်ပွဲ ပိုကောင်းလာပါတယ်။ ဘောလုံးသမားကောင်းတွေလဲရှိတော့ ပြင်သစ်အလေးသာမယ်ထင်တယ်။ စပိန်ကစားပုံမြန်ပေမယ့် ပြင်သစ်အနိုင်ရမယ်လို့ထင်တယ်။

စာမျက်နှာ ၇ ကော်လံ ၃ ●

၂၀၀၆ ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်နှင့်ပုလဲအထူးရောင်းချပွဲ ကျောက်စိမ်းအတွဲပေါင်း ၁၂၄၇တွဲကို တင်ဒါစနစ်ဖြင့်ရောင်းချရ

ရန်ကုန် ဇွန် ၂၆

၂၀၀၆ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်နှင့်ပုလဲအထူးရောင်းချပွဲ အစီအစဉ်အရ ယနေ့ နံနက် ၉နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာဝင်းအတွင်းရှိ ခန်းမဆောင်၌ ပြည်တွင်းပြည်ပ ရတနာကုန်သည်များအား ကျောက်စိမ်းအတွဲများကို တင်ဒါစနစ်ဖြင့် ရောင်းချရာ ညနေ ၄ နာရီအထိ ကျောက်စိမ်းအတွဲပေါင်း ၄၆၅ တွဲကို ရောင်းချရသည်။

ရောင်းချခဲ့

ကျောက်စိမ်းအတွဲများကို ဇွန် ၂၄ ရက်မှ ယနေ့အထိ တင်ဒါစနစ်ဖြင့် ရောင်းချခဲ့ရာ သုံးရက်အတွင်း ကျောက်စိမ်းအတွဲပေါင်း ၁၂၄၇တွဲကို ရောင်းချခဲ့ရသည်။

စာမျက်နှာ ၇ ကော်လံ ၁ ✡